# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၇ ရက်၊ အင်္ဂါနေ့။ Tuesday 19 June 2018 ၉၃၂၂


## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပ

## သက်ငယ်မုဒိမ်းမှုကျူးလွန်သူများအား ထိရောက်စွာဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းပေးရေးအဆို မှတ်တမ်းတင်

**နေပြည်တော် ဇွန် ၁၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာ ၁ ခု ဖတ်ကြားတင်ပြခြင်းနှင့် အဆို ၁ ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

### ကြယ်ပွင့်ပြမေးခွန်းများ ရှင်းလင်းဖြေကြား

ယနေ့ အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရှင်းလင်းဖြေကြားခဲ့သည်။

မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး၏ **မန်တုံမြို့နယ် မန်စပ်ကျေးရွာ အလယ်တန်းကျောင်း ဆရာ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ငွေလုံးငွေရင်းတည်ဆောက်ရေး လျာထားချက်များဆောင်ရွက်ရာတွင် အသစ်တည်ဆောက်ရန် လိုအပ်သော ကျောင်းများ၊ အန္တရာယ်ရှိကျောင်းဆောင်များ၊ ကျောင်းသားဦးရေအရ တိုးချဲ့ရန်လိုအပ်သော ကျောင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မန်တုံမြို့နယ်အတွက် ၂၀၁၈ ဘဏ္ဍာနှစ်

**စာမျက်နှာ ၅ ကော်လံ ၁ သို့**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပ

## တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းအား ဆွေးနွေး



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပစဉ်။

**နေပြည်တော် ဇွန် ၁၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း ၁ ခု ဆွေးနွေးခြင်းနှင့် အစီရင်ခံစာ ၃ ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၏ **မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာအုပ်စုနေ ယခင်စစ်တောင်းစက္ကူစက် ဝန်ထမ်းဟောင်းများဖြစ်သည့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီက ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ၃ လစာပေး၍ အလုပ်မှ အနားယူစေခြင်းခံရသည့် ဝန်ထမ်း ၄၇၆ ဦးနှင့် ပတ်သက်၍ အလုပ်အကိုင်ရရှိရေး မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ရွှေသံလွင်ဟိုင်းဝေး ကုမ္ပဏီလီမိတက်မှ စက္ကူစက်ရုံ(စစ်တောင်း)ရှိ

**စာမျက်နှာ ၄ ကော်လံ ၁ သို့**


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## ငြိမ်းချမ်းဖွံ့ဖြိုးရေး အမျိုးသားများပိုမိုပါဝင်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဇွန် ၁၄ ရက်က ကျင်းပခဲ့သော ငြိမ်းချမ်းရေးစကားဝိုင်းတွင် **"ငြိမ်းချမ်းရေးအကြောင်းပြောရရင် နိုင်ငံတစ်နိုင်ငံရဲ့ ငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲဖို့ဆိုတာဟာ ဖွံ့ဖြိုးရေးလည်း ရှိရမှာဖြစ်တယ်၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှ၊ ပြည်သူလူထုလုံခြုံမှုရှိမှ ငြိမ်းချမ်းရေးရှိတာ။ လုံခြုံမှုဆိုတာ နှစ်မျိုးရှိတယ်၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှု၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုဖြစ်တယ်။ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုမှာ အပစ်အခတ်ရပ်စဲရေး တစ်ခုတည်းနဲ့လည်း မပြီးဘူး၊ ဖွံ့ဖြိုးတိုးတက်ရေးလည်း လိုတယ်။ ဖွံ့ဖြိုးတိုးတက်ရေးရှိမှ ကိုယ့်ရဲ့ စားဝတ်နေရေး၊ နိစ္စဓူဝ ရှင်သန်ရေးအတွက် စိတ်မပူရမှာ။ အဲဒီလုံခြုံရေး ရှိဖို့ဆိုတာ ဒါဟာ ပညာရေးနဲ့လည်း အများကြီးဆိုင်တယ်၊ တည်ငြိမ်ရေးနဲ့လည်း ဆိုင်တယ်၊ အမျိုးသားတွေ ပိုပြီးတော့ ပညာရေးကဏ္ဍမှာ ပါဝင်ဖို့လိုတယ်လို့ ကျွန်မ ဒီအတိုင်းပဲ မြင်ပါတယ်"**ဟု ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားထားသည်မှာ မှတ်သားဖွယ်ဖြစ်သည်။ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လူငယ်လူရွယ်များ ထဲထဲဝင်ဝင် လေးလေးနက်နက် သိရှိသင့်သည်။ မငြိမ်းချမ်းသည့် အကြောင်းအရင်းများကို လူငယ် လူရွယ်များအနေဖြင့် သေသေချာချာ ဂဃနဏသိရှိထားမှသာ မှန်ကန်သည့်ရပ်တည်မှုများဖြင့် ပါဝင်နိုင်မည်ဖြစ်သည်။ ဤတွင် အသိအမြင် ဗဟုသုတပညာရှိဖို့ လိုအပ်သည်။ ပညာရေးတွင် သမိုင်းအမှန်ကို လေ့လာသင်ယူနိုင်စွမ်းရှိဖို့ လိုအပ်သည်။ သမိုင်းအမှန်ကို သင်ယူလေ့လာနိုင်မှသာလျှင် မငြိမ်းချမ်းခြင်း၏ အကြောင်းအရင်း၊ အကျိုးဆက်များကို သိရှိနိုင်မည်ဖြစ်သည်။ အပြန်အလှန်နားလည်မှုများ တည်ဆောက်သောအခါ ပို၍လျင်မြန်မည်ဖြစ်သည်။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖွံ့ဖြိုးရေး၊ ပညာရေးနှင့် အမျိုးသားများကဏ္ဍကို မီးမောင်းထိုးပြထားသည်။ လူငယ် လူရွယ်များအား အသိပညာဗဟုသုတများ မျှဝေပေးရာတွင် ပညာသင်ကြားပေးနေသော ဆရာ ဆရာမများ၏ကဏ္ဍမှာ အဓိကပါဝင်လာသည်။ ပညာသင်ကြားပေးနေသော ဆရာ ဆရာမ ရာခိုင်နှုန်းကို ကြည့်မည်ဆိုလျှင် ဆရာမမှာ ၉၇ ရာခိုင်နှုန်းရှိပြီး ဆရာမှာ သုံးရာခိုင်နှုန်းသာ ရှိသည်။ ရန်ကုန်တက္ကသိုလ် ပညာသင်ယူမှုတွင် အမျိုးသမီး ၆၀ ရာခိုင်နှုန်း၊ အမျိုးသား ၄၀ ရာခိုင်နှုန်းရှိပြီး စာမေးပွဲအောင်မြင်မှုအပိုင်းတွင်လည်း အမျိုးသမီးများက သာလွန်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် အမျိုးသားများ၏ကဏ္ဍမှာ ပညာရေးနယ်ပယ်တွင် အားနည်းမှုရှိနေသည်ဟုဆိုရမည် ဖြစ်သည်။ ပညာရေးနယ်ပယ်မှ အဟောသိကံဖြစ်မှု၊ ဖိတ်စဉ်မှု၊ ဖည်ခွာမှု၊ တစ်ဝက်တစ်ပျက်ဖြစ်မှုတို့တွင် အမျိုးသားများဖြစ်ကြသည်ကို တွေ့ရသည်။ ပညာရေးအားနည်းမှုကြောင့်လည်းကောင်း၊ ဝင်ငွေရလိုမှုကြောင့် လည်းကောင်း၊ လေလွင့်မှုကြောင့်လည်းကောင်း အကြောင်းအမျိုးမျိုးတို့ကြောင့် အမျိုးသားများမှာ ပညာရေးဘက်တွင် လျော့နည်းလာခြင်း ဖြစ်နိုင်သည်။ ပညာဗဟုသုတဝေးကွာခြင်းသည် တည်ငြိမ်အေးချမ်းမှုအပေါ် သက်ရောက်မှုရှိနိုင်သည်။ အမျိုးသားထုအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်မှု၊ အထောက်အပံ့ဖြစ်စေမှုနှင့် နိုင်ငံတော်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတို့တွင် အင်အားလိုအပ်မှုများ၊ အားနည်းမှုများ ရှိလာနိုင်သည်။

သို့ဖြစ်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မွန်ပြည်နယ်တွင် ကျင်းပသည့် ဒေသခံပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်း၌ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ ပညာရေးနှင့် အမျိုးသားများပါဝင်နိုင်မှု အနေအထားများကို ရှင်းရှင်းလင်းလင်း ပြည့်ပြည့်စုံစုံ အသိပေးပြောကြားခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအတွင်းရှိ လူတန်းစားအလွှာအသီးသီးမှ အမျိုးသားထုအား ပိုင်းခြားဆန်းစစ်ပြီး လိုအပ်ချက်များကို သက်ဆိုင်ရာ နယ်ပယ်ကဏ္ဍအသီးသီးအလိုက် ဝိုင်းဝန်းဖြည့်ဆည်း ကူညီပံ့ပိုးပေးကြရမည်ဖြစ်သည်။ အမျိုးသားထုအနေဖြင့်လည်း နိုင်ငံတော်၏ ပံ့ပိုးကူညီမှုနှင့်အတူ တက်တက်ကြွကြွ လက်တွဲပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှု စီရင်ချက်ချ

**နေပြည်တော် ဇွန် ၁၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြသိမ်းနှင့် ဦးအောင်ဇော်သိန်းတို့ ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) တစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်)လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကယားပြည်နယ်ညွှန်ကြားရေးမှူးရုံး ရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**လွိုင်ကော် ဇွန် ၁၈**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ကယားပြည်နယ်ညွှန်ကြားရေးမှူးရုံး ရုံးအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ကယားပြည်နယ် လွိုင်ကော်မြို့ နောင်ယား (ခ) ရပ်ကွက် ဦးနီလမ်းရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။



ရှေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှမျိုးဆွေနှင့် ကရင်နီလူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး ဒုတိယ ဥက္ကဋ္ဌ ဦးထွန်းကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရုံးအဆောက်အအုံဆိုင်းဘုတ်ကို ကယားပြည်နယ်ရှိ တိုင်းရင်းသူ တိုင်းရင်းသားများက ဖွင့်လှစ်ပေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က မင်္ဂလာအမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြပြီး ရုံးအဆောက်အအုံကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ်ဒုတိယပိုင်းကို ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကား ပြောကြားခဲ့ကြသည်။ ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များနှင့် ရုံးအဆောက်အအုံသစ် ဆောက်လုပ်မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကယားပြည်နယ်အစိုးရအဖွဲ့က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ တစ်ခုလျှင် ကျပ် ငါးသိန်းဖြင့် ကော်မတီ ၁၀ ခုအတွက် မတည်ငွေကျပ်သိန်း ၅၀ ကို ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ချီးမြှင့်ခဲ့ကြသည်။

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများမှ တင်ပြရန်ရှိသည်များကို တင်ပြနိုင်ရေး ဖိတ်ခေါ်ခဲ့ရာ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ၏ တာဝန်ရှိသူတစ်ဦးက ယခုအစိုးရသစ်လက်ထက်တွင် ကယားပြည်နယ်အတွင်း နေထိုင်သည့် ကရင်တိုင်းရင်းသားများကို အသိအမှတ်ပြုမှုအား ကျေးဇူးတင်ရှိပါကြောင်း၊ ကရင်တိုင်းရင်းသားဘာသာ စာပေသင်ကြားမှုကို အားပေးမြှင့်တင်ပေးစေလိုပါကြောင်း တင်ပြသည်။

အဆိုပါ ရုံးအဆောက်အအုံသစ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၃၁၀ ဒသမ ၉ သန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ (၁၂)က တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၁၈**

ရန်ကုန်(ရွှေဈေး) ၉၃၃၀၀၀ - ၉၃၃၀၀၀ မန္တလေး(ရွှေဈေး) ၉၃၃၀၀၀ - ၉၃၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၀/၉၀၅ ကျပ်၊ | ၉၃၀/၉၄၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၀/၉၃၀ ကျပ်၊ | ၉၇၀/၉၈၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၅/၈၈၀ ကျပ်၊ | ၉၁၅/၉၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၅/၉၂၀ ကျပ်၊ | ၉၄၀/၉၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၄၅/၈၅၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၅/၈၆၃ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၈၀၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၉.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၇၃.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁.၀၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁.၅၉၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၉.၉၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉.၉၆၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၉.၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၃.၁၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၀.၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၅.၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅၁

# မြန်မာ-နယ်သာလန် စိုက်ပျိုးမွေးမြူရေးဆိုင်ရာထုတ်လုပ်မှုနှင့် နည်းပညာဖွံ့ဖြိုးရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်အဖွဲ့သည် ဇွန် ၁၁ ရက် နံနက် ၉ နာရီတွင် နယ်သာလန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်နှင့် အစားအစာ အရည်အသွေးမြှင့်တင်ရေးဝန်ကြီးဌာနဝန်ကြီး Mrs. Carola Schouten အား Blauwe Zaal အစည်းအဝေးခန်းမတွင် သွားရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့အကြား စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် နယ်သာလန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်နှင့် အစားအစာအရည်အသွေးမြှင့်တင်ရေးဝန်ကြီးဌာန ဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးစဉ်။

**ထုတ်လုပ်မှုလေ့လာ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Koppert Biological သီးနှံကာကွယ်ရေးစနစ် ဇီဝနည်းပညာဌာနသို့ လည်းကောင်း၊ စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်းစဉ်များနှင့် ထုတ်လုပ်မှုကွင်းဆက်၏ အရည်အသွေးစောင့်ကြည့်ရေးဌာန Naktuinbouw သို့ လည်းကောင်း၊ နို့စားနွားမွေးမြူရေးနှင့် အသားစားကြက်မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း လေ့လာခဲ့ကြပြီး မြန်မာနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့ထုတ်ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန် ပို့ကုန်/သွင်းကုန်များအား နိုင်ငံတကာစံချိန်စံညွှန်းမီတင်သွင်းခွင့်ပြုနိုင်ရေးအတွက် အခြေခံအဆောက်အအုံမြှင့်တင်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် MoU လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဇွန် ၁၂ ရက်တွင် နယ်သာလန်နိုင်ငံရှိ Grand Hotel Wientjes ၌ ကျင်းပရာ အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကားပြောကြားပြီး နယ်သာလန်နိုင်ငံ Agriterra မှ Managing Director Dr. Kees Blokland က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ထို့နောက် နယ်သာလန်နိုင်ငံ Agriterra စိုက်ပျိုးရေးသမဝါယမအသင်း Managing Director Dr. Kees Blokland နှင့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူတို့က မြန်မာနိုင်ငံ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် နှစ်ဖက်နားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၁၃ ရက်တွင် Plukon slaughterhouse အသားစားကြက်မွေးမြူရေးစခန်းသို့လည်းကောင်း၊ AERES poultry vocational school သို့လည်းကောင်း၊ Wholesale market သို့လည်းကောင်း လေ့လာကြသည်။

**လက်မှတ်ရေးထိုး**

မြန်မာနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့အကြား နည်းပညာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအစီအစဉ်အရ နယ်သာလန်နိုင်ငံ Wageningen University and Research နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဇွန် ၁၄ ရက်က နယ်သာလန်နိုင်ငံရှိ Wageningen University Research ၌ ကျင်းပရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်နှင့် နယ်သာလန်နိုင်ငံ Wageningen University and Research ဒုတိယပါမောက္ခချုပ် Prof. Dr. Ir. A.P.J. Mol, Rector Magnificus and Vice-President of the Executive Board တို့က လက်မှတ်ရေးထိုးကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ တက္ကသိုလ်အချင်းချင်းပူးပေါင်း၍ သုတေသနဆောင်ရွက်ခြင်း၊ ကာလတို/ကာလရှည်သင်တန်းများ၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲများ၊ သင်ရိုးညွှန်းတမ်းနှင့် သုတေသနဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ခြင်း၊ အစားအသောက်နှင့် အာဟာရဆိုင်ရာ နည်းပညာစုပေါင်း၍ စိုက်ပျိုးမွေးမြူရေးစနစ်ပြုလုပ်ခြင်း၊ စိုက်ပျိုးနည်းပညာပေးရေး၊ မွေးမြူရေးအစရှိသော ဘာသာရပ်ဖွံ့ဖြိုးရေးကိစ္စများ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ထိုင်းနိုင်ငံ၌ မော်တော်ယာဉ် တိမ်းမှောက်မှုတွင် သေဆုံးခဲ့သည့် အလုပ်သမားခြောက်ဦး၏ မိသားစုဝင်များအား အာမခံကြေးပေးအပ်

**နေပြည်တော် ဇွန် ၁၈**

ထိုင်းနိုင်ငံ ချာချင်ဆောင်မြို့ရှိ Sukhonavason Co.,Ltd. ၏ ကွန်ပျူတာပစ္စည်းစက်ရုံ၌ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီ Golden Royal Mandalay Co., Ltd. မှတစ်ဆင့် သွားရောက်ခဲ့သည့် အလုပ်သမားများအနက် မြန်မာအလုပ်သမား ၅၁ ဦး စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်သည် ဧပြီ ၉ ရက် ည ၁၀ နာရီခန့်တွင် မဲဆောက်မြို့အလွန် တောင်ပေါ်အဆင်းလမ်း၌ တိမ်းမှောက်ခဲ့မှုကြောင့် ယာဉ်တိမ်းမှောက်မှု၌ သေဆုံးခဲ့သည့် အမျိုးသမီး ခြောက်ဦးအတွက် ထိုင်းနိုင်ငံ ဥပဒေအရ ခံစားခွင့်ရှိသည့် နစ်နာကြေးများအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ အလုပ်သမားသံအရာရှိရုံးနှင့် သက်ဆိုင်ရာကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရရှိခဲ့၍ အာမခံကြေးပေးအပ်ပွဲ အခမ်းအနားကို နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ Golden Royal Mandalay Co., Ltd. မှ တာဝန်ရှိသူများနှင့် သေဆုံးသူ အလုပ်သမားများ၏ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံ ခရီးသွား ဥပဒေအရ တစ်ဦးလျှင် ထိုင်းဘတ် လေးသိန်း၊ ကားအာမခံမှ တစ်ဦးလျှင် ထိုင်းဘတ် သုံးသိန်း စုစုပေါင်း ထိုင်းဘတ် ခုနစ်သိန်းနှင့်ညီမျှသော ဥပဒေအရ အာမခံကြေးအဖြစ် တစ်ဦးလျှင် မြန်မာငွေကျပ် ၂၉၂၄၀၀၀၀ ကို သေဆုံးသူ မြန်မာအလုပ်သမား အမျိုးသမီးခြောက်ဦးအတွက် စုစုပေါင်းမြန်မာငွေကျပ် ၁၇၅၄၄၀၀၀၀ အား သေဆုံးသူများ၏ မိသားစုဝင်များထံသို့ ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများက ကျန်ရစ်သူမိသားစုဝင်များအား နှစ်သိမ့်အားပေးစကားပြောကြားသည်။

အဆိုပါ မော်တော်ယာဉ် တိမ်းမှောက်မှုတွင် သေဆုံးခဲ့သည့် အလုပ်သမားခြောက်ဦးနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အလုပ်သမား ၁၂ ဦးတို့အတွက် ကရုဏာကြေးအဖြစ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ငွေကျပ် ၅၁ သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ငွေကျပ် ၂၄ သိန်း၊ မြန်မာ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ငွေကျပ် ၄၉၀၅၀၀၀ နှင့် ထိုင်းဘတ် ၁၉၅၀၀ နှင့် Golden Royal Mandalay Co., Ltd. မှ ငွေကျပ် ၅၈ သိန်း အပါအဝင် စုစုပေါင်းငွေကျပ် ၁၈၂၀၅၀၀၀ နှင့် ထိုင်းဘတ် ၁၉၅၀၀ တို့အား သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများ၏ မိသားစုဝင်များထံသို့ မေ ၁၂ ရက်ကလည်း ရန်ကုန်မြို့၌ အခမ်းအနားဖြင့် ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**

# လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ မရမ်းကုန်းမြို့နယ်၌ ကျင်းပ

**ရန်ကုန် ဇွန် ၁၈**

"လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်" ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ Great Light ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မရမ်းကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင် မူးယစ်တပ်ဖွဲ့စု ၄၂ တပ်ဖွဲ့စုမှူး ရဲမှူးသင်းအောင်၊ မြို့နယ်ဥပဒေအရာရှိ ဦးမိုးဝေဖြိုး၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူး ဦးထင်ကျော်မိုး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်မိုးသူတို့က မူးယစ်ဆေးဝါး၏အန္တရာယ် ကြီးမားပုံ၊ မူးယစ်ဆေးဝါးများ လူငယ်ထုအတွင်းသို့ နည်းအမျိုးမျိုးဖြင့် စိမ့်ဝင်စီးဆင်း ပျံ့နှံ့နေပုံတို့အပြင် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးဆိုင်ရာပြစ်မှုနှင့် ပြစ်ဒဏ်များ၊ မူးယစ်ဆေးသုံးစွဲသူတို့၏ သွင်ပြင်လက္ခဏာများ အပါအဝင် လူမှုဘဝအခြေအနေ အခက်အခဲများနှင့် ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်များကို ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတရရှိစေရန် ဟောပြောဆွေးနွေးမှုများ ပြုလုပ်ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

ယနေ့ စကားဝိုင်းနှင့်ပတ်သက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် မူးယစ်တပ်ဖွဲ့စု ၄၂ တပ်ဖွဲ့စုမှူး ရဲမှူးသင်းအောင်က "မူးယစ်ဆေးဝါးအန္တရာယ်ဆိုတာကတော့ ကမ္ဘာ့နိုင်ငံတော်တော်များများမှာ ကြုံတွေ့ခံစားနေရတာပါ၊ အခုအချိန်ကာလမှာတော့ မူးယစ်ဆေးဝါးတွေဟာ အမျိုးအမည်မျိုးစုံနဲ့ မြောက်မြားစွာပေါ်နေပါတယ်၊ လူငယ်ထုအတွင်း ပျံ့နှံ့မှုနှုန်းတွေလည်း ပိုပြီးတော့ကျယ်ပြန့်လာတာကိုတွေ့ရပါတယ်။ ဒါတွေကို ထိန်းချုပ်ဖို့အတွက်၊ လူငယ်တွေကို မူးယစ်ဆေးဝါးအန္တရာယ်မကျရောက်ဖို့အတွက် မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး အခုလို ကျယ်ကျယ်ပြန့်ပြန့်အသိပေးဖို့ လိုပါတယ်၊ အသိပညာပေးမှုလုပ်ငန်းတွေက အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်" ဟုပြောသည်။

ဒီမိုကရေစီခေတ်တွင် အစိုးရနှင့်ပြည်သူအကြား ဆွေးနွေးတိုင်ပင်နိုင်ရန်၊ ပြည်သူတို့၏ ဘဝဖြတ်သန်းမှုအကြောင်းကိစ္စများ ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ လူထု၏စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သော အလေ့အထကောင်းများ လေ့ကျင့်ပေးရန် ရည်ရွယ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် Great Light ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းကာ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။




"ဒီပွဲကနေ မူးယစ်ဆေးဝါးရဲ့ဆိုးကျိုးတွေကိုသိခွင့်ရတဲ့အပြင် ကိုယ်ကိုယ်တိုင် ရှောင်ကြဉ်ပြီး နေထိုင်သွားမယ်၊ ကိုယ်နဲ့နီးစပ်တဲ့ သူငယ်ချင်းတွေကိုလည်း မသုံးစွဲမိအောင် နေထိုင်သွားဖို့ တိုက်တွန်းရမယ်ဆိုတဲ့ အသိတွေရရှိခဲ့တယ်၊ ဘယ်သူ့အတွက်မှ ကောင်းကျိုးမပေးတဲ့ မူးယစ်ဆေးဝါးကို အားလုံးရှောင်ကြဉ်သင့်တယ်ဆိုတဲ့ သင်ခန်းစာတွေလည်း ရရှိခဲ့ပါတယ်"ဟု အဆိုပါကျောင်းမှ ဒသမတန်းကျောင်းသား မောင်အောင်ပြည့်စုံကျော်က ပြောသည်။

ယနေ့ ကျင်းပသည့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ ၊ မြို့နယ်စာရေးဆရာအသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အလားတူ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင်လည်း ကျင်းပလျက်ရှိရာ လာရောက်လေ့လာဆွေးနွေးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

**❖ အမျိုးသားလွှတ်တော်မှ**

မြေ၊ စက်ရုံနှင့် အခြားအဆောက်အအုံများ၊ စက်ရုံပစ္စည်းများအား မွန်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရေးကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီ အစည်းအဝေးမှ သဘောတူခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါ ခွင့်ပြုချက်အရ စက်ရုံ၊ မြေ၊ အဆောက်အအုံနှင့် စက်ပစ္စည်းများအား လွှဲပြောင်းလက်ခံရန်နှင့် ကုမ္ပဏီဝန်ထမ်း ၄၇၆ ဦးအား နိုင်ငံတော်မှ တည်ဆဲဥပဒေအတိုင်း ကရုဏာကြေး၊ နစ်နာကြေးများ ပေးအပ်၍ ဝန်ထမ်းအဖြစ်မှ ရပ်ဆိုင်းရေးကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဖြေရှင်းနိုင်ရန် မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပဏာမလေ့လာစိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပဏာမလေ့လာစိစစ်ရေးကော်မတီနှင့် ကြီးကြပ်ရေးကော်မတီ သုံးရပ်၏ စာရင်းဇယားများ စစ်ဆေးထားရှိမှုနှင့် စက်မှုဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ရွှေသံလွင်ဟိုင်းဝေး ကုမ္ပဏီလီမိတက်မှ ကိုယ်စားလှယ်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးအစီရင်ခံချက်တို့အရ စက္ကူစက်ရုံ (စစ်တောင်း)၏ မြေ ၆၉၈ ဒသမ ၄၂ ဧကနှင့် ယင်းမြေပေါ်ရှိ စက်ရုံအဆောက်အအုံများ၊ စက်ပစ္စည်းများကို ၂၀၁၈ ခုနှစ် မေ ၂ ရက်တွင် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ မွန်ပြည်နယ်အစိုးရအဖွဲ့သို့ တရားဝင်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း။

ကရုဏာကြေး၊ နစ်နာကြေးပေးအပ်မှု ကြီးကြပ်ရေးကော်မတီအနေဖြင့် ရွှေသံလွင်ဟိုင်းဝေး ကုမ္ပဏီလီမိတက်ရှိ ဝန်ထမ်း ၄၇၆ ဦးအနက် သက်ပြည့်ပင်စင်ယူသူ တစ်ဦးနှင့် ကုမ္ပဏီဝန်ထမ်းအဖြစ် ခန့်အပ်သူ နှစ်ဦး စုစုပေါင်း သုံးဦးရှိပြီး ကျန်ဝန်ထမ်း ၄၇၃ ဦးအား အလုပ်ရပ်စဲခြင်းအတွက် နစ်နာကြေးများကို ယခင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၃ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)ဖြင့် သတ်မှတ်ထားသည့် နစ်နစ်ကြေး ငါးလစာထုတ်ပေးခဲ့ရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၁၈ ခုနှစ် ဧပြီလအထိ ကုမ္ပဏီဝန်ထမ်း ၁၇၄ ဦးတို့မှ ကျိုက်ထိုမြို့နယ် စက္ကူစက်ရုံ (စစ်တောင်း) ရုံးခန်းတွင် နစ်နာကြေးများ လာရောက်ထုတ်ယူခဲ့ပြီးဖြစ်ပါကြောင်း။

## အလုပ်ရပ်စဲနစ်နာကြေး ငါးလစာပေးပြီးသောကြောင့် အလုပ်အကိုင်ရရှိရေး သီးခြားစီစဉ်မှုမရှိ

စက္ကူစက်ရုံ (စစ်တောင်း)ရှိ ကုမ္ပဏီဝန်ထမ်းများအား တည်ဆဲအလုပ်သမား ဥပဒေများအရ အလုပ်ရပ်စဲနစ်နာကြေး ငါးလစာပေးပြီး ဖြစ်ပါသောကြောင့် အလုပ်အကိုင်ရရှိရေးနှင့်ပတ်သက်၍ လတ်တလော သီးခြားစီစဉ်ဆောင်ရွက်ထားမှု မရှိနိုင်သေးပါကြောင်း၊ အဆိုပါ စက်ရုံတွင် စက်မှုနယ်မြေအဖြစ် ထူထောင်ရန် စိတ်ဝင်စားသော ဟသ်ာဇကေရီ ကုမ္ပဏီ၊ ကိုရီးယားနိုင်ငံ Korea Industrial Complex Co., Ltd.၊ ဂျပန်နိုင်ငံ YAZAKI Co.,Ltd.၊ Nankai Electrical Power Co., Ltd. နှင့် သန်းထိုက်လူ ကုမ္ပဏီတို့က ကွင်းဆင်းလေ့လာခဲ့ကြပြီး မွန်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး၍ ဝန်ထမ်းများ၏ဘဝ အာမခံချက်ရရှိရေးအတွက် ရှေ့လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးညှိနှိုင်းနေဆဲ ဖြစ်ပါကြောင်းနှင့် မကြာမီ လူမှုဘဝ အဆင်ပြေနိုင်ရေးအတွက် လုပ်ငန်းများကို အမြန်ဆုံး စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးထွန်းထွန်းဦး၏ **မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေနှင့် ၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေတို့မှ ကင်းလွတ်နေသော ပြင်ပပုဂ္ဂလိက ပညာရေးကျောင်းများဖြစ်သည့် စာရင်းကိုင်သင်တန်းကျောင်း၊ ကွန်ပျူတာသင်တန်းကျောင်း၊ IT၊ Business၊ Leadership အစရှိသည့် သင်တန်းကျောင်းများကို စနစ်တကျ စိစစ်ကြပ်မတ်ရန်၊ သင်ကြားရေးဆိုင်ရာ စံချိန်စံညွှန်းများကို သတ်မှတ်ထိန်းသိမ်း ဆောင်ရွက်ပေးရန်နှင့် နိုင်ငံတော်အတွက် ထိုက်သင့်သည့် အခွန်အခများ ရရှိနိုင်စေရန် စီမံဆောင်ရွက်ထားခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးဥပဒေ (၂၀၁၄ ခုနှစ်)၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅ ခုနှစ်) နှင့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေများကို ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးဥပဒေနှင့် ပုဂ္ဂလိကကျောင်း ဥပဒေများကို ပြဋ္ဌာန်းနိုင်ရေးအတွက် လက်ရှိတွင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ ပြဋ္ဌာန်းပြီးပါက ပြင်ပပုဂ္ဂလိက ပညာရေးကျောင်း



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှဆန်း

များဖြစ်သည့် စာရင်းကိုင်သင်တန်းကျောင်း၊ ကွန်ပျူတာ သင်တန်းကျောင်း၊ IT၊ Business၊ Leadership အစရှိသည့် သင်တန်းကျောင်းများအနေဖြင့် နည်းပညာနှင့် သက်မွေးဆိုင်ရာ သင်တန်းများအဖြစ် မှတ်ပုံတင်မည်ဆိုပါက နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေး ဥပဒေအရလည်းကောင်း၊ ပုဂ္ဂလိကကျောင်းအဖြစ် မှတ်ပုံတင်မည်ဆိုပါကလည်း ပုဂ္ဂလိကကျောင်းဥပဒေအရ လည်းကောင်း မှတ်ပုံတင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေများအရ မှတ်ပုံတင်ခြင်းမှ ကင်းလွတ်မည့် ကျောင်းမရှိနိုင်ပါကြောင်းနှင့် လတ်တလောအခြေအနေတွင် အဆိုပါ သင်တန်းကျောင်းများအပေါ် ပညာရေး ဝန်ကြီးဌာနမှ စိစစ်ကြပ်မတ် စီမံဆောင်ရွက်ပေးရခြင်းများ မရှိပါကြောင်း။

## ပညာရေးဝန်ဆောင်မှုလုပ်ငန်းသည် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့်ဝန်ဆောင်မှုတွင် အကျုံးဝင်

နိုင်ငံတော်အတွက် ထိုက်သင့်သည့် အခွန်အခများ ရရှိနိုင်စေရန် စီမံဆောင်ရွက်ထားခြင်း ရှိ၊ မရှိ သိရှိလိုခြင်းနှင့်ပတ်သက်၍ ပြင်ပပုဂ္ဂလိက ပညာရေးကျောင်းများဖြစ်သည့် စာရင်းကိုင်ပညာသင်တန်းကျောင်း၊ ကွန်ပျူတာ သင်တန်းကျောင်းများ၏ ပညာရေးဝန်ဆောင်မှုလုပ်ငန်းသည် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ဃ)အရ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ဝန်ဆောင်မှု အမျိုး ၃၀ ၏ အမှတ်စဉ် (၅) တွင် အကျုံးဝင်ပါသဖြင့် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်ပါကြောင်း၊ ဝင်ငွေခွန်အနေဖြင့် တစ်ဦးချင်းပုဂ္ဂိုလ်များအတွက် ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ပါက ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)အရ သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ်တွင် သုည ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ ဝင်ငွေခွန် ကျသင့်မည်ဖြစ်ပါကြောင်း၊ ကုမ္ပဏီတည်ထောင်၍ လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ပါက စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်မည်ဖြစ်ပါကြောင်း။

အဆိုပါကျောင်းများ တည်ထောင်ခြင်းအတွက် အခွန်လွတ်ကင်းမှုမရှိစေရေး စည်ပင်သာယာရေးအဖွဲ့များနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့မှ စာရင်းများရယူ၍ အခွန်စည်းကြပ်မှု ဆောင်ရွက်ခြင်းနှင့် ကွင်းဆင်းစစ်ဆေး၍ အခွန်စည်းကြပ်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့တင်း၏ မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်) အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြ၍ ယင်းပြင်ဆင်ချက်ကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းက မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းနှစ်ရပ်လုံးတို့၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင် အစဉ်တစိုက် လုပ်ကိုင်ခဲ့သူဆိုသည့်နေရာတွင် လုပ်ကိုင်လျက်ရှိသူဟု ပြင်ဆင်လိုပါကြောင်း၊ ပြည်ထောင်စုအစိုးရ



အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဝင် ဦးအောင်ဝင်း

အဖွဲ့သည် ပုဒ်မ ၄ (က)(ခ) (ဂ) အရ ဖွဲ့စည်းထားသော ဦးဆောင်အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ထပ်မံထည့်သွင်းလိုပါကြောင်း၊ မူလဥပဒေတွင် ပြဋ္ဌာန်းခဲ့သည်မှာ ကျေးလက်နေတောင်သူလယ်သမားများ မိမိနှင့် သက်ဆိုင်သည့် ဥပဒေများ မည်သို့ပြဋ္ဌာန်းထားသည်ကို မသိရှိနိုင်ကြပါကြောင်း၊ တောင်သူလယ်သမားများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေသော သီးနှံစိုက်ပျိုးခြင်းနှင့် တိရစ္ဆာန်မွေးမြူခြင်းလုပ်ငန်းတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေများအတွင်း လွတ်လပ်စွာ ထုတ်လုပ်သိုလှောင်သယ်ယူရောင်းချရန်နှင့် ပြည်ပဈေးကွက်သို့ သက်ဆိုင်ရာဥပဒေများနှင့်အညီ ထုတ်လုပ်သိုလှောင် သယ်ယူရောင်းချနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်းဟူ၍ ပြင်ဆင်လိုပါကြောင်း။

တောင်သူလယ်သမားများ လိုအပ်သည့် သွင်းအားစုများ ရရှိစေရေးနှင့် မြေယာများနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ အကျိုးခံစားခွင့်ရရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်းဆိုသည့် စာသားကို တောင်သူလယ်သမားများ လိုအပ်သည့် သွင်းအားစုများ ဈေးနှုန်းမှန်ကန်စွာ ရရှိစေရေးနှင့် မြေယာနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ အကျိုးခံစားခွင့်ရရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်းဟူ၍ ပြင်ဆင်လိုပါကြောင်း၊ ပြည်သူ့လွှတ်တော်၏ ဥပဒေပြုပြဋ္ဌာန်းချက်တွင် အစိုးရ သတ်မှတ်ခွင့်ပြုသည့်ဘဏ် သို့မဟုတ် တောင်သူလယ်သမားများ အကျိုးစီးပွားအလို့ငှာ ချေးငွေလုပ်ငန်းဆောင်ရွက်ရန် အထူးကိစ္စရပ်အဖြစ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အစိုးရက သတ်မှတ်ခွင့်ပြုသည့် ကုမ္ပဏီအသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းမှ နှစ်စဉ် နှစ်တို၊ နှစ်ရှည် ချေးငွေများ ထုတ်ချေးခြင်း၊ ပြန်လည်ပေးဆပ်ခြင်းတို့ကို လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းဆိုသည့် အပိုဒ်တွင် နှစ်စဉ် နှစ်တို၊ နှစ်ရှည်ကြားတွင် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးခြင်း၊ ပြန်လည်ပေးဆပ်ခြင်းတို့ကို လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည်ဟု ပြင်ဆင်လိုပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်မျိုးက အဆိုပါဥပဒေကို ၂၀၁၃ ခုနှစ်က အတည်ပြု ပြဋ္ဌာန်းပြီးသည့်နောက်တွင် အသက်ဝင်မှု အင်မတန်အားနည်းသည့် ဥပဒေတစ်ရပ်ဟု ပြောဆိုရမည်ဖြစ်ပါကြောင်း၊ အားနည်းရသည့်အကြောင်းရင်းမှာ အခန်း(၃)တွင် ပါဝင်သည့် တောင်သူလယ်သမားအခွင့်အရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းဆိုသည့် ခေါင်းစဉ်အောက်တွင် လိုအပ်ချက်များ ရှိနေခြင်းကြောင့် ဖြစ်ပါကြောင်း၊ အဆိုပါ ဦးဆောင်အဖွဲ့သည် အစည်းအဝေးကို တစ်နှစ်လျှင် တစ်ကြိမ်သာ ကျင်းပသည်ဟု ကြားသိရပါကြောင်း၊ တစ်နှစ်လျှင် တစ်ကြိမ်သာ ကျင်းပသည့် ဦးဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု၊ ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များသည် မည်သည့်အရာများ ဖြစ်လာသနည်းဟု မေးခွန်းထုတ်စရာ ရှိပါကြောင်း၊ ထို့ကြောင့် ဦးဆောင်အဖွဲ့သည် ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဦးဆောင်အဖွဲ့၏ အစည်းအဝေးကို လေးလတစ်ကြိမ် ကျင်းပရမည်ဟု ပြင်ဆင်လိုပါကြောင်း။

## တောင်သူလယ်သမားနှင့် နီးနီးစပ်စပ်ရှိသည့် အဖွဲ့အစည်းများပေါ်ပေါက်လာအောင် အကြံပြုတင်ပြ

ထို့ပြင် မိမိတို့တွင် အလုပ်သမားဦးစီးဌာနဟူ၍ ရှိသော်လည်း တောင်သူလယ်သမားနှင့် ပတ်သက်၍ ဦးစီးဌာနဆိုသည်မှာ မရှိပါကြောင်း၊ မြေပြင်တွင် တောင်သူလယ်သမားများ ပြဿနာနှင့် အခက်အခဲများ ဖြစ်ပွားပါက တောင်သူလယ်သမားအရေးကို သီးသန့်ကိုင်တွယ်မည့် အဖွဲ့အစည်း မိမိတို့တွင် မရှိပါကြောင်း၊ ယခု ဦးဆောင်အဖွဲ့သည် တာဝန်တစ်ခုခု၊ လုပ်ငန်းတစ်ခုခုကို ဆုံးဖြတ်မည်ဆိုပါက တောင်သူလယ်သမားနှင့် အင်မတန်ဝေးကွာပါကြောင်း၊ ထိုသို့ တောင်သူလယ်သမားနှင့် ဝေးကွာသည့် အဖွဲ့အစည်းသည် မှန်ကန်သည့်ဆုံးဖြတ်ချက်များချရန်အတွက် လိုအပ်ချက်များ ရှိနေပါကြောင်း၊ ထို့ကြောင့် လိုအပ်သည့် လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များကို တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် အုပ်ချုပ်မှုအဖွဲ့အစည်းမှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ အခြားလုပ်ငန်းဆိုင်ရာ အတွေ့အကြုံရှိသူများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်ဟု တောင်သူလယ်သမားနှင့် နီးနီးစပ်စပ်ရှိသည့်အဖွဲ့အစည်းများ ပေါ်ပေါက်လာအောင် အကြံပြုတင်ပြလိုပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာ အားကာမိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုးဝင်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်အုန်းကြည်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ညာဏစိုးက **၂၀၁၇ ခုနှစ် မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဝင် ဦးအောင်ဝင်းက ကော်မတီ၏ **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ**ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာတွင် အစီရင်ခံစာ၏ ရည်ရွယ်ချက်အနေဖြင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေကြားချက်များအရ ကတိဖြစ်ပေါ်ခဲ့မှု အခြေအနေများကို အဌမပုံမှန်အစည်းအဝေးသို့ အစီရင်ခံစာတင်ပြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များပေးနိုင်ရန် ဖြစ်ပါကြောင်း။

## အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့်စပ်လျဉ်း၍ အဖွဲ့ခြောက်ဖွဲ့ခွဲ၍ စိစစ်ခဲ့

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှ အဆို တစ်ခု၊ ကြယ်ပွင့်ပြမေးခွန်း ၁၀၆ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၁၈၆ ခု စုစုပေါင်း ၂၉၃ ခု တင်သွင်းမေးမြန်းခဲ့ပါကြောင်း၊ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့်စပ်လျဉ်း၍ ကတိဖြစ်ပေါ်မှု စိစစ်နိုင်ရေးအတွက် ကော်မတီအဖွဲ့ဝင်များကို အဖွဲ့ခြောက်ဖွဲ့ခွဲ၍ ဝန်ကြီးဌာနများအလိုက် စိစစ်ဆောင်ရွက်ခဲ့ပါကြောင်း။

ကော်မတီ၏ စိစစ်ချက်အရ ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် ပတ်သက်၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးအတည်ပြုနိုင်ခဲ့ပါကြောင်း၊ အစည်းအဝေး အတည်ပြုချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကတိဖြစ်ပေါ်ခဲ့သည့် အဆိုတစ်ခုကို စိစစ်တွေ့ရှိရပါကြောင်း၊ အစည်းအဝေးအတည်ပြုချက်အရ ကြယ်ပွင့်ပြ မေးခွန်း ၁၀၆ ခုအနက် မေးခွန်း ၆၁ ခု ကတိဖြစ်ပေါ်ခဲ့ပြီး မေးခွန်း ၄၅ ခုမှာ ကတိမဖြစ်ပေါ်ခဲ့ပါကြောင်း၊ ကြယ်ပွင့်မပြမေးခွန်း ၁၈၄ ခုအနက် မေးခွန်း ၁၁၂ ခု ကတိဖြစ်ပေါ်ခဲ့ပြီး မေးခွန်း ၇၂ ခု ကတိမဖြစ်ခဲ့ပါကြောင်း။

စာမျက်နှာ ၅ သို့ »»

### ❂ ပြည်သူ့လွှတ်တော်မှ

ငွေလုံးငွေရင်းတည်ဆောက်ရေးမှ အခြေခံကျောင်းဆောင်များ တည်ဆောက်ရေးအတွက် လုပ်ငန်းခြောက်ခုကို မြို့နယ်ဦးစားပေးအလိုက် စီစဉ်လျာထားပါကြောင်း။

ရှမ်းပြည်နယ်မြောက်ပိုင်း မန်တုံမြို့နယ် မန်စပ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် ပေ ၁၄၀× ပေ ၂၀ သွပ်မိုး အုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင်၊ ပေ ၆၀×၃၀ သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင်၊ ပေ ၄၀× ပေ ၂၀ သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင် စုစုပေါင်း သုံးဆောင်ရှိပါကြောင်း၊ ကျောင်းသားဦးရေမှာ မူလတန်းအဆင့်တွင် ၂၁၃ ဦး၊ အလယ်တန်းအဆင့်တွင် ၁၁၆ ဦးရှိသောကြောင့် ရှိထားသည့် စာသင်ဆောင်များနှင့် လုံလောက်မှုရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကျောင်းအုပ် တစ်ဦး၊ အလယ်တန်းပြ ခြောက်ဦး၊ မူလတန်းပြ လေးဦး၊ ရုံးဝန်ထမ်း သုံးဦးရှိပါကြောင်း၊ ရပ်ဝေးမှ လာရောက်သင်ကြားသူ ၁၁ ဦးရှိပါကြောင်း၊ ခုနစ်ဦးသည် ဧရိယာပိုလျှံနေသည့် ကျောင်းဆောင်တွင် နေထိုင်ပြီး လေးဦးသည် ကျေးရွာ၏ နေအိမ်တွင် နေထိုင်သည်ကို တွေ့ရပါကြောင်း။

အိမ်ရာနှင့် သန့်စင်ခန်းများ မကောင်းသည်ကို တွေ့ရှိရသည့်အတွက် ပညာရေး ဝန်ကြီးဌာနအနေဖြင့် ဖြည့်ဆည်းပေးသင့်သည်မှာ မှန်သော်လည်း ခြောက်လဘတ်ဂျက်တွင် လုပ်ငန်း ခြောက်ခုသာပါပါကြောင်း၊ တစ်နှစ်ဘတ်ဂျက်တွင် ယင်းလုပ်ငန်း ခြောက်ခုကိုသာ ပြီးစီးအောင် လျာထားဆောင်ရွက်ရာတွင်လည်း ဘတ်ဂျက်ကို ကျော်လွန်သည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဘတ်ဂျက်တွင် ပါဝင်မည်မဟုတ်ပါကြောင်း၊ ဝန်ထမ်းများအတွက် အခက်အခဲဖြစ်နေသောကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြင်ဆင်ထိန်းသိမ်းစရိတ်ဖြင့် ပြင်ဆင်နိုင်မည်ကို ပြန်လည်စိစစ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းအတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ပခုက္ကူတက္ကသိုလ် ဥပဒေပညာဌာနတွင် နေ့သင်တန်းဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေး

ပခုက္ကူ မဲဆန္ဒနယ်မှ ဦးပိုက်ကို၏ **ပခုက္ကူတက္ကသိုလ်တွင် ဥပဒေပညာဌာန နေ့သင်တန်းဖွင့်လှစ်ရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်တစ်ခုတွင် ဘာသာရပ်ဆိုင်ရာ သင်တန်းတစ်ခုဖွင့်လှစ်နိုင်ရန်အတွက် စာသင်ခန်း၊ ဆရာ ဆရာမ၊ သင်ထောက်ကူပစ္စည်းအခြေအနေ၊ သင်ကြားမည့် Curriculum နှင့် Syllabus များ၊ ပညာရေးအဖွဲ့အစည်းအဝေး၏ သဘောထားမှတ်ချက်၊ ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်တို့တွင် ဘာသာရပ်ဆိုင်ရာ သင်ကြားရေးအဖွဲ့အစည်းအဝေးနှင့် အမျိုးသားမူဝါဒကော်မရှင်၏ သဘောထားမှတ်ချက်စသည့် အချက်များပြည့်စုံမှသာ ဆောင်ရွက်ပေးပါကြောင်း။

ပခုက္ကူတက္ကသိုလ်တွင် ဥပဒေဘာသာရပ် နေ့သင်တန်းဖွင့်လှစ်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဆရာ ဆရာမ အင်အားလိုအပ်ချက်အရ အရည်အသွေးပြည့်သောဘွဲ့ရ လူငယ်မောင်မယ်များ ပြုစုပျိုးထောင်သင်ကြားလေ့ကျင့်ပေးနိုင်ရန် ခက်ခဲနိုင်သည့်အတွက် မဖွင့်လှစ်နိုင်သေးသည်ကို ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်ကျောင်းများတွင် ဦးစီးကျင်းပသည့် တစ်နိုင်ငံလုံးမှ ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများပါဝင်သည့် ဥပဒေဘာသာရပ်ဆိုင်ရာသင်ကြားရေးအဖွဲ့ အစည်းအဝေးမှ ချမှတ်ထားသည်ကို တွေ့ရှိရပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်တိုင်းတွင် ဥပဒေ ပညာဌာနဖွင့်လှစ်နိုင်ရေးအတွက် ဆရာ ဆရာမ အင်အားနည်းပါးသောကြောင့် ပခုက္ကူတက္ကသိုလ်တွင် ဥပဒေပညာဘာသာရပ် သင်တန်းဖွင့်လှစ်ပေးရန် ဆရာ ဆရာမ အင်အားလိုအပ်ချက်ပြည့်မီသည့်အချိန်ရောက်မှသာ ဘာသာရပ်ဆိုင်ရာ သင်ကြားရေးအဖွဲ့ အစည်းအဝေး၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ သဘောထားမှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လောလောဆယ်အခြေအနေတွင် ဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်၏ **အလုံမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းအချို့တွင် ကျောင်းသားဦးရေ မပြည့်မီသော ကျောင်းများ စုပေါင်းပြီး တစုတစည်းတည်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အလုံမြို့နယ်အတွင်းတွင် အခြေခံပညာအထက်တန်းကျောင်း ခုနစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ခြောက်ကျောင်းရှိပါကြောင်း၊ အမှတ်(၁) အခြေခံပညာအထက်ကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၂၃ ဦး၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူစုစုပေါင်း ၄၅ ဦး၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆၅ ဦး၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူစုစုပေါင်း ၂၇၇၆ ဦး၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၂ ဦး၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၄၂ ဦး၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၈၃ ဦးတို့ ရှိပါကြောင်း။



ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်



ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ

ကျောင်းသား ကျောင်းသူဦးရေနည်းသည့် အထက်တန်းကျောင်းများ ရုပ်သိမ်းပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် လိုအပ်သည့် ကျောင်းများ၏ နေရာ၌ ယင်းကျောင်းများကို ပြန်လည်အသုံးပြုရန်အတွက် စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ကျောင်းများကို ရုပ်သိမ်းပြီး တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများကို အနီးဆုံး အခြေခံပညာကျောင်းများတွင် တက်ရောက်စေရန်အတွက် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများနှင့် သင်ကြားရေးမဟုတ်သည့် ဝန်ထမ်းများကိုလည်း ဖွဲ့စည်းပုံအရ အလုံမြို့နယ်နှင့် ယင်းမြို့နယ်အနီးရှိ လစ်လပ်သည့် နေရာများတွင် ဦးစားပေးအဖြစ် တာဝန်ချထားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင်နှင့် မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဗိုလ်မှူးချုပ် ကျော်ဆန်းလင်းက ဖတ်ကြားရှင်းလင်းသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးသည်။

## သက်ငယ်မုဒိမ်းမှု ကျူးလွန်သူများအား သေဒဏ်ချမှတ်သည်အထိ တိတိကျကျရေးဆွဲပြဋ္ဌာန်းပေးရန် ဆွေးနွေး

ယင်းနောက် ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ တင်သွင်းသည့် **တစ်နေ့တခြားများပြားလာပြီး ထိတ်လန့်ဖွယ်ရာအဆင့်သို့ ရောက်ရှိနေသော သက်ငယ်မုဒိမ်းမှု ကျူးလွန်သူများအား ထိရောက်စွာ ဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ် အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ်သည်အထိ တိတိကျကျရေးဆွဲပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဗိုလ်တထောင် မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ) ဒေါ်မေစိုးက မိမိတို့မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့် အားလျော်စွာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့သည် ကုလသမဂ္ဂအဖွဲ့နှင့်ပူးပေါင်း၍ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ကမ္ဘာတစ်ဝန်းလုံးက ပိုမိုမြင့်တင်လေးစားလိုက်နာကျင့်သုံးစေရန်အတွက် ဆောင်ရွက်မည်ဟု ကတိပြုပြီးဖြစ်ပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် သေဒဏ်ဖျက်သိမ်းရေးဆိုင်ရာတွင် တိကျသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး သေဒဏ်ပေးခြင်းဌာထိုက်သော ရာဇဝတ်မှုသည်မရှိဟူ၍ ခြွင်းချက်မရှိ လက်ခံကျင့်သုံးလျက်ရှိပါကြောင်း၊ သေဒဏ်ပေးခြင်းနည်းလမ်းကို သုံးခြင်းဖြင့် ရာဇဝတ်မှုကျူးလွန်သူများ လျော့နည်းရပ်တန့်သွားသည်ဆိုသည့် သက်သေတွေ့ရှိချက်လည်း မရှိခဲ့ပါကြောင်း၊ ကြီးမားသော အားနည်းချက်သည် ပြစ်မှုကျူးလွန်သည့်သူကို ပြုပြင်ရန်အခွင့်အရေး လုံးဝမရတော့ခြင်းကြောင့် ဖြစ်ပါကြောင်း၊ တစ်သက်တစ်ကျွန်း လွတ်ငြိမ်းချမ်းသာခွင့်မပေးသော နိုင်ငံနှင့် သေဒဏ်ပေးသောနိုင်ငံများ နှိုင်းယှဉ်ပါက အမှန်တကယ် သုတေသနတွေ့ရှိချက်များအရ သေဒဏ်ကျင့်သုံးသော နိုင်ငံများတွင် ရာဇဝတ်မှုပိုများသည်ကို တွေ့ရှိရပါကြောင်း။

သေဒဏ်ပေးခြင်းနည်းလမ်းကိုအသုံးပြုပြီး ရာဇဝတ်မှုကျူးလွန်သူများကို မရပ်တန့်နိုင်ပါကြောင်း၊ သေဒဏ်သည် ရာဇဝတ်မှုလျော့နည်းစေရေး၏ အဓိက အဖြေမဟုတ်ပါကြောင်း၊ သေဒဏ်ပေးခြင်းဖြင့် ရာဇဝတ်မှုကျူးလွန်မှုများ လျော့နည်းရပ်တန့်သွားမည်ဆိုသည်မှာ မည်သည့်နိုင်ငံမှ မရှိပါကြောင်း၊ မြန်မာနိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို တည်ဆောက်ဆဲကာလ သက်တမ်းနုနိုင်ငံများတွင် ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအဆောက်အအုံနှင့် တရားရေးစနစ် ခိုင်မာအားကောင်းစေရန် ကြိုးစားရသည့် နိုင်ငံများတွင် သေဒဏ်ချမှတ်ခြင်းဆိုသည့် လူ့အခွင့်အရေးကို လေးစားလိုက်နာမှုမရှိသည့် ပြစ်ဒဏ်ကို ပြဋ္ဌာန်းရန် အဆိုပြုခြင်းသည် မိမိတို့လျှောက်လှမ်းနေသည့် ဒီမိုကရေစီစံနှုန်းနှင့် ယနေ့ကမ္ဘာတွင် သေဒဏ်ချမှတ်ကျင့်သုံးနေဆဲဖြစ်သည့် နိုင်ငံများကိုကြည့်လျှင် အစွန်းရောက်လူ့အခွင့်အရေးချိုးဖောက်ပြီး မငြိမ်းချမ်းသည့် နိုင်ငံများ အများစုဖြစ်သည်ကို တွေ့ရပါကြောင်း ဆွေးနွေးသည်။

အလားတူ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ကော့မှူး မဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်းနှင့် ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညိုတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းကြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က မိမိတို့လူမှုအဖွဲ့အစည်းသည် မည်သည့်အကြောင်းပြချက်နှင့်မျှ လက်ခံနိုင်ဖွယ်မရှိသည့် သက်ငယ်မုဒိမ်းဖြစ်ရပ်များကို လျော့နည်းပပျောက်စေရန် ဆောင်ရွက်ရာတွင် သေဒဏ်ကဲ့သို့သောအသက်ကို ထုတ်နုတ်စေရုံဖြင့် ဖြစ်ရပ်များပပျောက်သွားပြီဟု ခိုင်ခိုင်မာမာပြောဆိုရန် ခက်ခဲမည်ဆိုသည့် အကြောင်းကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့လူ့အဖွဲ့အစည်းသည် တစ်ဦးနှင့်တစ်ဦး လူ့ကျင့်ဝတ်နှင့်အညီ အပြန်အလှန် ပြုမူဆက်ဆံနိုင်ရေးအတွက် အခြားသောနည်းလမ်းများဖြစ်သည့် လူမှုရေးအားဖြင့် ကြိုတင်ထိန်းချုပ်ခြင်းနှင့် ထိုကဲ့သို့ဖြစ်ရပ်အခြေအနေများအား ကြိုတင်လျှော့ချခြင်းတို့ဖြင့် မျှတစွာဆောင်ရွက်ပေးနိုင်မှသာ ထိုကဲ့သို့ဖြစ်ရပ်များ လျော့နည်းသွားမည်ဖြစ်ပါကြောင်း။

သေဒဏ်ပြဋ္ဌာန်းခြင်းနှင့်စပ်လျဉ်း၍ ကမ္ဘာပေါ်တွင် သေဒဏ်ချမှတ်ခြင်းကို ဖျက်သိမ်းထားသည့် နိုင်ငံများ၊ သမားရိုးကျပြစ်မှုများကို သေဒဏ်ချမှတ်ထားသည့် နိုင်ငံများ၊ သေဒဏ်ကို ပြဋ္ဌာန်းထားသော်လည်း လက်တွေ့ကျင့်သုံးခြင်းမရှိသည့် နိုင်ငံများ၊ သေဒဏ်ချမှတ်ခွင့်ကို ဆက်လက်ကျင့်သုံးလျက်ရှိသည်ဆိုသည့် နိုင်ငံများဟူ၍ လေးမျိုးရှိရာတွင် မြန်မာနိုင်ငံသည် သေဒဏ်ကို ပြဋ္ဌာန်းထားသော်လည်း လက်တွေ့ကျင့်သုံးခြင်းမရှိသည့်နိုင်ငံဖြစ်ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် သက်ငယ်မုဒိမ်းမှုများနှင့် စပ်လျဉ်း၍ သေဒဏ်ပါရှိသော အထူးဥပဒေကို ပြဋ္ဌာန်းရန်သင့်၊ မသင့်ကို ကျယ်ပြန့်စွာ စဉ်းစားသင့်သည်ဟု သဘောရရှိကြောင်း မိမိဌာနသို့ ပေးပို့လာပါကြောင်း။

## ပြည်သူများ၏စုပေါင်းအင်အားကို ရယူဆောင်ရွက်နေပြီဖြစ်သဖြင့် အဆိုအား မှတ်တမ်းအဖြစ်သာထား

သက်ငယ်မုဒိမ်းမှု အဆိုနှင့်ပတ်သက်၍ အဆိုတင်သွင်းမှု ယခုအချိန်သည် အချိန်ကိုက်ဖြစ်နေပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ တိုက်တွန်းချက်သည် နိုင်ငံတော်အစိုးရ၏ လက်ရှိဆောင်ရွက်မှုများနှင့်လည်း ကိုက်ညီနေပါကြောင်း၊ အထူးဥပဒေတစ်ရပ်အဖြစ် ရေးဆွဲထားသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ဆွေးနွေးနေပြီဖြစ်၍ လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီ ဖြစ်ပါကြောင်း၊ သက်ငယ်မုဒိမ်းမှုနှင့် စပ်လျဉ်း၍ ပြစ်မှု၊ ပြစ်ဒဏ်များကို ထိထိရောက်ရောက် တိတိကျကျ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး၊ ဘက်ပေါင်းစုံမှ ကျယ်ကျယ်ပြန့်ပြန့်ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေကိုလည်း အမြန်ဆုံးအဆင့်ဆင့် တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ဥပဒေကြမ်း နှစ်ခုမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုပြုထားသော အထူးဥပဒေများဖြစ်ပြီး အဆိုပါဥပဒေကြမ်း နှစ်ခုကို အရှိန်အဟုန်မြှင့် အတည်ပြုနိုင်ရန် ဆောင်ရွက်နေသကဲ့သို့ ကလေးသူငယ်များ၏ အခွင့်အရေးဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်တို့နှင့်အညီ အသိပညာပေးခြင်း၊ အရေးယူခြင်းအပိုင်းတို့ကို ထိထိရောက်ရောက် ဆောင်ရွက်ပေးခြင်းများကို မိမိတို့တာဝန်ရှိသူများအားလုံးက ပြည်သူများ၏ စုပေါင်းအင်အားကိုရယူပြီး ဆောင်ရွက်နေပြီဖြစ်သဖြင့် အဆိုအား မှတ်တမ်းအဖြစ်သာ ထားသင့်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်တို့က အဆိုနှင့်စပ်လျဉ်း၍ ဆက်လက်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးရန် တင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ဆန္ဒမဲရယူရာ ထောက်ခံမဲ ၁၄၁ မဲ၊ ကန့်ကွက်မဲ ၂၂၇ မဲ၊ ကြားနေမဲ လေးမဲဖြင့် ကန့်ကွက်မဲများသဖြင့် အဆိုအား မှတ်တမ်းအဖြစ် ထားရှိမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဇွန် ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

---

»» စာမျက်နှာ ၄ မှ

ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ အဋ္ဌမပုံမှန် အစည်းအဝေးအတွင်း ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးခဲ့ရာ ခြောက်ကြိမ်တိုင်ရှိခဲ့ပြီးဖြစ်ပါကြောင်း၊ နောက်နောင်များတွင်လည်း အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးသင့်သည့် ကိစ္စရပ်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုကိုခံယူ၍ ထပ်မံကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ပြီး ကွင်းဆင်းစိစစ်ရာတွင်လည်း မေးခွန်းရှင် ကိုယ်စားလှယ်များက ယခုထက်ပိုမို၍ ကော်မတီနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ကော်မတီကလည်း ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်း၊ အဆိုများနှင့် စပ်လျဉ်း၍ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားနိုင်ရန်အတွက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက်ပေးပို့လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ဇွန် ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်(သတင်းစဉ်)**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၆-၂၀၁၈ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၅၊ ကော်လံ ၃ နှင့် ၄ ပါ **မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး ဦးကျော်ဇေယျ** (အစား) **ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်ဇေယျ** ဟုပြင်ဆင်ဖတ်ရှုပါရန်။ **သတင်းစဉ်**

# ချစ်ကြည်ရင်းနှီးမှုရောင်စုံဆေးစက်များဆီသို့

## ■ ပန်းချီအမ်ထွန်းအောင်(NUAC)

ထိုင်း-မြန်မာသံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ်အဖြစ်ပြုလုပ်မည့် အစီအစဉ်များအကြောင်း သတင်းစာရှင်းလင်းပွဲ ကျင်းပမည်ဖြစ်ကြောင်း ဖိတ်ကြားလာသဖြင့် ၅-၆-၂၀၁၈ နေ့က တက်ရောက်ဖြစ်ခဲ့သည်။ စာရေးသူလည်း ပြပွဲတွင်ပါဝင်သဖြင့် သံအမတ်ကြီးကိုယ်တိုင် လက်မှတ်ထိုးထားသော ဖိတ်ကြားစာကို သံရုံးဝန်ထမ်းက ဆီးကြိုကမ်းပေးလာသည်။ သတင်းစာရှင်းလင်းပွဲတွင် ထိုင်း-မြန်မာ ပန်းချီပြပွဲ၊ ထိုင်းရုပ်ရှင်ပွဲတော်၊ ထိုင်းမျက်နှာဖုံးစွပ်အကအစီအစဉ်များ၊ ထိုင်းအစားအသောက်ပွဲတော်စသည့် အစီအစဉ်လေးခုကို အသေးစိတ်ရှင်းပြသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံဘဏ္ဍာဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ တာဝန်ခံနှင့် အနုပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်တို့ကလည်း အစီအစဉ်များအကြောင်း ရှင်းပြကြသည်။

အစီအစဉ်ဒုတိယပိုင်းတွင် ထိုင်းသံအမတ်ကြီး၊ ထိုင်းအနုပညာအဖွဲ့ခေါင်းဆောင် ဒေါက်တာကမော၊ မြန်မာပညာရှင်များကိုယ်စား အလင်္ကာကျော်စွာပန်းချီစိုးမိုး၊ ထိုင်းနာမည်ကျော်စားဖိုမှူးတို့က အသေးစိတ်ရှင်းပြကြသည်။ ထိုင်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ကမောက ထိုင်းအနုပညာရှင်များနှင့်မိတ်ဆက်ပေးရာတွင် ထိုင်းဝန်ကြီးချုပ်ဟောင်း ချွန်လိပိုင်လည်း အနုပညာရှင်တစ်ဦးအနေဖြင့် ပါဝင်လာသည်။ မြန်မာပန်းချီပညာရှင် တစ်ဦးချင်းစီကို အလင်္ကာကျော်စွာပန်းချီစိုးမိုးက မိတ်ဆက်ပေးသည်။ ထိုင်းစားဖိုမှူးကလည်း နိုဗိုတယ်ဟိုတယ်တွင် ၉-၇-၂၀၁၈ ရက်နေ့မှ ၁၃-၇-၂၀၁၈ ရက်နေ့အထိ ပြုလုပ်မည့်အစီအစဉ်များကို အားပါးတရ ရှင်းပြသည်။

သံအမတ်ကြီးက သိလိုသည်များမေးမြန်းနိုင်ကြောင်း ပြောကြားရာ သတင်းထောက်များအပါအဝင် တက်ရောက်လာသူများထဲမှ မေးမြန်းသူမရှိ။ ပရိသတ်ထဲမှတစ်ဦးက သူ့တွင် နှလုံးရောဂါအခံရှိပြီး ထိုင်းအစားအသောက်အများစုမှာ အုန်းနို့ပါသဖြင့် ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ၊ မရှိ မေးမြန်းရာ ထိုင်းစားဖိုမှူးက ထိုင်းအစားအစာသည် အုန်းနို့ရည်ပါသော်လည်း ကျန်းမာရေးနှင့် ညီညွတ်ကြောင်း၊ FDA အစစ်ဆေးခံပြီး အသိအမှတ်ပြုလက်မှတ်ရထားပြီးသားဖြစ်ကြောင်း၊ ထိုင်းနိုင်ငံမြောက်ပိုင်းဒေသ အစားအစာများတွင် အုန်းနို့သုံးလေ့မရှိကြောင်း အင်္ဂလိပ်ဘာသာဖြင့် ဝေဝေဆာဆာ ရှင်းပြသွားသည်။ သံအမတ်ကြီးက ကော်ဖီ၊ မုန့် သုံးဆောင်နိုင်ပါကြောင်းနှင့် သုံးဆောင်ရင်း မေးမြန်းနိုင်ကြောင်း ပြောကြားသည်။

အမှန်တကယ်တော့ ယခုအစီအစဉ်နှင့်ပတ်သက်၍ "ဘယ်သူတွေပါလဲ၊ ဘယ်လိုရွေးသလဲ၊ ဘယ်သူတွေလာမှာလဲ၊ ဘာတွေပြမှာလဲ" စသည်ဖြင့် မေးစရာများစွာရှိသော်လည်း မမေးမြန်းကြသည်ကို အံ့သြမိသည်။ ဘာသာစကား အခက်အခဲကြောင့်လားဟု စဉ်းစားကြည့်သော်လည်း မဖြစ်နိုင်ပါ။ စကားပြန်အသင့်ရှိနေသည်။ မြန်မာလူမျိုးများသဘာဝ လူကြားထဲတွင် ထမေးရန် ဝန်လေးပုံရသည်။ ကော်ဖီသောက်နားချိန်တွင် သတင်းထောက်များက တစ်ဦးချင်းအင်တာဗျူးနေသည်ကို တွေ့ရသည်။ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသောပညာရှင်များထဲတွင် လေးဦးက မြန်မာနိုင်ငံနှင့် မြန်မာပန်းချီဆရာများနှင့် ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်နေသည်ကို တွေ့ရသည်။

ထိုင်း-မြန်မာသံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့်အထိမ်းအမှတ် ပန်းချီပြပွဲကို "Colours of friendship" အမည်ဖြင့် ပြပွဲဖွင့်ပွဲကို အမျိုးသားပြတိုက်ပထမထပ် ဘက်စုံခန်းမတွင် ၇-၆-၂၀၁၈ မွန်းလွဲ ၁ နာရီတွင် ပြုလုပ်သဖြင့် ဒုတိယအကြိမ်တက်ရောက်ခဲ့သည်။ ပြပွဲတွင်ပါဝင်သူ ပန်းချီဆရာများကို ထိုင်းပန်းချီပညာရှင်များ၏လက်ရာများပါဝင်သော ပို့စကတ်များ၊ ထိုင်းဘုရင်မင်းမြတ်၏ အနုပညာလက်ရာမှတ်တမ်းများ၊ ထိုင်းနိုင်ငံ၏ နိုင်ငံတော်အဆင့်ပန်းချီပညာရှင်များ၏လက်ရာများပါသော ဒိုင်ယာရီစာအုပ်နှင့် ပြပွဲမှတ်တမ်းစာအုပ်တို့ကို လက်မှတ်ရေးထိုးပြီးပေးသည်။ ပြပွဲမှတ်တမ်းစာအုပ်မှလွဲပြီး ကျန်နှစ်ခုမှာ ထိုင်းဘာသာဖြင့်သာ ရေးထားသဖြင့် အကြောင်းအရာကို အတိအကျမသိရ။ ပြပွဲစာအုပ်မျက်နှာဖုံးကို ပြပွဲအမည်နှင့်လိုက်ဖက်စွာ နှစ်နိုင်ငံဘုရား၊ တန်ဆောင်း၊ ယဉ်ကျေးမှုအဆောက်အအုံပုံများကို ရောင်စုံဆေးစက်များပက်ဖျန်းထားသည့် ဟန်ဖြင့် ရှင်းလင်းထိရောက်စွာသရုပ်ဖော်ထားသည်။ ပြပွဲအတွက် ကတ်တလောက်မှတ်တမ်းစာအုပ်၊ ပြပွဲ အပြင်အဆင်၊ ကျွေးမွေးဧည့်ခံမှု၊ အခမ်းအနားမှူးကအစ အားလုံး ထိုင်းသံရုံးကစီစဉ်ခြင်းဖြစ်သည်။

ဖွင့်ပွဲတွင် ထိုင်းသံအမတ်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးကိုယ်စား အနုပညာတက္ကသိုလ်ပါမောက္ခချုပ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား စီမံဘဏ္ဍာဝန်ကြီးတို့က အဖွင့်အမှာစကားများပြောကြားပြီး ဖွင့်ပွဲကို ပန်းချီကင်းဗတ်ပေါ်တွင် စုတ်တံဖြင့်ပန်းချီရေးကာ ဖွင့်လှစ်ခဲ့သည်။ သံအမတ်ကြီးက အပြာရောင်လိုင်းရေးဆွဲ၍ အနုပညာတက္ကသိုလ်ပါမောက္ခချုပ်က ထိုင်းအလံနှင့် နှစ် (၇၀) စာလုံးကိုရေးပြီး ရန်ကုန်တိုင်းဒေသကြီး စီမံဘဏ္ဍာဝန်ကြီးက မြန်မာအလံကို ဖြည့်စွက်ရေးဆွဲကာ အခမ်းအနားကိုဖွင့်လှစ်ခဲ့သည်။ ထိုင်းပန်းချီဆရာ ဒေါက်တာ ကမောက အပြာရောင်စုတ်ချက်ရှည်တွင် ဆေးဘူးပုံသင်္ကေတန်ဖြည့်စွက်ပေးလိုက်သဖြင့် ဆေးတောင့်မှ အပြာရောင်ဆေးများထွက်လာပုံဟန်ဖြစ်သွားပြီး ပို၍သဘာဝကျသွားသည်။ ဖွင့်ပွဲသို့ ပန်းချီဆရာကြီး ဒေါက်တာ ဦးလွန်းကြွယ်လည်း တက်ရောက်အားပေးပြီး အမှတ်တရမှတ်တမ်းဓာတ်ပုံများဖြင့် မှတ်တမ်းတင်ကြသည်။

အမျိုးသားပြတိုက်၏ ဘက်စုံခန်းမမှာ ပုံမှန်အနေအထားအရ မကျဉ်းသော်လည်း ဖွင့်ပွဲအခမ်းအနားအတွက် သုံးပုံတစ်ပုံနေရာယူထားသဖြင့် ပြခန်းခင်းကျင်းရာတွင် ဧည့်ပရိသတ်များဖြင့် အနည်းငယ် မွန်းကျပ်သလို ခံစားရသည်။ ဘက်စုံခန်းမတွင် ဇာတ်စင်ငယ်တစ်ခုလည်းပါဝင်နေရာ သံရုံးက ဇာတ်စင်၏ မျက်နှာစာကို ဖွင့်ပွဲအခမ်းအနားစာသားပါသော ဗီနိုင်းဖြင့် အပြည့်ပိတ်ပြီး ပြခန်းပုံစံပေါက်အောင် ပြင်ဆင်ထားသည်။ ထိုသို့ပြင်ဆင်ထားသည်ကို ကြည့်ပြီး ပန်းချီ အောင်မြတ်ဌေး၏ ပြောစကားကို သတိရမိသည်။ ပန်းချီပြပွဲ အစီအစဉ်တစ်ခုအတွက် ဂျပန်ပညာရှင်များနှင့်ပူးပေါင်း၍ ပြတိုက်တွင် ပြပွဲ ပြုလုပ်ရန်အတွက် လာရောက်ကြည့်ရာ ပန်းချီပြခန်းနှင့် မတူဟုဆိုကာ အစီအစဉ်ပြောင်းခဲ့ရကြောင်း သိရသည်။ သူတို့လည်း ဒီလိုတွေးမိလို့ ဇာတ်စင်မျက်နှာစာကို တမင်တကာပိတ်ထားတာလားဟု အတွေးဝင်မိသည်။ အမှန်တကယ်ရည်ရွယ်ချက်မှာလည်း "ဘက်စုံခန်းမ" ဟု အမည်ပေးထားပြီး အခမ်းအနားပေါင်းစုံပြုလုပ်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ပန်းချီပြပွဲအတွက် သီးသန့်ရည်ရွယ်တည်ဆောက်ထားခြင်းမဟုတ်။ တကယ်တော့ ဖွင့်ပွဲတွင် ခေတ်သစ် ထိုင်းကျေးလက်အက၊ ပလွေပညာ၏တင်ဆက်မှု၊ ကဗျာရွတ်ဆိုခြင်းကို ပလွေသံဖြင့်တင်ဆက်မှုများပါဝင်သဖြင့် ဇာတ်စင်ကိုသုံးလျှင်ကွက်တိပင်။ သို့သော် ပန်းချီပြပွဲက အဓိကဖြစ်သဖြင့် ဇာတ်စင်ကိုမသုံးဘဲ ဖျောက်ထားပြီး အောက်ခြေတွင်ပင် ဖြစ်အောင်တင်ဆက်သွားသည်ကို သတိထားမိသည်။ နောင်တွင် တည်ဆောက်မည့်အနုပညာပြတိုက်တွင် ပန်းချီ၊ ပန်းပုပြပွဲခန်းမ ပါဝင်လာမည်ဖြစ်သဖြင့် ယခုပြဿနာမျိုး ရှိတော့မည်မထင်ပါ။

အချိန်ရခိုက် ပြပွဲမှတ်တမ်းစာအုပ်ကို လှန်လှောကြည့်မိသည်။ ထိုင်းပညာရှင်များက ဓာတ်ပုံစာမျက်နှာတစ်ဝက်နှင့် ကိုယ်ရေးအချက်အလက်ကို စာပိုဒ်ပုံစံဖြင့်စီစဉ်ထားသည်။ မြန်မာဘက်တွင် ပုံမှန် တစ်လက်မပတ်လည် ဓာတ်ပုံနှင့် ခုနှစ်အလိုက် အချက်အလက်များဖြင့် တင်ပြထားသည်ကို တွေ့ရသည်။ ထိုင်းပညာရှင် ၂၈ ယောက်နှင့် မြန်မာပညာရှင် ၃၂ ယောက် ပါဝင်ကြသည်။ မြန်မာဘက်က ပြတိုက်အဖွဲ့ဝင် ပန်းချီပညာရှင်များ စုစည်းထားပြီး ထိုင်းဘက်တွင် (Department of cultural promotion) နှင့် ရန်ကုန်ရှိ ထိုင်းသံရုံးတို့စီစဉ်သည်ဟု သိရသည်။ ထိုင်းဘက်ကပညာရှင်များကို ဖော်ပြပုံမှာ ပို၍အနုပညာဆန်သည်ဟု မြင်မိသည်။

ဒုတိယအချက်အနေဖြင့် သတိထားမိသည်မှာ မြန်မာဘက်ကပါဝင်သူအားလုံးမှာ ပန်းချီပညာရှင်များဖြစ်ကြပြီး ထိုင်းပညာရှင်များတွင် ပန်းချီ၊ ပန်းပု၊ ဂီတ၊ ဂရပ်ဖစ်အနုပညာ၊ ဒစ်ဂျစ်တယ်အနုပညာ၊ ပါဖော့မန့်အနုပညာ၊ ဓာတ်ပုံ၊ ကဗျာ စသည်ဖြင့် ပညာရှင်အစုံအလင်ပါဝင်သည်ကို တွေ့ရသည်။ တတိယအချက်မှာ ပြပွဲပါဝင်သူအားလုံးသည် ထိုင်းအစိုးရအသိအမှတ်ပြု နိုင်ငံတော်အဆင့်ပညာရှင် (National Artist)များ ဖြစ်နေခြင်းပင်ဖြစ်သည်။ စတုတ္ထအချက်အနေဖြင့် သတိပြုမိသည်မှာ ကွယ်လွန်ပြီးပညာရှင်ငါးဦး ပါဝင်သည်ကို တွေ့ရသည်။ ပဉ္စမအချက်အနေဖြင့် အနုပညာလက်ရာများခြုံငုံလေ့လာကြည့်ရာ ထိုင်းပညာရှင်အားလုံးနီးပါး၏လက်ရာများမှာ ခေတ်ပြိုင်ပန်းချီလက်ရာများဖြစ်ကြပြီး မြန်မာပညာရှင် လက်ရာအများစုမှာ သရုပ်မှန်ပန်းချီ အခြေခံသောလက်ရာများဖြစ်နေသည်ကို သတိထားမိသည်။ ထိုင်းပညာရှင်များကိုဖော်ပြရာတွင် နိုင်ငံတော်အဆင့်ပညာရှင်အဖြစ် အသိအမှတ်ပြုသည့် ခုနှစ်အစဉ်အလိုက်စီစဉ်ပြီး မြန်မာဘက်တွင် အင်္ဂလိပ်အက္ခရာစဉ်အလိုက် ဖော်ပြထားသည်။

ထိုင်းပန်းချီဆရာများထဲတွင် ထူးထူးခြားခြားပါလာသူမှာ ထိုင်းဝန်ကြီးချုပ်ဟောင်း ချွန်လိပိုင် ဖြစ်သည်။ ဂုဏ်ထူးဆောင်ပညာရှင်အဖြစ်ပါဝင်ပြီး လူကိုယ်တိုင်လည်း တက်ရောက်သည်။ ချွန်လိပိုင်သည် အနုပညာရှင်များကို နိုင်ငံတော်ပညာရှင်အဆင့် ရွေးချယ်သတ်မှတ်ရေးစီမံချက်ကို ၁၉၈၅ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့သူဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အနုပညာရှင်များအား အလင်္ကာကျော်စွာ၊ ဝဏ္ဏကျော်ထင်ဘွဲ့အမည်များ ဂုဏ်ပြုပေးအပ်ခြင်းကို ထိုင်းနိုင်ငံထက် စောစီးစွာပေးအပ်ခဲ့သည်ကို တွေ့ရသည်။ သို့သော် ဆက်တိုက်ပုံမှန်မပေးဖြစ်သည်ကို တွေ့ရသည်။ ပန်းချီ မွန်သက်က "ထိုင်းမှာက National Artist ကို အနုပညာရှင်တွေရဲ့ ထောက်ခံချက်နဲ့ပေးတာ၊ နှစ်စဉ်နှစ်တိုင်းလိုလိုပေးပေမယ့် မပေးတဲ့နှစ်တွေလည်းရှိတယ်၊ National Artist ဖြစ်ရင် အစိုးရရဲ့ထောက်ပံ့မှုကိုရပြီး နိုင်ငံတော်အတွက် ပြန်လုပ်ပေးရတာတွေလည်းရှိတယ်"ဟု အကြမ်းဖျင်း ပြောပြသည်။ လာအို၊ မလေးရှားနိုင်ငံတို့တွင်လည်း National Artist ဘွဲ့များပေးအပ်သည်ဟု သိရသည်။ ပြပွဲမှတ်တမ်းစာအုပ်ကို စီစဉ်ရာတွင် စီနီယာအလိုက် National Artist သတ်မှတ်ချက်ခုနှစ်အလိုက် စီစဉ်ထားသည်ကို တွေ့ရသည်။

> ❝ ထိုင်းပန်းချီဆရာများထဲတွင် ထူးထူးခြားခြားပါလာသူမှာ ထိုင်းဝန်ကြီးချုပ်ဟောင်း ချွန်လိပိုင် ဖြစ်သည်။ ဂုဏ်ထူးဆောင်ပညာရှင်အဖြစ်ပါဝင်ပြီး လူကိုယ်တိုင်လည်း တက်ရောက်သည်။ ချွန်လိပိုင်သည် အနုပညာရှင်များကို နိုင်ငံတော်ပညာရှင်အဆင့် ရွေးချယ်သတ်မှတ်ရေးစီမံချက်ကို ၁၉၈၅ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့သူဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အနုပညာရှင်များအား အလင်္ကာကျော်စွာ၊ ဝဏ္ဏကျော်ထင်ဘွဲ့အမည်များ ဂုဏ်ပြုပေးအပ်ခြင်းကို ထိုင်းနိုင်ငံထက် စောစီးစွာ ပေးအပ်ခဲ့သည်ကို တွေ့ရသည် ❞

အစောဆုံး National Artist အဖြစ် သတ်မှတ်ခံရသူမှာ Mr. Chalerm Nakhiraks ဖြစ်သည်။ ၁၉၁၇ ခုနှစ်တွင် မွေးဖွားခဲ့သူ ကွယ်လွန်သူပန်းချီပညာရှင်ဖြစ်ပြီး ကွယ်လွန်သည့်ခုနှစ်ကို ဖော်ပြမထားပါ။ သူ့လက်ရာမှာ ထိုင်းရိုးရာပန်းချီကို ခေတ်သစ်ဟန်ဖြင့် ပေါင်းစပ်ရေးဆွဲသော လက်ရာမျိုးဖြစ်သည်။ ဒုတိယပညာရှင်မှာ ၁၉၉၆ ခုနှစ်က National Artist အဖြစ် သတ်မှတ်ခံခဲ့ရသူဖြစ်ပြီး အသက် ၈၇ နှစ်အရွယ် ပန်းပုပညာရှင်ဖြစ်သည်။ တတိယစီနီယာအကျဆုံးပညာရှင်မှာ အဖွဲ့ခေါင်းဆောင် ဒေါက်တာကမော (Dr. Kamol Tassanan- chalee) ဖြစ်ပြီး ၁၉၉၇ ခုနှစ်က National Artist သတ်မှတ်ခြင်းခံခဲ့ရသည်။ အသက် ၇၅ နှစ်အရွယ်ဖြစ်ပြီး ပန်းချီ၊ မီဒီယံများပေါင်းစပ်ရေးခြင်းနှင့် အင်စတော်လေးရှင်းအနုပညာလက်ရာများကို ဖန်တီးသူဖြစ်သည်။ ထိုင်းနိုင်ငံတွင်သာမက နိုင်ငံတကာအထိ ထိုးဖောက်အောင်မြင်နေသော ပညာရှင်ဖြစ်သည်။ ခေတ်ပြိုင်ပန်းချီကို ဦးဆောင်သူများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ သူ၏ထူးခြားချက်မှာ ထိုင်းရိုးရာပန်းချီကိုအခြေခံပြီး အနောက်တိုင်းဟန်နှင့် ပေါင်းစပ်ကာ ကိုယ်ပိုင်ခေတ်ပြိုင်ပန်းချီဟန်အဖြစ် ရေးဆွဲနိုင်သူဖြစ်သည်။ အမေရိကန်နိုင်ငံတွင် ထိုင်းအနုပညာစင်တာနှင့်ကောင်စီကို ဦးဆောင်တည်ထောင်ပြီး ထိုင်းမျိုးဆက်သစ်လူငယ်များ ပန်းချီပညာလေ့လာ သင်ကြားရေးအတွက် ပံ့ပိုးမြှင့်တင်ပေးနေသူဖြစ်သည်။ သူ၏ခေတ်ပြိုင် အင်စတော်လေးရှင်းလက်ရာကို ကရာဘီမြို့ရောက်ခဲ့စဉ်က တွေ့မြင်ခဲ့သည်။ ၂၀၁၅ ခုနှစ်က ဗန်ကောက်တွင် ပြုလုပ်သော ဒေါက်တာ ကမောနှင့် ခေတ်ပြိုင်ပညာရှင်များပြပွဲသို့ ရောက်ခဲ့သည်။ ပြပွဲတွင်ပြသထားသော ဗီဒီယိုမှတ်တမ်းအရ ဒေါက်တာကမောသည် ကမ္ဘာ့ခေတ်ပြိုင် ပန်းချီပညာရှင် ၁၀၀ စာရင်းတွင် ဖော်ပြခြင်းခံရသူတစ်ဦးဖြစ်သည်ကို သိခဲ့ရသည်။

ပြပွဲဖွင့်ပွဲပြီးဆုံးပြီး လူစုမကွဲခင် အလင်္ကာကျော်စွာပန်းချီစိုးမိုးက "သူတို့မနက်ဖြန်ပြန်ကြတော့မှာ၊ မပြန်ခင် တို့က အိမ်ရှင်အနေနဲ့ ညစာကျွေးကြရအောင်၊ ဒါမှ လူချင်းဆုံပြီးစကားပြောဆိုကြမှ ရင်းနှီးပြီး ဧည့်ဝတ်ကျေမှာ"ဟု ဆော်သြသည်။ ပါဝင်သူပန်းချီဆရာများအားလုံးကလည်း သဘောတူကြသည်။ သို့သော် သံအမတ်ကြီးက ညစာအတွက်စီစဉ်ပြီးဖြစ်နေသည်။ သံရုံးက "ဆရာတို့လည်းပါဝင်လို့ရပါတယ်"ဟု ပြောလာသည်။ "ဒါဆိုရင် ငါတို့ကျွေးတာမဟုတ်ဘဲ သူတို့ပွဲပဲဖြစ်မှာပေါ့"ဟု ပန်းချီစိုးမိုးက ထင်မြင်ချက်ပေးသည်။ အစီအစဉ်မဖြစ်ဘဲ လမ်းခွဲကြပြီးမှ ပန်းချီမောင်ဌေးအောင်က "မနက်ဖြန် ၁၀ နာရီ ကန်တော်မင်ပန်းခြံက ရွှေဘဲမှာ နေ့လယ်စာစီစဉ်ထားတယ်"ဟု ဖုန်းဆက်လာသည်။

စာမျက်နှာ ၇ သို့ ❖

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ မိုးညှင်းမြို့ရှိ အချုပ်ခန်းများနှင့် အကျဉ်းထောင်များကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၁၈**

လူ့အခွင့်အရေးချိုးဖောက်မှုများ မရှိစေရန်အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် မိုးညှင်းမြို့ရှိ အချုပ်ခန်းများနှင့် အကျဉ်းထောင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း အဆိုပါကော်မရှင်ထံမှ သိရသည်။

ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှအဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မိုးညှင်းမြို့မရဲစခန်းအချုပ်ခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုးညှင်းမြို့ရှိ မိုးညှင်းအကျဉ်းထောင်သို့ သွားရောက်ကာ အကျဉ်းသား၊ အကျဉ်းသူများအား အိပ်ဆောင်များတွင် အုပ်စု ၁၈ စုခွဲပြီး တွေ့ဆုံ၍ လူ့အခွင့်အရေးချိုးဖောက်ခံရမှု ရှိ မရှိ စစ်ဆေးမေးမြန်းခြင်းတို့ကိုပြုလုပ်ကာ အကျဉ်းသား၊ အကျဉ်းသူ အိပ်ဆောင်များ၊ စားဖိုကြီး၊ စာကြည့်တိုက်နှင့် ဆေးပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် အကျဉ်းထောင်ရှိ အကျဉ်းသားများထဲမှ သီးခြား တွေ့ဆုံတင်ပြလိုသူ အကျဉ်းသား ခြောက်ဦးနှင့် အကျဉ်းသူ နှစ်ဦးတို့ကို တစ်ဦးချင်းတွေ့ဆုံပြီး အခက်အခဲများ မေးမြန်းခဲ့ကြောင်းသိရသည်။

မွန်းလွဲပိုင်းတွင် မိုးညှင်းမြို့နယ် တရားရုံးအချုပ်ခန်းနှင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော အကျဉ်းသားလူနာ နှစ်ဦးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အကျဉ်းထောင်သို့ ထပ်မံသွားရောက်ကာ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းအခက်အခဲများ ရှိ၊ မရှိ မေးမြန်းပြီး အကျဉ်းသား၊ အကျဉ်းသူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ မပြုလုပ်မိစေရေး၊ အကျဉ်းသားများ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ တိုးတက်ပြောင်းလဲစေရေး လုပ်ဆောင်ရမည့် နည်းလမ်းများ စသည်ဖြင့် လိုအပ်သည်များကို တာဝန်ရှိသူတို့အား ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ဆောင်ရွက်မှုများအနေဖြင့် ဇွန် ၂၀ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အချုပ်ခန်းများနှင့် အကျဉ်းထောင်များကို ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**



**တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ ကိုယ်စား သုံးဘာသာဂုဏ်ထူးရှင် မမိုးပွင့်ဖြူ ဂုဏ်ပြုဆုငွေ လက်ခံရယူစဉ်။**

# မန္တလေးဗဟိုအကျဉ်းထောင်(အိုးဘို)မှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၂၇ ဦးအား ဂုဏ်ပြုပွဲကျင်းပ

**မန္တလေး ဇွန် ၁၈**

မန္တလေးဗဟိုအကျဉ်းထောင်(အိုးဘို)မှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဖြေဆိုအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူ ၂၇ ဦးနှင့် သင်ကြားပေးသည့် ဆရာ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇွန် ၁၈ ရက် ညနေ ၃ နာရီက အဆိုပါအကျဉ်းထောင်အတွင်းရှိ ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဦးက ဆရာ ဆရာမများ၏ စေတနာထားသင်ကြားပြသမှုနှင့် အကျဉ်းသား ကျောင်းသား ကျောင်းသူများ၏ ကြိုးစားအားထုတ်မှုတို့ကြောင့် ထူးချွန်စွာအောင်မြင်သူများ ပေါ်ထွက်လာခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် အကျဉ်းကျခံ ကျောင်းသား ကျောင်းသူများ ပညာဆက်လက်သင်ယူခွင့်ရရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပြီး တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ) ဒေါ်ခင်ဌေးက ဂုဏ်ပြုစကား ပြောကြားခဲ့သည်။

ထို့ပြင် မန္တလေးဗဟိုအကျဉ်းထောင်(အိုးဘို)စာစစ်ဌာနမှ သုံးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မောင်ထက်ဆန်းစစ်က "၂၀၁၆ ခုနှစ်က ဒီထောင်ကိုရောက်ခဲ့ပြီး နဝမတန်းကနေစ၍ ပညာသင်ကြားခွင့်ရခဲ့တယ်၊ အပြင်မှာလည်း အခြေခံနည်းခဲ့တဲ့အတွက် အတန်းထဲသူငယ်ချင်းတွေကြားထဲမှာ အလွန်သိမ်ငယ်ခဲ့ရတယ်၊ ဒါပေမယ့် ထောင်ပိုင်ကြီးနဲ့ ထောင်ပိုင်လေးတို့က ကိုယ့်သားသမီးလို ပြုစုစောင့်ရှောက်ပေးမှုတွေနဲ့ ဆရာ ဆရာမတွေရဲ့ အစွမ်းကုန်သင်ကြားပေးမှုတွေကြောင့် အခုလို သုံးဘာသာဂုဏ်ထူးနဲ့အောင်မြင်ခဲ့တာပါ၊ ကျွန်တော့်ရဲ့ ပြစ်ဒဏ်က သုံးနှစ်ကျော် ကျန်နေသေးပေမယ့် စီးပွားရေးတက္ကသိုလ်တက်ချင်ပါတယ်၊ အနာဂတ်မှာ ကျွန်တော့်ရဲ့ မိသားစု၊ ပတ်ဝန်းကျင်နဲ့ နိုင်ငံတော်အတွက် တန်ဖိုးရှိတဲ့ လူသားတစ်ယောက်ဖြစ်ချင်ပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် မန္တလေးဗဟိုအကျဉ်းထောင်(အိုးဘို)မှ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၂၇ ဦးနှင့် ၎င်းတို့ကို သင်ကြားပေးခဲ့ကြသည့် အကျဉ်းသားကျောင်းဆရာ ဆရာမ ၁၆ ဦး၊ အခြေခံပညာရေးဦးစီးဌာနမှ ဆရာ ဆရာမ ကိုးဦးနှင့် ပြင်ပမှ စေတနာဖြင့် လာရောက်သင်ကြားပေးသည့် ဆရာ ဆရာမ ၁၄ ဦးတို့အား ဂုဏ်ပြုဆုငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်တွင် မန္တလေးဗဟိုအကျဉ်းထောင်(အိုးဘို)မှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည့် အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၅၅ ဦးရှိခဲ့ပြီး သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် လေးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၃ ဦးနှင့် ရိုးရိုးအောင်မြင်သူ ခြောက်ဦးရှိခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❖ စာမျက်နှာ ၆ မှ

အမှန်တော့ ကျွန်တော်တို့က အိမ်ရှင်ဖြစ်သော်လည်း အစီအစဉ်ကို မည်သူမျှတိတိကျကျမသိကြ။ အစိုးရဘက်ကလည်း အမျိုးသားပြတိုက်ဘက်စုံခန်းမကို ပန်းချီပြပွဲအတွက် အသုံးပြုခွင့်ပေးခြင်းသဘောမျိုးသာဖြစ်သည်။ ထိုင်းသံရုံးက ဧည့်သည်များရောက်သည့်နေ့မှ ပြန်သည့်နေ့အထိ အားလုံးစီစဉ်ထားပြီးဖြစ်သည်။ ၈-၆-၂၀၁၈ ရက်နေ့တွင် နေ့လယ်စာအတူစားသောက် စကားပြောဆိုကြဖြင့် ခင်မင်ရင်းနှီးမှုရပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကာ ပွဲက မြိုင်မြိုင်ဆိုင်ဆိုင်နှင့် ပြီးသွားသည်။

နေ့လယ်စာစားသောက်ရင်း ကျွန်တော့်ဘေးတွင် ထိုင်နေသူနှင့် မိတ်ဆက်ရာ သူက ထိုင်းယဉ်ကျေးမှုကွန်ရက်၊ နိုင်ငံတကာဆက်ဆံရေးနှင့် ယဉ်ကျေးမှုမြှင့်တင်ရေးဌာနက ဒါရိုက်တာတစ်ဦးဖြစ်နေသည်။ အခြားဝန်ထမ်းများနှင့် ကပြတင်ဆက်သူများလည်းပါလာသည်။ အချိန်တိုတောင်းသဖြင့် အခြားကိစ္စများ မစီစဉ်နိုင်သော်လည်း အိမ်ရှင်အဖြစ် နေ့လယ်စာတစ်နပ်ကျွေးမွေးဧည့်ခံနိုင်ခဲ့သဖြင့် မြန်မာပန်းချီဆရာများအားလုံးလည်း ကျေနပ်ပီတိအပြုံးကိုယ်စီဖြင့်တွေ့ရသည်။ ပြပွဲဖွင့်ပွဲနေ့တွင် ပါဝင်သူ မြန်မာပန်းချီဆရာများကို လက်ဆောင်ပေးခဲ့၍ ဆရာဦးစောလှိုင်က သူ့တစ်ကိုယ်တော်ပန်းချီစာအုပ်ကို ထိုင်းပန်းချီဆရာအားလုံးကို လက်ဆောင်ပြန်ပေးသဖြင့် အပြန်အလှန်ပွဲအစီအစဉ်လှပသွားသည်။

ယခုအစီအစဉ်ကို Air Asia၊ Thai Cultural promotion fund၊ Bankok Cultural Council Network and Thai Cultural Council Network၊ Thai Cultural Council in foreign Countries promotion၊ Bangkok Bank နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့က စပွန်ဆာအဖြစ် ကူညီပံ့ပိုးထားသည်ကို တွေ့ရသည်။ ထိုင်းနိုင်ငံတွင် ပြုလုပ်သော ပွဲတော်များအားလုံးတွင် အနည်းဆုံး စပွန်ဆာငါးခုလောက်က ကူညီပံ့ပိုးမှုပါဝင်သည်ကို တွေ့ရသည်။ အထူးသဖြင့် (PTT) ရေနံကုမ္ပဏီကြီးက အမြဲပံ့ပိုးပေးသည်ကို သတိထားမိသည်။ ထိုင်းအနုပညာအဖွဲ့အစည်းများ၊ အစိုးရနှင့် ကုမ္ပဏီများ ချိတ်ဆက်မှု အားကောင်းကောင်း လုပ်ဆောင်နိုင်သဖြင့် တစ်နှစ်ပတ်လုံး အနုပညာအစီအစဉ်များဖြင့် ပြတ်လပ်သည်ဟူ၍မရှိ။ ပွဲတော်များသို့ နိုင်ငံတကာအနုပညာရှင်များ ဝင်၊ ထွက်သွားလာပါဝင်နေသဖြင့် အနုပညာအတွေ့အကြုံအားကောင်းသည်။ "ထိုင်းနိုင်ငံရဲ့ ပန်းချီအနုပညာနဲ့ အတွေ့အကြုံတွေကို တရုတ်ကတောင် အတုယူရတယ်"ဟု ပန်းချီမွန်သက်က ပြောပြသည်။ ပန်းချီမွန်သက်မှာ ထိုင်းနိုင်ငံကို ပန်းချီကိစ္စများနှင့် အိမ်ဦးနှင့် ကြမ်းပြင်သဖွယ် သွားလာနေသူ၊ ထိုင်းပန်းချီပညာရှင်များ၏ အသိအမှတ်ပြုခံရသူ၊ ထိုင်း အသိမိတ်ဆွေပေါများသူတစ်ဦး ဖြစ်သည်။ ယခုပြပွဲကို ရန်ကုန်မြို့ အမျိုးသားပြတိုက်တွင် ၂၀၁၈ ခုနှစ် ဇွန်လ ၇ ရက်မှ ၁၄ ရက်နေ့အထိ ပြသသွားမည်ဖြစ်သည်။ ဆက်လက်၍ ထိုင်းနိုင်ငံတွင်လည်း ပြသသွားမည်ဟု သိရသည်။ ထို့ပြင် ထိုင်းမျက်နှာဖုံးစွပ်အကကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၊ နေပြည်တော် MICC IIနှင့် မန္တလေးအမျိုးသားဇာတ်ရုံတို့တွင် ဇွန်လ ၁၉၊ ၂၁၊ ၂၃ ရက်နေ့များတွင် ကပြတင်ဆက်မည်ဖြစ်ပြီး ထိုင်းရုပ်ရှင်ပွဲတော်ကို ဇူလိုင်လ ၆၊ ၇၊ ၈ နေ့ရက်များတွင် JCGV Junction City တွင် ပြသမည်ဖြစ်၍ ထိုင်းအစားအစာရက်သတ္တပတ်အဖြစ် Novotal Yangon Max ဟိုတယ်တွင် ဇူလိုင်လ ၉ ရက်မှ ၁၃ ရက်နေ့အထိ ကျင်းပသွားမည်ဟု သိရပါသည်။

ထိုင်း-မြန်မာသံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့်အထိမ်းအမှတ်အစီအစဉ်များသည် အစိုးရ၊ သံရုံး၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ အချိန်ယူစီစဉ်ပြီး ပီပီပြင်ပြင် ဆောင်ရွက်ထားသည်ကိုတွေ့ရသည်။ သာမန်ချစ်ကြည်ရေးသဘောထက် ထိုင်းနိုင်ငံ၏ ယဉ်ကျေးမှုအနုပညာရပ်များ၏ အဆင့်အတန်းနှင့် အင်အားကို ထုတ်ဖော်ပြသကြော်ငြာခြင်းတစ်မျိုးပင် ဖြစ်သည်။ ကျွန်တော်တို့နိုင်ငံတွင် အနုပညာရှင်များအနေဖြင့် တစ်ဦးချင်းစွမ်းရည်အားကောင်းပြီး နိုင်ငံတကာအထိ ထိုးဖောက်နိုင်သော်လည်း အစိုးရနှင့် အနုပညာအဖွဲ့အစည်း၊ ကုမ္ပဏီများနှင့် ချိတ်ဆက်စီစဉ်ထိုးဖောက်မှုအပိုင်းတွင် အားနည်းနေသေးသည်ဟု ထင်မြင်မိသည်။ ဘင်္ဂလားဒေ့ရှ်ကဲ့သို့သော နိုင်ငံငယ်လေးပင် အစိုးရဦးဆောင်စီစဉ်မှုဖြင့် "Asian Art Biennale Bangladesh"ကို နှစ်နှစ်တစ်ကြိမ်ကျင်းပလာခဲ့ရာ ယခုနှစ်တွင် (၁၈) ကြိမ်မြောက်ပွဲတော်ပြုလုပ်ရန် ဖိတ်ခေါ်နေပြီဖြစ်သည်။

နိုင်ငံသေးငယ်ပြီး မဖွံ့ဖြိုးသော်လည်း အနုပညာ အားကောင်းကြောင်း နိုင်ငံတကာကို ဖိတ်ခေါ်ပြသ၍ အသိအမှတ်ပြုမှုနှင့် အတွေ့အကြုံကောင်းများကိုရယူလျက်ရှိသည်။ ကျွန်တော်တို့ဆီက အနုပညာလှုပ်ရှားမှုများကို ပြန်လှေ့လာကြည့်ရာတွင် နိုင်ငံတကာနှင့်ချိတ်ဆက်စီစဉ်မှု များများစားစား မတွေ့ရ။ နိုင်ငံတော်အဆင့် နိုင်ငံတကာဖိတ်ခေါ် ပန်းချီ၊ ပန်းပုပွဲတော်များ၊ အနုပညာအသင်းအဖွဲ့အဆင့် နိုင်ငံတကာပွဲများ လုံးဝမရှိ။ ပုဂ္ဂလိကအနေဖြင့် စီစဉ်သည့်ပွဲများကိုတော့ ကြိုးကြားကြိုးကြား တွေ့ရသည်။ ပန်းချီ ကိုသားကြီး စီစဉ်သည့် Art Workshop ပွဲကို လွန်ခဲ့သော ၁၀ နှစ်ခန့်က သမ္မတဟိုတယ်တွင် ပြုလုပ်ခဲ့သည်ဟု သိရသည်။ ၂၀၁၅ ခုနှစ်တွင် ပန်းချီ ကိုမွန်သက်စီစဉ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းရှင် ဦးဝင်းအောင်သူ ပံ့ပိုးသော ထိုင်း-မြန်မာ Art workshop၊ ၂၀၁၆ ခုနှစ်တွင် Yangon Galleryနှင့် ဧရာဝတီဘဏ်တို့ ကူညီပံ့ပိုးသော Watercolour Art workshop၊ ၂၀၁၇ ခုနှစ်တွင် လုပ်ငန်းရှင် ဦးဝင်းအောင်သူနှင့် ဇေကမ္ဘာဦးခင်ရွှေတို့၏ပံ့ပိုးမှုဖြင့် Cohesive Art workshop ပွဲများကို ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ New Treasure ပြခန်းပိုင်ရှင် ကိုမင်းဝေအောင်၏ ဦးသုခဖောင်ဒေးရှင်း ပန်းချီလှုပ်ရှားမှုများ၊ International Watercolour Society (IWS)နှင့် ချိတ်ဆက်ဆောင်ရွက်သော ရေဆေးလှုပ်ရှားမှုများ၊ New Zero မှ ပန်းချီကိုအေးကိုစီစဉ်သော ပန်းချီပွဲများ၊ အထက်မြန်မာပြည် ရေဆေးအသင်း၏ လှုပ်ရှားမှုများ၊ အနုပညာတက္ကသိုလ်၏ လှုပ်ရှားမှုများကို ကြိုးကြားကြိုးကြား တွေ့ရသည်။ သို့သော် နီးစပ်ရာအသိုင်းအဝိုင်းဖြင့် တစ်ပိုင်တစ်နိုင်ပြုလုပ်ခြင်းဖြစ်သဖြင့် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် မသိရှိပေ။ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကဲ့သို့ အစိုးရအစီအစဉ်ဖြင့် နိုင်ငံတကာနှင့်ချိတ်ဆက်၍ ပန်းချီ၊ ပန်းပုပွဲတော်မျိုး ပြုလုပ်စေချင်မိသည်။ ပြည်တွင်းတွင် နိုင်ငံတကာပွဲမရှိသဖြင့် ပန်းချီပညာရှင်များ ကိုယ့်အစီအစဉ်ဖြင့် နိုင်ငံတကာ ထွက်ပြီး မိမိတို့ အနုပညာကိုသိအောင် ပြသကြရသည်။ နိုင်ငံတကာဖိတ်ခေါ် ပွဲများသွားရောက်ပြီး ကိုယ့်ဆီသို့ပြန်၍ မဖိတ်ခေါ်နိုင်သဖြင့် အားမလိုအားမရ ဖြစ်ကြရသည်။

အနုပညာဖြင့် နိုင်ငံ၏ပုံရိပ်ကို များစွာမြှင့်တင်ပေးနိုင်ပါသည်။ သို့သော် တစ်ဦးကောင်းတစ်ယောက်ကောင်းဖြင့် ထိုးဖောက်သည်ထက် အင်စတီကျူးရှင်းများ၊ အနုပညာရှင်များ၊ အနုပညာတက္ကသိုလ်များ၊ လုပ်ငန်းရှင်များ၊ ပြခန်းပိုင်ရှင်နှင့် ကုမ္ပဏီများ အစီအစဉ်တကျချိတ်ဆက်၍ ပြိုင်တူတွန်းမှသာ အရွေ့တစ်ခုသို့ရောက်မည်ဖြစ်သည်။ အိမ်နီးချင်း ထိုင်းနိုင်ငံသည် အကောင်းဆုံးဥပမာပင် ဖြစ်သည်။ ချစ်ကြည်ရင်းနှီးမှု ရောင်စုံဆေးစက်များသည် ထိုင်းနိုင်ငံနှင့်သာမက နိုင်ငံတကာအထိ ရောက်ရှိပျံ့နှံ့စေရန် မျှော်လင့်မိပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မွန်ပြည်နယ်အတွင်း ရေဘေးကြုံနေရသော ပြည်သူများအား ကူညီထောက်ပံ့

**မော်လမြိုင် ဇွန် ၁၈**
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းမြတ်အေးသည် ယနေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေး နှစ်စဉ်ပုံမှန်ဖြစ်နိုင်သည့်နိုင်ငံဖြစ်လာပြီး ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကိုရင်ဆိုင်နိုင်ရန် အဆင်သင့်ဖြစ်မှု အနည်းဆုံးနိုင်ငံများတွင် မြန်မာနိုင်ငံပါဝင်ဆဲဖြစ်ပါကြောင်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်သည့်အနေဖြင့် မွန်ပြည်နယ်တွင် စက်တပ်လှေ ကိုးစင်းကို ကြိုတင်ပေးပို့ပြင်ဆင်ခဲ့သော်လည်း နှစ်စဉ်ရေဘေးဒဏ်ခံနေရသော ဘီးလင်း၊ ကျိုက်ထိုမြို့များတွင် ဖြန့်ခွဲထားရှိသဖြင့် လတ်တလော မော်လမြိုင်မြို့တွင်ဖြစ်ပွားသော ရေကြီးရေလျှံမှုအတွက် အရေးပေါ်လိုအပ်သော စက်တပ်လှေ သုံးစင်းကို တစ်ပါတည်းယူဆောင်လာခဲ့ပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုအစိုးရ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းပြီး ရေတိုရေရှည်လုပ်ငန်းများခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျိုက်သလ္လံစေတီတော်မြေပြိုကျမှုကိစ္စနှင့်စပ်လျဉ်း၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် စေတီတော် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီကို အကြံပေးနိုင်ရန် ပညာရှင်များပါဝင်၍ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာအသီးသီးကလည်း မိမိတို့ဌာနအလိုက် ပျက်စီးဆုံးရှုံးမှုအခြေအနေများနှင့် လိုအပ်ချက်များကိုအကြံပြု ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မွန်ပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးမှုများ၊ ယာယီရေဘေးရှောင်စခန်းများ ဖွင့်လှစ်ထားရှိမှုနှင့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ဖိုက်ဘာစက်တပ်လှေ သုံးစင်း၊ ရေသန့်ဆေးထုပ် ၄၀၀၀၀ နှင့် ယာယီရေဘေးခိုလှုံသူပြည်သူ ၇၄၀၇ ဦးအတွက် လတ်တလောစားသုံးရန် ရိက္ခာဖိုးငွေကျပ် ၁၅၅ သိန်းကျော်တို့ကို ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယာယီရေဘေးရှောင်စခန်းများဖြစ်သော အမှတ် ၁၁ အခြေခံပညာအထက်တန်းကျောင်း၊ ဓမ္မပီယဘုန်းတော်ကြီးကျောင်း၊ ရွှေစေတီဘုန်းတော်ကြီးကျောင်း၊ အမက(လှိုင်)နှင့် သဒ္ဓမ္မစေတနာဘုန်းတော်ကြီးကျောင်းများသို့ ရောက်ရှိပြီး ပြည်သူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြား၍ တစ်ပတ်စာဆန်ရိက္ခာဖိုးငွေနှင့် ကာဘော်လစ်ဆပ်ပြာတုံးများ ထောက်ပံ့ပြီး သက်ကြီးရွယ်အိုဘိုးဘွားများအား ငွေကြေးထောက်ပံ့ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းတွင် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် လူမှုအဖွဲ့အစည်းများက ၎င်းတို့၏အဖွဲ့အစည်းလုပ်ငန်းအခြေအနေနှင့် ပါဝင်ဆောင်ရွက်နိုင်မည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ အရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်မည့်လုပ်ငန်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေရှင်းဆွေးနွေးခဲ့ကြသည်။

မွန်ပြည်နယ်အတွင်း ဇွန် ၁၆ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ရေကြီး နစ်မြုပ်ခြင်းများဖြစ်ပွားခဲ့ရာ နေရာအချို့တွင် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ပြီး ဇွန် ၁၇ ရက်အထိ စာရင်းကောက်ယူရရှိမှုများမှာ မော်လမြိုင်မြို့တွင် အိမ်ခြေ ၆၅ လုံး၊ အုတ်တံတိုင်းပြိုကျမှု ၁၇ နေရာ၊ တံတား တစ်စင်း၊ ချောင်းဆုံမြို့တွင် အိမ်ခြေ နှစ်လုံး၊ အုတ်တံတိုင်းပြိုကျမှု သုံးနေရာ၊ ကျိုက်မရောမြို့တွင် တံတား တစ်စင်း၊ မုဒုံမြို့တွင် အိမ်ခြေ အလုံး ၂၀၊ ရေးမြို့တွင် တံတား တစ်စင်းတို့ဖြစ်ကြပြီး ဘာသာရေး အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဓာတ်မီးတိုင်နှင့် ဖုန်းတိုင်များ၊ လယ်ယာမြေ ဧက ၃၁၈၀ နှင့် သီးနှံစိုက်ခင်းအချို့ ပျက်စီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပွင့်ဖြူမြို့နယ်တွင် မုန်းချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှု ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ပွင့်ဖြူ ဇွန် ၁၈**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဇွန် ၉ ရက်မှ ၁၄ ရက်အထိ မိုးများ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် မုန်းချောင်းရေများ တိုးမြင့်လာခဲ့သည့်အတွက် မုန်းချောင်း ကမ်းပါးပြိုကျမှုများ ဖြစ်ပွားလျက်ရှိပြီး ဇွန် ၁၇ ရက် နံနက်ပိုင်းက ပွင့်ဖြူမြို့နယ် ရွှေလှေကျေးရွာအုပ်စု ရွာထောင်ကျေးရွာတွင် မုန်းချောင်းရေ တိုက်စားမှုကြောင့် မုန်းချောင်းကမ်းပါးပြိုကျမှုများဖြစ်ပွားကာ ဒေသခံများ ကိုးကွယ်လျက်ရှိသည့် ယခင် ဘုန်းတော်ကြီးကျောင်းဝင်းမြေအတွင်းရှိ ဘုရားဆင်းတုတော် ငါးဆူမှာ မုန်းချောင်းကမ်းပါးနှင့် တဖြည်းဖြည်း နီးကပ်လာနေသည့်အတွက် ကျေးရွာသူ ကျေးရွာသားများက အဆိုပါ ဘုရားဆင်းတုတော် ငါးဆူအား ရေတိုက်စားမှုကြောင့် မျောပါမသွားစေရန် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ရွှေလှေကျေးရွာအုပ်စု ရွာထောင်ကျေးရွာမှ ဒေသခံပြည်သူများထံမှ သိရသည်။

“ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်မှာ ယခုလ ၉ ရက်နေ့ကနေ ၁၄ ရက်နေ့အထိ မိုးအဆက်မပြတ် ရွာသွန်းခဲ့လို့ မြို့နယ်အတွင်း ကျေးရွာတော်တော်များများ မုန်းချောင်းရေ တိုးမြင့်ပြီး လူနေအိမ်တွေ ရေဝင်ရောက်မှု ဖြစ်ပေါ်ခဲ့ပါတယ်။ ဒ့ါအပြင် တချို့ကျေးရွာတွေမှာ မုန်းချောင်းရေ တိုက်စားလို့ မုန်းချောင်းကမ်းပါး ပြိုကျမှုတွေ ဖြစ်ပေါ်ခဲ့ပြီး လူနေအိမ်တွေ ရွှေ့ပြောင်းရတဲ့ အနေအထားတွေ ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ ပွင့်ဖြူ မြို့နယ် ရွှေလှေကျေးရွာအုပ်စု မရိုးကုန်းကျေးရွာမှာဆိုရင် လူနေအိမ် ၇၅ လုံးခန့် မုန်းချောင်းကမ်းပါးပြိုကျခဲ့လို့ ရွှေ့ပြောင်းခဲ့ရပါတယ်။ ဒီနေ့မနက်ပိုင်းမှာလည်း ရွှေလှေကျေးရွာအုပ်စု ရွာထောင်ကျေးရွာမှာ ကျေးရွာနေပြည်သူတွေ တည်ထားကိုးကွယ်တဲ့ အရင်ဘုန်းတော်ကြီးကျောင်းမြေအတွင်းရှိ ဘုရားဆင်းတုတော် ငါးဆူမှာ မုန်းချောင်းကမ်းပါးပြိုကျလို့ တဖြည်းဖြည်းနဲ့ မုန်းချောင်းကမ်းပါးအခြေထိ ရောက်ရှိနေပါပြီ။ ဒါကြောင့် ဒီနေ့မနက်ပိုင်းက ကျေးရွာသူကျေးရွာသားတွေ စုပေါင်းပြီးတော့ ဘုရားဆင်းတုတော် ငါးဆူကို ရေတိုက်စားမှုကြောင့် မျောပါမသွားအောင် သစ်ကိုင်းတွေခုတ်ချပြီး ကမ်းပြိုကာကွယ်ရေး လုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်နေကြပါတယ်။ အခုဆိုရင် ဒီရွာထောင်ကျေးရွာမှာ



မုန်းချောင်းကမ်းပါး ပြိုကျလို့ လူနေအိမ် ရှစ်လုံး ပြောင်းရွှေ့ထားရ ပါတယ်”ဟု ရွှေလှေကျေးရွာအုပ်စု ရွာထောင်ကျေးရွာ ရပ်/ကျေးစာရေး ကိုရာဇာကျော်က ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# မိုးသည်းထန်စွာရွာ၍ တောင်ကျရေစီးဆင်း ပြည်ထောင်စုကားလမ်းမကြီး ရေလွှမ်းမိုး

**ကရသူရီ ဇွန် ၁၈**
ကရသူရီမြို့ ဟန်ကပြုကျေးရွာ တောင်ဒဂုံဆီအုန်းပျိုးခင်းရှေ့ မိုင်တိုင်အမှတ်(၁၆၆/၃)နေရာ၌ ပြည်ထောင်စုကားလမ်းမကြီးသည် ယနေ့နံနက်ပိုင်းက မိုးသည်းထန်စွာရွာ၍ တောင်ကျရေစီးဆင်းမှုများသောကြောင့် လမ်းမကြီးမှာ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့သည်။

အဆိုပါနေရာအနီး မိုင်တိုင်အမှတ်(၁၆၆/၂)နေရာရှိ ကွန်ကရစ်တံတားသည်လည်း ချောင်းရေစီးမှုများသဖြင့် အမှိုက်သရိုက်များ ပိတ်ဆို့နေခြင်းကို ဘုတ်ပြင်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကရသူရီမြို့ အုပ်ချုပ်ရေးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ စစ်သည်များက ဝိုင်းဝန်းရှင်းလင်းဖယ်ရှားခဲ့ကြပြီး ခရီးသွားယာဉ်များကိုလည်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်ကျချောင်းရေစီးဆင်းမှုသည် ယခုရက်ပိုင်းတွင် ကရသူရီမြို့၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် တောင်ကျရေများကာ ရေလျှံမှုဖြစ်ပေါ်ခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် ရေပြန်ကျ၍ ယခင်အတိုင်း သွားလာလျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန် ကာလတိုသင်တန်းများ ဖွင့်လှစ်နိုင်ရေး အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၈**

ပညာရေးဝန်ကြီးဌာနက ဦးဆောင်၍ နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရန် ရည်ရွယ်လျက် ကာလတိုသင်တန်းများဖြစ်သော အင်္ဂလိပ်စာ အခြေခံသင်တန်း၊ ICT ကျွမ်းကျင်မှုအခြေခံသင်တန်းနှင့် ဥပဒေရေးရာ အခြေခံသင်တန်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၂၁) စဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြုပြင်ပြောင်းလဲမှုများကို သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်များနှင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် အရာထမ်းများ၊ အမှုထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရန် အရေးကြီးပါကြောင်း၊ သို့မှသာ ဝန်ကြီးဌာန အသီးသီး၏ မျှော်မှန်းချက်ရလဒ်များ အောင်မြင်နိုင်ရန် အရည်အသွေးပြည့်ဝစွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်စွမ်းရှိဖို့လည်း လိုအပ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအား တစ်သက်တာ သင်ယူနိုင်မည့် အခွင့်အလမ်းများ၊ အရည်အသွေး မြင့်မားရေး စဉ်ဆက်မပြတ် ဖြည့်ဆည်းသွားရမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ အရည်အသွေး မြှင့်တင်ရေးအတွက် အင်္ဂလိပ်စာဘာသာစကားကျွမ်းကျင်မှု သင်တန်းများ၊ ICT ကျွမ်းကျင်မှုဆိုင်ရာ အခြေခံသင်တန်း၊ ဥပဒေရေးရာ အခြေခံသင်တန်း စသည်တို့နှင့် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံ၊ ကိုရီးယားဘာသာစကားနှင့် ဂျပန်ဘာသာစကားသင်တန်းများလည်း ဝန်ကြီးဌာနအသီးသီးရှိ နိုင်ငံ့ဝန်ထမ်းများအတွက် နေပြည်တော်တွင် ဖွင့်လှစ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် အဆင့်မြင့်ပညာ ဦးစီးဌာနအောက်ရှိ သက်ဆိုင်ရာတက္ကသိုလ်များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်း ကိုယ်စားလှယ်များ သင်တန်းတစ်ခုတည်း စုပေါင်းတက်ရောက်ခြင်းဖြင့် ဝန်ကြီးဌာနအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုလွယ်ကူလာစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ထို့နောက် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် သင်တန်းများ အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေး တင်ပြကြသည်။

အဆိုပါအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ခတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲ ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် ဇွန် ၁၈**

၂၀၁၈ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ခတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများအတွက် ဆုရသူများစာရင်းကို ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ဒေါ်မေစိမ်းဝင်း (ကောင်းကင်မေ - စီးပွားရေးတက္ကသိုလ်)၏ "ပထမဆုံးခြေလှမ်း" ဝတ္ထုတိုက ပထမ၊ ဦးစိုးမြင့်(ရဲမင်းစိုး)၏ "မူးယစ်ရန်စွယ် ကာကွယ်ပယ်ရှင်း အသက်နှင်း၍" ဝတ္ထုတိုက ဒုတိယ၊ ကိုကျော်သက်(သားချစ်-ပရဟိတ)၏ "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့" ဝတ္ထုတိုက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် ဒေါ်ခင်အုန်းမြင့် (နန္ဒာခင်-သက္ကလမြေ)၏ "ညအိပ်ရာဝင်ပုံပြင်တစ်ပုဒ်"၊ ဒေါ်နန်းစောညွန့်(စောငယ်ငယ်-မိုးညှင်း)၏ "အသက်နှင့် ရင်းခဲ့ရသောနောင်တ"၊ ဦးသောင်းထွေး (သောင်းထွေး-ရွှေဟိုင်းမြေ)၏ "ပုံပြင်မဟုတ်သော"ဝတ္ထုတိုတို့က ဆုများရရှိကြသည်။

### ဆောင်းပါးပြိုင်ပွဲ

ဆောင်းပါးပြိုင်ပွဲတွင် ဗိုလ်ကြီးညွန့်ဝင်း-ငြိမ်း(ဘုန်းမောင်ဝင်း-ဖျာပုံ)၏ "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့" ဆောင်းပါးက ပထမ၊ ဒေါ်ခင်နှင်းရီ (ခင်နှင်းရည်-ရန်ကုန်တက္ကသိုလ်)၏ "လူသားရင်းမြစ်မျိုးဆက်သစ် မူးယစ်မှန်သမျှ တိုက်ဖျက်ပစ်" ဆောင်းပါးက ဒုတိယ၊ ဒေါ်ခင်အုန်းမြင့် (နန္ဒာခင်-သက္ကလမြေ)၏ "အရင်းစစ်သော် အမြစ်မြေက မူးယစ်မှန်သမျှ တိုက်ဖျက်ကြ" ဆောင်းပါးက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် ဦးစိန်ဝင်း(ပန်းမြိုင်လယ်စိန်ဝင်း)၏ "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့"၊ ဦးသန်းစိန်(မောင်ငြိမ်းချမ်း-ဟသ်ာမြေ)၏ "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့"၊ ဦးဆန်းဦး(မင်းလပြည့်)၏ "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့" ဆောင်းပါးတို့က ဆုများရရှိကြသည်။

ကဗျာပြိုင်ပွဲတွင် ဦးဝင်းထွန်း(ထွန်းထွန်း-လားရှိုး)၏ "မူးယစ်မှန်သမျှ ဆိတ်သုဉ်းစေ အနာဂတ်မှာပန်းတွေဝေ" ကဗျာက ပထမ၊ ဦးသိန်းဇော်(ကြည်သိန်းဇော်)၏ "နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့" ကဗျာက ဒုတိယ၊ ဦးမြင့်သိန်း(မောင်မင်းသိမ်း-သရက်)၏ "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့" ကဗျာက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးအေးမော်(ဇီးကုန်းအေးမော်)၏ "လူသားရင်းမြစ်မျိုးဆက်သစ် မူးယစ်မှန်သမျှ တိုက်ဖျက်ပစ်"၊ မောင်ကောင်းပြည့်စုံ (မောင်မောင်ကောင်း - လေကြောင်း/အာကာ)၏ "နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့"၊ ဒေါ်ထားရှင် (ရှင်ထား-မြိတ်)၏ "လူသားရင်းမြစ်မျိုးဆက်သစ် မူးယစ်မှန်သမျှ တိုက်ဖျက်ပစ်"ကဗျာတို့က ဆုများရရှိကြသည်။

### တေးသီချင်းပြိုင်ပွဲ

တေးသီချင်းပြိုင်ပွဲတွင် ဗိုလ်ကြီးညာဏ်ပိုင်စိုး(စစ်သူ)၏ "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်ဆေးဝါး တိုက်ဖျက်စို့" တေးသီချင်းက ပထမ၊ ဒေါ်ခင်စန္ဒီစိမ့်(အလင်္ကာမေ)၏ "ကမ္ဘာမြေမှာပပျောက်သွားဖို့အရေး မူးယစ်ဆေး" တေးသီချင်းက ဒုတိယ၊ ဗိုလ်ကြီးထွန်းထွန်းလတ်(ဘခက်)၏ "အန္တရာယ်ပေးမူးယစ်ဆေး" တေးသီချင်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးသန်းကိုကိုထွန်း(ဂစ်တာကိုငယ်)၏ "မူးယစ်ဆေးရှောင်ပါ လက်မနှေး"၊ ဒေါ်ခင်မိုးထွေး(မိုးသူ-သုခုမ)၏ "အဆိပ်ပန်းကင်းစင်ဒါတို့ပြေ(ပြည်)"နှင့် မလဲ့လဲ့(တေးရေးလဲ့လဲ့) ၏ "အနာဂတ်တို့လှစေမယ်" တေးသီချင်းတို့က ဆုများရရှိကြသည်။

ခတ်ပုံပြိုင်ပွဲတွင် ဦးခင်မောင်လွင်၏ "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့" က ပထမ၊ ဝင်းဇော်ဦး(မင်းဘူး)၏ "လူငယ်ဘဝတိုးတက်ဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့"က ဒုတိယ၊ ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)၏ "လူငယ်ဘဝတိုးတက်ဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့" က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ပိုင်စိုးထွန်း (ရမ္မာသဥ္စာ)၏ "မူးယစ်ကင်းဝေးကျန်းမာရေး အားကစားနှင့်မြှင့်တင်ပေး"၊ ယမင်းဝင်းလှိုင်၏ "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့"နှင့် မင်းသူ (ပုဂံမင်းသူ)၏ "အနာဂတ်ပန်းလေးတွေလန်းစေဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့"တို့က ဆုများရရှိကြသည်။

### ကွန်ပျူတာပိုစတာပြိုင်ပွဲ

ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် ရဲဒုတပ်ကြပ်သက်ဇော်မင်း (သက်ဇော်မင်း)၏ "နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့"က ပထမ၊ ဒေါ်လွင်လွင်ဘုန်း၏ "မူးယစ်ကင်းဝေးကျန်းမာရေး အားကစားနှင့်မြှင့်တင်ပေး"က ဒုတိယ၊ မဝင့်ကေခိုင်မြင့်၏ "နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့" က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်စိုင်းသီဟအောင်၏ "မူးယစ်ကင်းဝေးကျန်းမာရေး အားကစားနှင့်မြှင့်တင်ပေး"၊ အေးလွင်ဦး (အေးလွင်ဦး-ရွှေပန်းချီ၊ ရမည်းသင်း)၏ "လူငယ်ဘဝတိုးတက်ဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့"၊ မနှင်းဝတ်ရည်သိန်း၏ "လူငယ်ဘဝတိုးတက်ဖို့ မူးယစ်ဆေးကိုဆန့်ကျင်စို့"တို့က ဆုများရရှိကြသည်။

ပန်းချီမူလတန်းအဆင့်ပြိုင်ပွဲတွင် မောင်ဥက္ကာမျိုးကျော် အထက(၃) ပဲခူးက ပထမ၊ မောင်ဘုန်းပြည့်စုံပိုင် @Juan (YAIS) Yangon Academy International School ဗဟန်းက ဒုတိယနှင့် မဖူးကေခြည် အမက(၃၀) မြောက်ဥက္ကလာပက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မရှင်းသက်အိမ် အမက(၂) လ(ခွဲ) တာကလေးဟသ်ာတ၊ မနန်းဇင်ယုလှိုင် ကောင်းစုံပညာ့ရိပ်မွန်ကိုယ်ပိုင်အထက်တန်းကျောင်း ရွှေပြည်သာနှင့် မယွန်းဝတီထွန်း မူလတန်းလွန်ကျောင်း(ဗဟို) သန်လျင်တို့က ဆုများရရှိကြသည်။

### ပန်းချီအလယ်တန်းအဆင့်ပြိုင်ပွဲ

ပန်းချီအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မယွန်းပိုပိုအောင် အထက(၂) လသာကပထမ၊ မထက်တင်ဇာမြင့် အထက(၂) စမ်းချောင်းက ဒုတိယနှင့် မရိုက်စ်လွမ်းနော အထက(၇) လားရှိုးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်လျှမ်းပြည့်အောင် ကောင်းစုံ ပညာ့ရိပ်မွန်ကိုယ်ပိုင်အထက်တန်းကျောင်း ရွှေပြည်သာ၊ မောင်သွင်ထူးအောင် ဥယျာဉ်မှူး ကိုယ်ပိုင်အလယ်တန်းကျောင်း၊ မကွေးနှင့် မမြတ်ရွှန်းလက်ညာဏ် အထက(၁)သန်လျင်တို့က ဆုများရရှိကြသည်။

ပန်းချီအထက်တန်းအဆင့် ပြိုင်ပွဲတွင် မဖြူဇင်သန့် အထက(၃၀) ချမ်းမြသာစည်က ပထမ၊ မကေဇင်ဝတ်ရည် လေ့ကျင့်ရေးအထက်တန်းကျောင်း ရန်ကုန်ပညာရေးတက္ကသိုလ် ကမာရွတ်က ဒုတိယနှင့် မောင်မြင့်မြတ်ထွန်းနိုင် အထက(၄) သန်လျင်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မရှင်းသန့်သီရိ အထက(၁) သန်လျင်၊ မထက်နှင်းပွင့် အထက(၁) သန်လျင်နှင့် မဖြိုးပြည့်ပြည့်ကျော် အထက(၂) အင်းစိန်တို့က ဆုများရရှိကြသည်။

ကာတွန်းမူလတန်းအဆင့်ပြိုင်ပွဲတွင် မဆင့်ဆင့်လင်းလဲ့ အမက(၂၀) ပုသိမ်က ပထမ၊ မကြယ်စင်လင်းလက် Precious Education Centre ကိုယ်ပိုင်အထက်တန်းကျောင်း ပုသိမ်က ဒုတိယနှင့် မဖူးပွင့်ဖြိုး မြို့မအလက(ခွဲ) တောင်ငူက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဇွဲသက်ဇင် အထက(၂) ကျောက်တန်း၊ မမိုင်းမိုင်အောင် အထက(ခွဲ)လ(၃) မြစ်ကြီးနားနှင့် မနန်းကေဇင်လင်း အမှတ်(၂) မူလွန် မင်္ဂလာလှိုင်ကော်တို့က ဆုများရရှိကြသည်။

### ကာတွန်းအလယ်တန်းအဆင့်ပြိုင်ပွဲ

ကာတွန်းအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မောင်တိုးဝေအောင် ကောင်းထက်ကျော်ကိုယ်ပိုင်အထက်တန်းကျောင်း ဗဟန်းက ပထမ၊ မောင်ကိုကိုချစ် အထက(၁)ဒဂုံက ဒုတိယနှင့် မအင်ကြင်းမိုး အထက(၄) အလုံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဟန်ထူးအောင် St. John's Private School ပုသိမ်၊ မောင်ညာဏ်စွမ်းထက်အောင် အထက(၂) ဒဂုံနှင့် မအိပြည့်ဖူးခင် St. John's Private School ပုသိမ်တို့က ဆုများရရှိကြသည်။

ကာတွန်းအထက်တန်းအဆင့်ပြိုင်ပွဲတွင် မောင်ရှင်းသန့်အောင် အထက(၁) စလင်းမြို့နယ်က ပထမ၊ မဟန်စုရည်ထွန်း အလက(၁) ဒဂုံက ဒုတိယနှင့် မောင်မင်းခန့်ကျော် လေ့ကျင့်ရေးအလယ်တန်းကျောင်း ရန်ကင်းပညာရေးကောလိပ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်စံသုတ အထက(၂) သန်လျင်၊ မရွှေရည်ဝင်းထက် အထက(၂) စမ်းချောင်းနှင့် မစန္ဒကူးဇော် အထက(၂) ကျောက်တန်းတို့က ဆုများရရှိကြသည်။

ပိုစတာမူလတန်းအဆင့်ပြိုင်ပွဲတွင် မောင်Greatဇေလွမ်း အထက(၇) လားရှိုးက ပထမ၊ မဆောင်းအိရွှန်းလဲ့ Precious Education Centre ပုသိမ်မြို့က ဒုတိယနှင့် မခြူးသံသာကျော် @Lilian(YAIS) Yangon Academy International School ဗဟန်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မမှူးကြယ်စင်ချို အထက ပုသိမ်ကြီး၊ မောင်ကိုကိုသက်နိုင် အလက နားခါမိုးညှင်းနှင့် မညေးမြာ အလကနမ့်ကွတ် လွိုင်ကော်တို့က ဆုများရရှိကြသည်။

ပိုစတာအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မောင်ဟိန်းဆက်အောင် လေ့ကျင့်ရေးအလယ်တန်းကျောင်း တောင်ငူပညာရေးကောလိပ်က ပထမ၊ Mg Han Htoo Aung (St. John's Private School) ပုသိမ်က ဒုတိယနှင့် မောင်ထက်ဝေယံဟိန်း အထက(၁) ဒေးဒရဲက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်အောင်စစ်ပိုင် အထက(ခွဲ)လ(၁၄)အောင်မြေသာစံ၊ မရွှန်းသစ်သစ်ဦး အထက(၁၆) ချမ်းအေးသာစံနှင့် မောင်သွင်ထူးဆက် အလက(၃) မြောက်ဒဂုံတို့က ဆုများရရှိကြသည်။

ပိုစတာအထက်တန်းအဆင့်ပြိုင်ပွဲတွင် မအိကျော်ကျော်ဘို အထက(၄) ကျောက်မဲက ပထမ၊ မဆုမြတ်ဖြိုး The Great Success ကိုယ်ပိုင်အထက်တန်းကျောင်း မြောက်ဒဂုံက ဒုတိယနှင့် မောင်ချမ်းမြေ့ကို အထက(၁၇) အောင်မြေသာစံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်စံသုတ အထက(၂) သန်လျင်နှင့် မောင်ဝေယံအောင် ပညာနန်းတော်ကိုယ်ပိုင်အထက်တန်းကျောင်း မကွေးတို့က ဆုများရရှိကြသည်။

ကွန်ပျူတာပန်းချီအလယ်တန်းအဆင့် ပြိုင်ပွဲတွင် မောင်ကျော်စည်သူဇင် Precious Education Centre ကိုယ်ပိုင်အထက်တန်းကျောင်း ပုသိမ်မြို့က ပထမ၊ မသင်းရနံ့စံ ဥယျာဉ်မှူးကိုယ်ပိုင်အလယ်တန်းကျောင်း မကွေးက ဒုတိယနှင့် မထက်တင်ဇာမြင့် အထက(၂) စမ်းချောင်းက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မမဒီခြိမ့် အထက(၃) ပဲခူး၊ မမေဝန်းခင် အလကကန်သာ မကွေးနှင့် မဆုသံစဉ် ဥယျာဉ်မှူးကိုယ်ပိုင်အလယ်တန်းကျောင်းမကွေးတို့က ဆုများရရှိကြသည်။

### ကွန်ပျူတာ ပန်းချီ အထက်တန်းအဆင့်ပြိုင်ပွဲ

ကွန်ပျူတာ ပန်းချီ အထက်တန်းအဆင့်ပြိုင်ပွဲတွင် မအိမ့်သူသူမွန် အထက (၈) မော်လမြိုင်က ပထမ၊ မစုပြည့်သွယ် အထက(၇)တောင်ငူက ဒုတိယနှင့် မဆုရည်မွန်မြင့် အထက(၂) ဗဟန်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဇွဲဝံ့ထူး နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်း မကွေး၊ မနေခြည်သင်း ထ(ခွဲ)လ (၄)မော်လမြိုင်နှင့် မခင်ညာဏ်သင်း ဥယျာဉ်မှူးကိုယ်ပိုင်အလယ်တန်းကျောင်း မကွေးတို့က ဆုများရရှိကြသည်။

ဆောင်ပုဒ်ပြိုင်ပွဲတွင် ဒေါ်တိုးတိုးနွယ် ပြန်/ဆက်ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးက "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့"၊ ဦးမင်းသုခပြည့်စုံ ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးက "မူးယစ်ကင်းဝေးကျန်းမာရေး အားကစားနှင့် မြှင့်တင်ပေး"၊ ဦးမင်းမင်းဇော် မြန်မာ့သတင်းစဉ်(ပြည်တွင်း) နေပြည်တော်က "နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့"၊ ဒေါ်ခင်ဆွေမျိုးတင် ကျောက်ဆည်မြို့ မန္တလေးတိုင်းဒေသကြီးက "လူငယ်ဘဝတိုးတက်ဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့"နှင့် မစန်းဆုရည်သန့် ရန်ကုန်တက္ကသိုလ် ရန်ကုန်တိုင်းဒေသကြီးက "လူသားရင်းမြစ် မျိုးဆက်သစ် မူးယစ်မှန်သမျှ တိုက်ဖျက်ပစ်" ဆောင်ပုဒ်တို့က ဆုများရရှိကြကြောင်း သိရသည်။ **သတင်းစဉ်**



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့်အဖွဲ့ တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်း၌ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ ကြည့်ရှုလေ့လာကြစဉ်။

**❖ ကုလသမဂ္ဂမှ**

ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများအား တွေ့ဆုံပြီး ရခိုင်ပြည်နယ်၏ လတ်တလောအခြေအနေများ၊ လက်ရှိဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့နှင့်အတူ ရဟတ်ယာဉ်ဖြင့် မြေပုံမြို့သို့ သွားရောက်ပြီး တောင်ပေါ်ရပ်ကွက်ရှိ IDP Camp တွင် နေထိုင်ကြသူများနှင့် တွေ့ဆုံသည်။ ထိုမှတစ်ဆင့် စစ်တွေမြို့ သက္ကယ်ပြင်ကျေးရွာသို့ သွားရောက်ကာ IDP Camp တွင် နေထိုင်ကြသည့် မိသားစုဝင်များနှင့်တွေ့ဆုံပြီး ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ရဟတ်ယာဉ်ဖြင့် တောင်ပြိုလက်ဝဲမြို့သို့ ရောက်ရှိပြီး နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်တံတားသို့ သွားရောက်ကြည့်ရှုကာ ပြန်လည်လက်ခံရေးစခန်းတွင် ဝန်ကြီးဌာနများက ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများကို ကြည့်ရှုလေ့လာကြသည်။ ယင်းနောက် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းသို့ သွားရောက်ကာ နယ်နိမိတ်မျဉ်းအနီး နေထိုင်ကြသူများအား တွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် ကြိမ်ချောင်းကျေးရွာ ရှင်းလင်းဆောင်တွင် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များတွင် အိမ်ရာဆုံးရှုံးခဲ့ရသည့် မိသားစုဝင်များအတွက် အိမ်ရာများ ဆောက်လုပ်ပေးမည့် အစီအစဉ်များကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး ဆောက်လုပ်ပြီးစီးသည့် အဆောက်အအုံများကို လှည့်လည်ကြည့်ရှုကြသည်။ ယင်းနောက် လှဖိုးခေါင်ယာယီစခန်းကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဖြစ်စဉ်များအတွင်း အသက်ဆုံးရှုံးခဲ့ရသည့် အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များ၊ မြို တိုင်းရင်းသားမိသားစုဝင်များနှင့်တွေ့ဆုံပြီး သိလိုသည်များကို မေးမြန်းကာ အားပေးစကားပြောကြားသည်။

ယင်းနောက် ပန်းတောပြင်ကျေးရွာသို့ ရောက်ရှိကာ အကြမ်းဖက် ဖြစ်စဉ်များအတွင်း နေရပ်စွန့်ခွာမပြေးဘဲ ကျန်ရှိနေခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောက်လုပ်ပေးထားသည့် အဆောက်အအုံများတွင် နေထိုင်လျက်ရှိသည့် မိသားစုဝင်များအား တွေ့ဆုံကာ အဆောက်အအုံများအတွင်း ဝင်ရောက်ကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် စစ်တွေလေဆိပ်သို့ ပြန်လည်ရောက်ရှိပြီး စစ်တွေလေဆိပ်မှဆစ်ဆင့် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

**သတင်း-အောင်သူရ နေဝင်းထွန်း၊ ဓာတ်ပုံ-ခင်မောင်ဝင်း**

# စစ်တွေမြို့၌ မသန်စွမ်းသူများ၏ ဘဝမြှင့်တင်ရေးနှင့် ပြန်လည်ထူထောင်ရေး တွေ့ဆုံဆွေးနွေး



**စစ်တွေ ဇွန် ၁၈**

နိုင်ငံသား မသန်စွမ်းသူများ လုပ်ငန်းခွင်ဝင်ရောက်နိုင်မှု တိုးမြှင့်ရရှိရေး၊ မသန်စွမ်းသူများ၏ ဘဝမြှင့်တင်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍများအတွက် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေဟိုတယ်ခန်းမ၌ ကျင်းပသည်။


ဆွေးနွေးပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက မြန်မာနိုင်ငံတွင် မသန်စွမ်းသူများအသင်း ဖွဲ့စည်းတည်ထောင်ပြီးနောက်ပိုင်း မသန်စွမ်းသူများအခွင့်အရေး ဥပဒေများပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ ပြည်သူများကလည်း မသန်စွမ်းသူများကို အားပေးအားမြှောက်ပေးရမည့် အသိအမြင်များရရှိလာသည်ကိုတွေ့ရှိရပါကြောင်း၊ သို့သော်လည်း မသန်စွမ်းသူများအတွက် လုပ်ဆောင်ပေးစရာ အများကြီးရှိပါကြောင်း၊ ဥပမာအခြေခံ အဆောက်အအုံမှအစ လုပ်ဆောင်ပေးစရာများရှိပါကြောင်း၊ ထို့ကြောင့် ယခုဆွေးနွေးပွဲတွင် မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ မည်သို့ရရှိနိုင်မည်၊ လုပ်ငန်းရှင်များက မည်သို့ကူညီဆောင်ရွက်ပေးနိုင်မည်ကို ကောင်းမွန်သော အဖြေတစ်ခုရရှိလာအောင် ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မသန်စွမ်းသူများအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်လွင်ဦးက အသင်းချုပ်ပေါ်ပေါက်လာပုံ၊ ရပ်တည်မှု၊ နှစ်နှစ်တာကာလ လုပ်ငန်းဆောင်ရွက်မှုများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အထွေထွေအတွင်းရေးမှူး ဦးမြတ်သူဝင်းက အခွင့်အရေးကိုအခြေခံသည့် မသန်စွမ်းမှုဆိုင်ရာအမြင်ကို ရှင်းလင်းတင်ပြသည်။

အဆိုပါဆွေးနွေးပွဲတွင် ဉာဏ်ရည်မသန်စွမ်းသူများ၊ အမြင်အာရုံ မသန်စွမ်းသူများ၊ အကြားအာရုံမသန်စွမ်းသူများနှင့် ကိုယ်အင်္ဂါမသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းမှ အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများ၏ လက်ရှိရင်ဆိုင်နေရသည့် အခက်အခဲများနှင့် အနာဂတ်ရည်မှန်းချက်များကို တက်ရောက်လာကြသူများက တစ်ရက်ကြာ ဆွေးနွေးကြမည်ဖြစ်ကြောင်းသိရသည်။

ဆွေးနွေးပွဲသို့ ပြည်နယ်လူမှုရေးဝန်ကြီး၊ စစ်တွေတက္ကသိုလ်ပါမောက္ခချုပ်၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းမှ အထွေထွေ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**




**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန်ရပ်ကွက် မင်္ဂလာသီရိ ပင်လုံလမ်းမကြီးပေါ်ရှိ အမှတ် (၅၂၉/၁) အဆောက်အအုံတွင် ၁၅၄ ခုမြောက် ကမ္ဘာ့ရတနာဘဏ် (အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)ဖွင့်ပွဲကို ဇွန် ၁၈ ရက်က ကျင်းပစဉ်။**

အေးသန်း(စိန်တုံးကြီး)

# ရခိုင်ပြည်နယ်အတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ကြေးစည်းမျဉ်း သတ်မှတ်

**နေပြည်တော် ဇွန် ၁၈**

နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များ၏ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အခြေအနေများ တိုးတက်ကောင်းမွန်စေရေး ရည်ရွယ်၍ ငွေကြေးထောက်ပံ့ခြင်းနှင့် အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယင်းလုပ်ငန်းအစီအစဉ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် အကျိုးခံစားသူစာရင်းများ ကောက်ယူခြင်းဖြင့် စတင်ခဲ့ပြီး ယခုအခါ ထောက်ပံ့ကြေး သုံးကြိမ် ထောက်ပံ့ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ထိုသို့ထောက်ပံ့ပေးရာတွင် အစီအစဉ်၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် အကျိုးခံစားသူများအနေဖြင့် ကိုယ်ဝန်ဆောင်ချိန်နှင့် ကလေးအသက်နှစ်နှစ်ပြည့်သည့်အချိန်အထိ ကျန်းမာရေးဝန်ထမ်းများထံမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူစေရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သော အလေ့အကျင့်ကောင်းများ ကျင့်သုံးလာစေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၈ ခုနှစ် ခြောက်လဘဏ္ဍာနှစ်တွင် အကျိုးခံစားသူ ကိုယ်ဝန်ဆောင်ဖြစ်ပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှု ခံယူထားသော ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုမှတ်တမ်းရှိသူ၊ အကျိုးခံစားခွင့်ရှိသူ ကလေးဖြစ်ပါက မွေးစာရင်းနှင့် ကာကွယ်ဆေးထိုးမှတ်တမ်းရှိသူများကိုသာ ထောက်ပံ့ကြေးထုတ်ပေးခြင်းနှင့် အကျိုးခံစားသူ စာရင်းကောက်ယူခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အစီအစဉ်အတွင်း အကျိုးခံစားသူအဖြစ် စာရင်းသွင်းထားသူများအနေဖြင့် အကျိုးခံစားခွင့်ငွေကြေးထုတ်ယူရာ၌ ကိုယ်ဝန်ဆောင်ကျန်းမာရေးစောင့်ရှောက်မှုမှတ်တမ်းစာအုပ်နှင့် အကျိုးခံစားခွင့်ရှိသူ ကလေးများအနေဖြင့် မွေးစာရင်းနှင့် ကာကွယ်ဆေးထိုး မှတ်တမ်းပြသနိုင်မှသာ လာမည့် ၂၀၁၈ ခုနှစ် ဇွန်လကုန်တွင် ထုတ်ပေးမည်ဖြစ်သော (ဧပြီ၊ မေနှင့် ဇွန်လများအတွက်) ထောက်ပံ့ကြေးအား ထုတ်ပေးမည်ဖြစ်ပါကြောင်းနှင့် နောင်စာရင်းသွင်းမည့်သူများအနေဖြင့် စာရင်းသွင်းရာတွင် ကိုယ်ဝန်ဆောင်ကျန်းမာရေးစောင့်ရှောက်မှု မှတ်တမ်းစာအုပ်ပြသနိုင်ရမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**

**❍ မြန်မာအမျိုးသမီးအသင်းမှ**

မြန်မာအမျိုးသမီးအသင်းသည် ထိုင်းခြေစမ်းခရီးစဉ် သွားရောက်ခဲ့သည့် ကစားသမား ၂၄ ဦးအနက် ကွင်းလယ်ကစားသမား သင်းသင်းယုကိုသာ လျှော့ချခဲ့ပြီး ကျန်ကစားသမား ၂၃ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ထိုင်းခြေစမ်းခရီးစဉ်မှ လိုအပ်ချက်များ၊ အားနည်းချက်များကို ပြန်လည်ပြင်ဆင်မည်ဖြစ်ပြီး နောက်ဆုံးပြင်ဆင်မှုအဖြစ် ဇွန် ၂၇ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုအဖြစ် နိုင်ငံတကာခြေစမ်းပွဲ သုံးပွဲ၊ ပြည်တွင်းခြေစမ်းပွဲ ၁၂ ပွဲ ယှဉ်ပြိုင်ကစားထားသည်။ မြန်မာအမျိုးသမီးအသင်းသည် အင်ဒိုနီးရှားနှင့် နောက်ဆုံးခြေစမ်းပွဲမတိုင်မီ ပြည်တွင်းခြေစမ်းပွဲကစားတော့မည်မဟုတ်ဘဲ လေ့ကျင့်ပြင်ဆင်မှုများသာ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းတွင် နည်းပြချုပ် ဦးဝင်းသူမိုး၊ လက်ထောက်နည်းပြ ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ ဂိုးနည်းပြ ဦးမြတ်ကိုမင်း၊ ကစားသမားများအဖြစ် ဂိုး-မေဇင်နွယ် (မြဝတီ)၊ ဇာဇာမြင့် (အားကစားနှင့်ကာယပညာဦးစီးဌာန)၊ သင်းသင်းစိုး (ဇွဲကပင်)၊ နောက်တန်း-ခင်သန်းဝေ၊ အေးအေးမိုး(မြဝတီ)၊ အိရတနာဖြိုး၊ ဝေဝေအောင်၊ ခင်မျိုးဝင်း (အားကစားနှင့်ကာယပညာဦးစီးဌာန)၊ ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ ယမင်းလွင် (သစ္စာအားမာန်)၊ အလယ်တန်း-ခင်မိုးဝေ၊ နော်အားလိုဝါးဖော၊ ခင်မိုမိုထွန်း၊ နီလာမြင့်၊ သန္တာမိုး(သစ္စာအားမာန်)၊ နုနု၊ ခင်မာလာထွန်း (အားကစားနှင့်ကာယပညာဦးစီးဌာန)၊ သန်းသန်းထွေး (ဇွဲကပင်)၊ ရှေ့တန်း-နီလာဝင်း၊ ဂျူလိုင်ကျော်(သစ္စာအားမာန်)၊ ရီရီဦး(အားကစားနှင့်ကာယပညာဦးစီးဌာန) နှင့် ဝင်းသီဂီထွန်း(မြဝတီ)တို့ ပါဝင်နေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**


# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းတောင့်တရာဖြစ်သော ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေး ရရှိစေရေးတို့ကို ရည်သန်၍ ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်းတွင် ရွှေပါရမီတောရဆရာတော် ဘဒ္ဒန္တ ဆန္ဒာဓိက၏ မတည်လှူဒါန်းမှု၊ ခုနစ်ရက်သားသမီး အလှူရှင်များ၏ ပေါင်းစုကောင်းမှုဖြင့် ထာဝရငြိမ်းချမ်းရေးစေတီတော်ကြီးကို တည်ထားလျက်ရှိသည်။

ယင်းသို့တည်ထားကိုးကွယ်ရာတွင် ထေရဝါဒ သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာ မဟာမင်္ဂလာ အခမ်းအနားကိုးမျိုးနှင့်အညီဖြစ်စေရေးအတွက် ထာဝရငြိမ်းချမ်းရေးစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံ ဩဝါဒခံယူပြီး ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ မဟာမင်္ဂလာကိုးမျိုးအနက် အနန္တရာယိက မြေသန့်မဟာမင်္ဂလာ၊ ရတနာပန္နက်တော်တင်တွင်းတော်ဝန်းမင်္ဂလာ၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာတို့ကို သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ဆောင်ရွက်ခဲ့ပြီးဖြစ်သောကြောင့် ဇွန် ၁၉ ရက်တွင် သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာကို ကျင်းပမည်ဖြစ်ပြီး အောက်ဖော်ပြပါ မဟာမင်္ဂလာ ငါးမျိုးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာ
(ခ) ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ
(ဂ) အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ
(ဃ) ရွှေထီးတော်တင် မဟာမင်္ဂလာ
(င) မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ

သို့ဖြစ်ပါ၍ ထာဝရငြိမ်းချမ်းရေးဖြစ်သော မြတ်နိဗ္ဗာန်ချမ်းသာကို မျက်မှောက်မျက်မြင် ရရှိနိုင်စေရန်၊ နိုင်ငံတော်ကြီး



ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် နိုင်ငံသူ နိုင်ငံသားများအနေဖြင့် ထာဝရငြိမ်းချမ်းရေး စေတီတော်တည်ဆောက်ရေးတွင် သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ နေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဦးသောင်းဝင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇-၃၄၀၆၂၇၆ ညွှန်ကြားရေးမှူး (ဝန်ကြီးရုံး) ရုံးအမှတ်(၃၁) နေပြည်တော် ဖုန်း-၀၉-၄၂၀၇၀၁၄၆၃
(ခ) ဦးမောင်မောင်မျိုး ထာဝရငြိမ်းချမ်းရေးစေတီတော်ပရိဝုဏ် ဖုန်း-၀၆၇-၃၅၅၀၁၈၃ ညွှန်ကြားရေးမှူး နေပြည်တော် ဖုန်း-၀၉-၂၁၃၂၁၉၁
(ဂ) ဦးကြင်ခိုင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဖုန်း-၀၁-၆၆၁၂၇၅ ညွှန်ကြားရေးမှူး ကမ္ဘာအေး ဘုရားဝင်း ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၈၃၄၇၁
(ဃ) ဦးကျော်စိန်ဝင်း နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဖုန်း-၀၂-၆၆၁၁၁၃ ညွှန်ကြားရေးမှူး ၆၂လမ်း မန္တလေးမြို့ ဖုန်း-၀၉-၂၀၀၀၁၀၀၊ ဖုန်း-၀၉-၄၃၁၂၅၃၇၃

## စစ်တွေခရိုင် စစ်တွေမြို့နယ်တရားရုံးရှိ တရားသူကြီးများနှင့် ရုံးဝန်ထမ်းများ၏ အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲ ကျင်းပ



**စစ်တွေ ဇွန် ၁၈**

ရခိုင်ပြည်နယ်တရားလွှတ်တော်နှင့် ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)တို့ ပူးပေါင်းဖွင့်လှစ်သည့် မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ဆောင်ရွက်မည့် စစ်တွေခရိုင် စစ်တွေမြို့နယ် တရားရုံးရှိ တရားသူကြီးများနှင့် ရုံးဝန်ထမ်းများ၏ အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရခိုင်ပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာဇော်ထွန်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ အခြေခံကွန်ပျူတာသင်တန်းကို မေ ၁၉ ရက်မှ ဇွန် ၁၇ ရက်အထိ တစ်လကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး ပြည်နယ်တရားလွှတ်တော်ရုံး စစ်တွေခရိုင်နှင့် စစ်တွေမြို့နယ် တရားရုံးတို့မှ အရာထမ်း၊ အမှုထမ်း ၃၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါသင်တန်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရေးဆွဲသည့် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းအရ နိုင်ငံတစ်ဝန်းတရားရုံးများတွင် ကျင့်သုံးမည့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်တွင် ပါဝင်သည့် စစ်တွေခရိုင်တရားရုံးနှင့် စစ်တွေမြို့နယ်တရားရုံးတို့ရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ရုံးဝန်ထမ်းများအား ကွန်ပျူတာကျွမ်းကျင်မှုရှိစေရေးအတွက် ပြည်နယ်တရားလွှတ်တော်နှင့် ကွန်ပျူတာတက္ကသိုလ် (စစ်တွေ)တို့ ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်းနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့ အမှတ် ၂၀ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ အမှတ် ၂၀ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး အမှတ် ၄ နယ်မြေရဲစခန်း စခန်းမှူး ဒု-ရဲမှူး ဦးခင်မောင်ဇော်က မူးယစ်နှင့်ဥပဒေအကြောင်း သိကောင်းစရာများ ဟောပြောခဲ့သည်။

ထိုနောက် စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်း မြို့နယ်အသင်းဥက္ကဋ္ဌ ဦးမြင့်ကြည်က မူးယစ်ဆေးဝါးသမိုင်းကြောင်း ဟောပြောပြီး စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်း မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးသန်းဦးက လူငယ်များနှင့် မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အကြောင်း ဟောပြောခဲ့ကြကြောင်း သိရသည်။

**၀၀၂**



## နမ့်လန်ဒေသရှိ ရေဘေးသင့်ပြည်သူများအား ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေနှင့် ကတ္တရာပုံးများ ပေးအပ်

**သီပေါ ဇွန် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ဒေသတွင် မိုးများစွာရွာသွန်းပြီး တောင်ကျရေများ ကျဆင်းကာ ရေကြီးရေလျှံမှုကြောင့် အိမ်ခြေပေါင်း ၁၉၆ လုံးနှင့် မြို့တွင်းရှိ မြို့လယ်လမ်းမကြီးနှင့် လမ်းသွယ် ၂၂ လမ်းတို့ ပျက်စီးသွားခဲ့သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် အလှူငွေ၊ လမ်းခင်းရန် ကတ္တရာပုံးများ ပေးအပ်ပွဲကို ဇွန်လ ဒုတိယပတ်က နမ့်လန်ကျေးရွာအုပ်စုခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းနှင့် ရပ်မိရပ်ဖများ၊ ရေဘေးသင့်ဒေသခံပြည်သူများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီး များက အားပေးစကားများ ပြောကြားကာ ပြည်နယ်အစိုးရအဖွဲ့၏ ကူညီထောက်ပံ့ငွေကျပ် သိန်း ၁၀၀ ကို နမ့်လန်အုပ်စု အုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက နမ့်လန်ဒေသရှိ ပျက်စီးသွားသောလမ်း ၂၂ လမ်း ပြုပြင်ရန် ကတ္တရာ ၁၂ တန် ကူညီပံ့ပိုးခဲ့သဖြင့် အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦးက ပြောသည်။

**စိုင်း(သီပေါ)**

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီလတွင် ကျွန်းသစ်၊ သစ်မာနှင့် အခြားသား ၄၆၂၄ ဒသမ ၉၆ တန် သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၈**

တိုင်းဒေသကြီး၊ ပြည်နယ် သစ်တောဦးစီးဌာနများမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီလတွင် ကျွန်းသစ်၊ သစ်မာနှင့်အခြားသား ၄၆၂၄ ဒသမ ၉၆ တန်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သိမ်းဆည်းရမိမှုများတွင် ကျွန်းသစ် ၉၉၂ ဒသမ ၁၉ တန်၊ သစ်မာ ၁၃၉၁ ဒသမ ၅၈ တန်၊ အခြားသား ၂၂၄၁ ဒသမ ၁၈ တန်ဖြစ်ပြီး သစ်တောထွက် မီးသွေး ၅၁၃ ဒသမ ၀၅ တန် ရှိခဲ့သည်။

ထို့အပြင် သစ်ခိုးထုတ်ရာတွင် အသုံးပြုသည့် မော်တော်ယာဉ် အစီး ၂၁၀၊ မြေတူး-မြေကော်စက် တစ်စီး၊ ထော်လာဂျီ၊ ဒိန်းဒေါင်း၊ ထွန်စက် ၂၈ စီး၊ ဆိုင်ကယ်-သုံးဘီးဆိုင်ကယ် ၇၃ စီး၊ စက်လှေပဲ့ထောင် ၁၇ စင်း စုစုပေါင်း ယာဉ်၊ ယန္တရား ၃၂၉ စီးနှင့် သစ်စက်အင်ဂျင် အလုံး ၇၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## မြစ်သားမြို့ ဘောလုံးပြိုင်ပွဲ၌ ပရိသတ်များရန်ဖြစ် လေးဦးဒဏ်ရာရ

**မြစ်သား ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ကွာတားဖိုင်နယ် ဘောလုံးပြိုင်ပွဲတွင် ဇွန် ၁၇ ရက် ညနေ ၅ နာရီက ပရိသတ်များ ရန်ဖြစ်ကြ၍ ရဲတပ်ကြပ်တစ်ဦးက သေနတ်ဖြင့် ပစ်ဖောက်ထိန်းသိမ်းခဲ့ရပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကွာတားဖိုင်နယ် ဘောလုံးပြိုင်ပွဲတွင် မင်းကုန်းရပ်ကွက်နှင့် မန်ကျည်းကန်ကျေးရွာအသင်းတို့ ဘောလုံးကစားကြရာ ပရိသတ်များ တစ်ဖက်နှင့်တစ်ဖက် ရန်ဖြစ်၍ ဘောလုံးပွဲလုံခြုံရေးတာဝန်ကျရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်တားဆီးကြကြောင်း၊ ထိုသို့ တားဆီးစဉ် အမျိုးသားများက ဝင်ရောက်ရန်ပြုကြသဖြင့် ရဲတပ်သား ဝေမင်းသူနှင့် ရဲတပ်သား တင်ထွန်းလွင်တို့တွင် ဖူးရောင်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ထို့ကြောင့် ရဲတပ်ကြပ်မျိုးသန့်က သေနတ်နှစ်ချက် အပေါ်ထောင်ပစ်ခဲ့ရာမှ သစ်ပင်နှင့်ထိမှန်ပြီး မန်ကျည်းကန်ကျေးရွာနေ ဦးအောင်ဝင်းတွင် ညာခြေသလုံးနှင့် တဲကြီးကျေးရွာနေ ဦးမိုးအောင်တွင် ညာခြေသလုံးကျိုး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိသူများကို ပြည်သူ့ဆေးရုံသို့ အတွင်းလူနာအဖြစ် တင်ပို့ထားသည်။ ဘောလုံးပွဲလုံခြုံရေးတာဝန်ကျ တပ်ဖွဲ့ဝင် နှစ်ဦးအား နာကျင်ဒဏ်ရာများရရှိအောင် ပြုလုပ်ခဲ့သူများအား အမှုဖွင့် စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# မက်ဆီဒိုးနီးယားနိုင်ငံအား အမည်ပြောင်းလဲရန် သမိုင်းဝင် သဘောတူညီချက်တစ်ရပ် ရရှိပြီ

**ပီဆရာဒက် ဇွန် ၁၈**
ဘော်လ်ကန်ကျွန်းဆွယ်ဒေသရှိ နိုင်ငံငယ်လေးဖြစ်သော မက်ဆီဒိုးနီးယားနိုင်ငံအား "မြောက်ပိုင်း မက်ဆီဒိုးနီးယား သမ္မတနိုင်ငံတော်" ဟူ၍ အမည်ပြောင်းလဲရန် ဂရိနှင့်မက်ဆီဒိုးနီးယားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများက သမိုင်းဝင်သဘောတူညီချက်တစ်ရပ်ကို ရရှိပြီဖြစ်ရာ နှစ်နိုင်ငံအကြား ဖြစ်ပေါ်လာခဲ့သော အငြင်းပွားမှုပြဿနာ ပြေလည်တော့မည်ဖြစ်ကြောင်း အေအက်ဖ်ပီ သတင်းဌာနက ဇွန် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂရိနှင့် မက်ဆီဒိုးနီးယားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် နှစ်နိုင်ငံကို ပိုင်းခြားထားသောနယ်စပ်ဒေသရှိ လိတ်ပရီစာပါဒေသ၌ ဇွန် ၁၇ ရက်က သမိုင်းဝင်သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြရာ မက်ဆီဒိုးနီးယားနိုင်ငံအနေဖြင့် ဥရောပသမဂ္ဂနှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့တို့တွင် အဖွဲ့ဝင် နိုင်ငံအဖြစ် ဝင်ရောက်ခွင့်ရရှိရေးကြိုးပမ်းရန် လမ်းပွင့်သွားပြီဖြစ်သည်။

နိုင်ငံအမည်ပြောင်းလဲခြင်းနှင့် ပတ်သက်၍ နှစ်နိုင်ငံစလုံးမှ အမျိုးသားရေးဝါဒီများက အပြင်းအထန် ကန့်ကွက်ခဲ့ကြသည်။

နိုင်ငံအမည်ပြောင်းလဲရန် အစိုးရအဖွဲ့ချင်း ပဏာမသဘောတူညီချက် ရရှိပြီဖြစ်သော်လည်း နှစ်နိုင်ငံစလုံးရှိ လွှတ်တော်တို့က သဘောတူညီချက်ကို အတည်ပြုပေးရန် လိုအပ်သေးသည်။



**တက်ရောက်**

ဂရိနိုင်ငံပိုင် ပီဆရာဒက်အမည်ရှိ ရေလုပ်ငန်းလုပ်ကိုင်ရာကျေးရွာတွင် ပြုလုပ်သော သဘောတူညီချက်လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ မက်ဆီဒိုးနီးယားဝန်ကြီးချုပ် ဇိုရမ်ဇာယက်နှင့် ဂရိဝန်ကြီးချုပ် အလက်ဇီတီစီပရာတို့နှင့်အတူ ကုလသမဂ္ဂနှင့် ဥရောပနိုင်ငံတို့မှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ဂရိဝန်ကြီးချုပ် တီစီပရာသည် သဘောတူညီချက်အား ဆန့်ကျင်သော လွှတ်တော်အမတ်များ၏အယုံအကြည်မရှိ အဆိုမှ လွတ်မြောက်ခဲ့သူဖြစ်သည်။ မိမိတို့နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးအလို့ငှာ ရဲရင့်ဝင့်ကြွားသော၊ သမိုင်းတွင်ရစ်မည်ဖြစ်သော သဘောတူညီချက်တစ်ရပ်ကို ရယူနိုင်ခဲ့ပြီဖြစ်ကြောင်း ဝန်ကြီးချုပ် တီစီပရာက ပြောကြားသည်။

မိမိတို့နှစ်နိုင်ငံ ပြည်သူများသည် ငြိမ်းချမ်းရေးကို လိုလားကြကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် မိတ်ဖက်များဖြစ်ကြကြောင်း မက်ဆီဒိုးနီးယား ဝန်ကြီးချုပ် ဇာယက်က ပြောကြားသည်။

**အေအက်ဖ်ပီ**

## ငြိမ်းချမ်းရေးအတွက် စုဝေးချီတက်သူများ မြို့တော်ကဘူးသို့ ဆိုက်ရောက်လာ

**ကဘူး ဇွန် ၁၈**
ငြိမ်းချမ်းရေး တက်ကြွလှုပ်ရှားသူများသည် အာဖဂန်နစ္စတန်နိုင်ငံ၌ တိုက်ခိုက်မှုများ အဆုံးသတ်ရန် တောင်းဆိုလျက် ခရီးရှည် ချီတက်ပွဲပြုလုပ်ခဲ့ကြပြီး ဇွန် ၁၈ ရက်တွင် မြို့တော်ကဘူးသို့ ၎င်းတို့ ရောက်ရှိလာကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ငြိမ်းချမ်းရေးတက်ကြွလှုပ်ရှားသူများသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်း ကီလိုမီတာရာပေါင်းများစွာရှိ ခရီးတာကို စုဝေးချီတက်ကြကာ မြို့တော်ကဘူးသို့ ရောက်ရှိလာခဲ့ကြခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ကြုံတောင့်ကြုံခဲရရှိခဲ့သော အပစ်အခတ်ရပ်စဲမှု သဘောတူညီချက်ကို တာလီဘန်အဖွဲ့က အဆုံးသတ်ခဲ့ပြီးနောက် နိုင်ငံတစ်ဝန်းရှိ ဒေသအချို့တွင် တိုက်ခိုက်မှု ပြန်လည်ပြုလုပ်လာသည်။

**အေအက်ဖ်ပီ**



# ဂျပန်နိုင်ငံအလယ်ပိုင်း အိုဆာကာမြောက်ပိုင်း၌ အင်အားပြင်းငလျင်လှုပ်၍ သုံးဦးသေဆုံး

**တိုကျို ဇွန် ၁၈**
ဂျပန်နိုင်ငံအလယ်ပိုင်း အိုဆာကာခရိုင် မြောက်ပိုင်း၌ ဇွန် ၁၈ ရက် နံနက် ၈ နာရီခန့်တွင် အင်အား ၆ ဒသမ ၁ ရှိ ငလျင်လှုပ်ခဲ့ရာ သက်ကြီးရွယ်အို အမျိုးသား နှစ်ဦးနှင့် မိန်းကလေးတစ်ဦးတို့ သေဆုံးခဲ့ရကြောင်း၊ လူဦးရေထူထပ်သော အရပ်များတွင် ဒဏ်ရာရသူ ၃၅၀ ကျော်ရှိကြောင်း အာဏာပိုင်များက ပြောကြားကြသည်။ **(အပေါ်ပုံ)**

ကိုးနှစ်အရွယ် မိန်းကလေးငယ်နှင့် သက်ကြီးရွယ်အို အမျိုးသားတစ်ဦးတို့သည် နံရံပြိုလဲကျမှုအတွင်း သေဆုံးခဲ့ကြရသည်။ နောက်ထပ် သက်ကြီးရွယ်အိုတစ်ဦးမှာ စာအုပ်စင်ပြိုလဲမှုအတွင်း သေဆုံးခဲ့ရသည်။ ဒဏ်ရာရသူအများအပြားကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အိုဆာကာမြို့အနီးရှိ ခိုလှုံရေးစခန်းများတွင် လူ ၇၀၀ နီးပါး ခိုလှုံနေကြရသည်။ အိုဆာကာမြို့ မြောက်ပိုင်းအရပ်၏ ဧရိယာတစ်ဝက်လောက်တွင် အိမ်ခြေပေါင်း ၁၀၀၀၀၀ ဝန်းကျင် ဓာတ်ငွေ့၊ ရေပြတ်တောက်မှုနှင့်တွေ့ကြုံနေရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ရှင်းကန်းဆန် ကျည်ဆန်ရထားခရီးစဉ်များနှင့် ဒေသတွင်း ရထားပြေးဆွဲမှုများမှာ ငလျင်ကြောင့်ရပ်တန့်သွားပြီး သောင်းနှင့်ချီရှိခရီးသည်များ ခရီးမဆက်နိုင်ဖြစ်ခဲ့ရသည်။

အိုဆာကာနှင့်ကပ်လျက် ဖူကုအိခရိုင်အတွင်းရှိ နျူကလီးယားဓာတ်ပေါင်းဖို ၁၅ လုံးကို တာဝန်ရှိသူများက စစ်ဆေးကြည့်ရှုခဲ့ကြပြီး ရပ်နားထားသောဓာတ်ပေါင်းဖိုများရော လည်ပတ်နေသော ဓာတ်ပေါင်းဖိုများပါ မည်သည့်ပြဿနာမျှမရှိဟု ဆိုသည်။

အိုဆာကာမြို့ အနီးပတ်ဝန်းကျင်တွင် လှုပ်ခဲ့သော အင်အားပြင်းငလျင်၏ ပျက်စီးဆုံးရှုံးမှုများအတွက် ဂျပန်အစိုးရက အစွမ်းကုန် ကြိုးစားဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ပြောကြားသည်။

ငလျင်ဒဏ်ခံ ပြည်သူများကို ကယ်တင်ရန် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးချုပ်အာဘေးက ပြောကြားသည်။

ပျက်စီးဆုံးရှုံးမှုများကို ဖြစ်နိုင်သမျှ အမြန်ဆုံးအကဲဖြတ်ရန်၊ ငလျင်ဘေးသင့်သူများကို ကယ်တင်ရန် တာဝန်ရှိသူများကို ညွှန်ကြားထားသည်ဆို၏။

ငလျင်ဒဏ် ကယ်ဆယ်ရေးလုပ်ငန်း အကောင်အထည်ဖော်နိုင်ရန် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့် အနီးကပ် လုပ်ဆောင်သွားမည်ဟု အာဘေးက ပြောကြားသည်။

**အင်န်အိပ်ချ်ကေ**

# တောင်တက်သမားများ၏ အမှိုက်စွန့်ပစ်မှုများကြောင့် ဧဝရက်တောင် အကျည်းတန်အရုပ်ဆိုးလာရ

**ခတ္တမန္ဒူ ဇွန် ၁၈**
နီပေါနိုင်ငံသည် ဧဝရက်တောင်တက် ခရီးသွားလုပ်ငန်းကို ဆယ်စုနှစ်ပေါင်းများစွာကြာမျှ စီးပွားဖြစ် လုပ်ကိုင်လာခဲ့မှု၏ အကျိုးရလဒ်တစ်ခုအဖြစ် ယင်းတောင်သည် ကမ္ဘာပေါ်တွင် အမှိုက်သရိုက် အရှုပ်ပွဆုံးတောင်အဖြစ်သို့ ရောက်ရှိလာရကြောင်း၊ ငွေကြေး အမြောက်အမြား အကုန်အကျခံကာ တောင်တက်ကြသည့် တောင်တက်သမားဦးရေ တစ်စတစ်စ တိုးပွားလာနေသော်လည်း ၎င်းတို့အနေဖြင့် အမှိုက်ပြဿနာအပေါ် အာရုံစိုက်မှု မရှိကြသဖြင့် ဧဝရက်တောင် အကျည်းတန်အရုပ်ဆိုးလာရကြောင်း အေအက်ဖ်ပီ သတင်းဌာနက ဇွန် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဧဝရက်တောင်ပေါ်သို့ တက်ရောက်ရာလမ်းတစ်လျှောက်တွင် တောင်တက်သမားများက စွန့်ပစ်ထားခဲ့သော ရွက်ဖျင်တဲဟောင်းများ၊ တောင်တက်ရာတွင် အသုံးပြုသော ကိရိယာများ၊ ဓာတ်ငွေ့ဘူးဟောင်းများသာမက လူ့မစင်များပင်မကျန် ဟိုဟိုသည်သည် ရှုပ်ထွေး ပွေလီစွာ ရှိနေသည်ဆို၏။

တောင်တက်လမ်းတစ်လျှောက်၌ တွေ့မြင်နိုင်သော အမှိုက်သရိုက်များမှာ အကျည်းတန်အရုပ်ဆိုးသည့်မြင်ကွင်းကို ဖော်ကျူးနေကြောင်း ဧဝရက်တောင်ပေါ်သို့ ၁၈ ကြိမ်တက်ရောက်ခဲ့သော အတွေ့အကြုံရှိသူ တောင်တက်လမ်းပြ ပမ်ဘာဒေါ်ဂျီက ပြောကြားသည်။

ဧဝရက်တောင်သည် အမှိုက်သရိုက် တန်ချိန်ပေါင်းများစွာကို သယ်ပိုးထားရကြောင်း ၎င်းက ပြောကြားသည်။

၈၈၄၈ မီတာအမြင့်ရှိ ဧဝရက်တောင်ပေါ်သို့ တက်ရောက်သူဦးရေ များပြားလာခဲ့သည်။ ယခုနှစ် ယခုအချိန်အထိ လူပေါင်း ၆၀၀ ကျော်ထက်မနည်းမှာ ဧဝရက်တောင်ပေါ်သို့ တက်ရောက်ခဲ့ကြသည်။

လွန်ခဲ့သည့် ၆၅ နှစ်က အက်ဒ်မင်ဟီလာရီနှင့် တန်ဇင်းနော်ဂေးတို့ ဧဝရက်တောင်ပေါ်သို့ ပထမဆုံးခြေချခဲ့သည့် သမိုင်းဝင် အောင်မြင်မှုအပြီး ကာလမှစ၍ နှစ်ပေါင်းကြာရှည် တောင်တက်သူဦးရေ တစ်စတစ်စ တိုးပွားလာခဲ့သည်နှင့်အမျှ အမှိုက်စွန့်ပစ်မှု များပြားလာခဲ့သည်။ ထိုစဉ်အတွင်း ကမ္ဘာကြီးပူနွေးမှုနှင့်အတူ ဧဝရက်တောင်၌ ရေခဲမြစ်များ အရည်ပျော်ဆင်းမှုရှိလာရာ မြေအောက်သို့ ရောက်ရှိနေခဲ့သော အမှိုက်သရိုက်များသည်ပင် မြေပေါ်သို့ ပြန်ပေါ်လာသည်ကို တွေ့မြင်ကြရသည်ဆို၏။

အမှိုက်သရိုက်ပြဿနာကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းချက် တစ်ရပ်အဖြစ် နီပေါအစိုးရအဖွဲ့က တောင်တက်အဖွဲ့တစ်ဖွဲ့လျှင် စပေါ်ငွေ အမေရိကန်ဒေါ်လာ ၄၀၀၀ ကောက်ယူကာ မိမိအမှိုက်ကို မိမိတာဝန်ယူစွန့်ပစ်စေရန် ဆောင်ရွက်ခဲ့သည်။ အကယ်၍ တောင်တက်သမားတစ်ဦးချင်းစီက အမှိုက် ရှစ်ကီလိုဂရမ်ထက်မနည်းကို တောင်ပေါ်မှတောင်အောက်သို့ ပြန်လည်သယ်ဆောင်လာပါက စပေါ်ငွေကို ပြန်အမ်းပေးခြင်းဖြစ်သည်။ **အေအက်ဖ်ပီ**



## ကမ္ဘာ့ဖလားအားကစားသတင်းများ

# အာဂျင်တီးနား၊ ဘရာဇီး၊ ဂျာမနီနဲ့ စပိန်တို့ နိုင်ပွဲပျောက်ဆုံးခဲ့တဲ့ ရက်သတ္တတစ်ပတ်

**ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုအဆင့်အဖွင့်ပွဲစဉ်တွေမှာ ကမ္ဘာ့အဆင့်အတန်းမြင့်မားတဲ့အသင်းကြီးတချို့ဟာ နိုင်ပွဲပျောက်ဆုံးခဲ့ကြပါတယ်။ အဲဒီအသင်းတွေကတော့ အာဂျင်တီးနားအသင်း၊ ဘရာဇီးအသင်း၊ ဂျာမနီအသင်းနဲ့ စပိန်အသင်းတို့ပဲဖြစ်ပါတယ်။**

အခုယှဉ်ပြိုင်ကစားလျက်ရှိတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံဖြစ်ဖို့ရေပန်းစားနေတဲ့ ဘရာဇီးအသင်းဟာ ဆွစ်ဇာလန်အသင်းကို သရေကျခဲ့ပြီး လက်ရှိကမ္ဘာ့ဖလား ချန်ပီယံနဲ့ ဒုတိယရေပန်းအစားဆုံးဖြစ်တဲ့ ဂျာမနီအသင်းက မက္ကဆီကိုအသင်းကို ရှုံးပွဲကြုံခဲ့သလို အာဂျင်တီးနားအသင်းကလည်း အိုက်စလန်အသင်းကို တစ်ဖက်တစ်ဂိုးစီ သရေရလဒ်သာထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၀ ကမ္ဘာ့ဖလားမှာ ချန်ပီယံဖြစ်ခဲ့တဲ့ စပိန်အသင်းကလည်း ယူရို ၂၀၁၆ ချန်ပီယံ ပေါ်တူဂီအသင်းကို တစ်ဖက်သုံးဂိုးစီသရေရလဒ်သာထွက်ပေါ်အောင် ကစားနိုင်ခဲ့တာ ဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းဟာ ၂၀၁၄ ကမ္ဘာ့ဖလားမှာ ဒုတိယနေရာ ရခဲ့ပြီး ... 






# ဘရာဇီးကွင်းလယ်ကစားသမား ဝီလီယံအား မန်ယူအသင်း ခေါ်ယူရန် ပြင်ဆင်လျက်ရှိ

မန်ယူအသင်းသည် ဘရာဇီးအသင်းကွင်းလယ်ကစားသမား ဝီလီယံအား ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် ချယ်လ်ဆီးအသင်းတွင်လက်တွဲခဲ့သည့် ကွင်းလယ်ကစားသမား ဝီလီယံနှင့် လက်တွဲရန်အတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ ဖြင့် ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ဝီလီယံသည် ပြီးခဲ့သည့်ဘောလုံးရာသီက ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲစဉ် ၂၀ အထိ ပွဲထွက်ကစားခဲ့သည့်အပြင် လက်ရှိ ရုရှားကမ္ဘာ့ဖလားတွင်လည်း ဘရာဇီးအသင်းနှင့်အတူ ခြေစွမ်းပြကစားနိုင်ခဲ့သည့်ကစားသမားတစ်ဦးဖြစ်သည်။

ချယ်လ်ဆီးအသင်းနှင့်အတူ ပြီးခဲ့သည့်လက တစ်လတာအကောင်းဆုံးကစားသမားဆု ရရှိခဲ့သည့်အပြင် နိုင်ငံအသင်းတွင်လည်း ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းနည်းပြ မော်ရင်ဟိုက ခေါ်ယူရန်ပစ်မှတ်ထားနေခြင်းဖြစ်သည်။






# ဆွီဒင်အသင်းက တောင်ကိုရီးယားအသင်းကို အနိုင်ရရှိ

ဆွီဒင်အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုအဆင့် အဖွင့်ပွဲစဉ်မှာ တောင်ကိုရီးယားအသင်းကို အနိုင်ရရှိခဲ့ပါတယ်။ ဆွီဒင်အသင်းမှာ အနားယူသွားတဲ့ တိုက်စစ်မှူး အီဘရာဟီမိုဗစ်မပါဝင်နိုင်ခဲ့ပေမယ့် ဆွီဒင်အသင်းရဲ့ ကစားကွက်ဟာ အားရစရာအနေအထားဖြစ်ပေါ်ခဲ့ပြီး ပွဲကစားချိန် ၆၅ မိနစ်မှာ ရရှိခဲ့တဲ့ ပင်နယ်တီသွင်းဂိုးကနေတစ်ဆင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့တာဖြစ်ပါတယ်။

ဆွီဒင်အသင်းနဲ့ တောင်ကိုရီးယားအသင်းတို့ဟာ အဖွင့်ပွဲစဉ်မှာ အနိုင်သုံးမှတ်ရယူနိုင်ဖို့အတွက် မတူညီတဲ့ကစားကွက်တွေနဲ့ ပွဲထွက်လာခဲ့တာပါ။ ဆွီဒင်အသင်းဟာ ၄-၄-၂ ကစားကွက်နဲ့ ပွဲထွက်လာခဲ့သလို တောင်ကိုရီးယားအသင်းကလည်း ၄-၃-၃ ကစားကွက်နဲ့ ပွဲထွက်လာခဲ့တာလည်းဖြစ်ပါတယ်။ ဆွီဒင်အသင်းဟာ အခုနိုင်ပွဲရရှိခဲ့တာကြောင့် အုပ်စုအဆင့်မှာ မက္ကဆီကိုအသင်းပြီးရင် ဒုတိယနေရာကနေ ရပ်တည်နိုင်ခဲ့တာပါ။ အုပ်စု(F)မှာ နာမည်ကြီး ဂျာမနီအသင်းက မက္ကဆီကိုအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အုပ်စုအဆင့် ဒုတိယပွဲစဉ်မှာ အနိုင်သုံးမှတ်ရယူနိုင်ဖို့ ကြိုးစားရမှာဖြစ်ပါတယ်။

အုပ်စု(F)၏ ဒုတိယပွဲစဉ်များအဖြစ် တောင်ကိုရီးယားအသင်းနဲ့ မက္ကဆီကိုအသင်း၊ ဂျာမနီအသင်းနဲ့ ဆွီဒင်အသင်း ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အဲဒီပွဲစဉ်တွေကို ဇွန် ၂၃ ရက်မှာ ကျင်းပသွားမှာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဖွင့်လှစ်၍ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇွန် ၁၇ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၂၇၆ စီး၊ သွင်းကုန် ၉၈၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆ စီး၊ သွင်းကုန် ၁၆၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၅၉ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၀၇ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၆၆ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၁၇ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ရှောင်ကွင်းလမ်းဖြစ်သည့် ကျိုက္ကသာကျေးရွာအတွင်း ရှောင်တခင်စစ်ဆေးခဲ့ရာ NISSAN CARAVAN ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် PSI Receiver (95) Nos၊ PSI ထိပ်ဖူး (95)Nos၊ PSI ဒေါက်တိုင် (45) Pkgs၊ PSI ဗန်း (45)Nos၊ Refined Sugar (1×50 Kg) (50 Bags)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၃၁ သန်းခန့်) ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မန်စီမြို့နယ်၌ ဘိန်းဖြူမှုန့် ၁၉၈ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ သိမ်းဆည်းရမိ

**မန်စီ ဇွန် ၁၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်၌ ယနေ့နံနက် ၁၁ နာရီက မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းရှာဖွေရာ ငွေကျပ်သိန်း ၅၈၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူမှုန့် ၁၉၈ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဗန်းမော်ခရိုင် မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့မှ ရဲအုပ်မြင့်ထူးနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မန်စီမြို့နယ် ဟန်ထက်ကျေးရွာနှင့် မန်သာကျေးရွာကြား ကားလမ်းမပေါ်ရှိ မိုင်တိုင် ၁၉/၆ နှင့် ၁၉/၇ ကြား၌ စောင့်ဆိုင်းနေစဉ် မိုးမောက်မြို့နယ် ခုနစ်မိုင်အောင်သာကုန်းကျေးရွာနေ မာတူး(၃၀)နှစ် စီးနင်းလာသည့် KENBO-125 မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဖုံးကွယ်ထားသည့် ခရီးဆောင်အိတ်အတွင်းမှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြားစီပါ အထုပ် ၁၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ နှင့် ဘိန်းဖြူမှုန့်ထည့်ထားသည့်ဆပ်ပြာခွက်တစ်ခွက်လျှင် ကိုးဂရမ်စီပါ ၂၂ ခွက်၊ ဘိန်းဖြူအလေးချိန် ၁၉၈ ဂရမ် စုစုပေါင်း မူးယစ်ဆေးဝါး တန်ဖိုးငွေကျပ် ၅၈၈၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးသယ်ဆောင်သူ မာတူးအား မန်စီမြို့မရဲစခန်း၌ မူးယစ်ဆေးဝါးပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဆင်သတ်ရာတွင်အသုံးပြုသော သေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိ

**ငပုတော ဇွန် ၁၈**

တောဆင်ရိုင်းများ ကာကွယ်စောင့်ရှောက်ရေးအခြေစိုက်စခန်းအမှတ်(၂)တွင် အခြေပြုနေသော သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ တိုင်းတာဝန်ခံဒုရဲမှူး



ထွန်းထွန်းဝင်းနှင့် ငရုတ်ကောင်းနယ်မြေစခန်းမှူး ရဲအုပ်တင်ဖေ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ပူးပေါင်းအဖွဲ့များနှင့်အတူ ကွန်ဂျီဆင်သုံးကောင်လိုက်ပါလျက် ငပုတောမြို့နယ်အတွင်း သစ်တောကြိုးဝိုင်းများအတွင်းရှိ တောဆင်ရိုင်းများ သတ်ဖြတ်ခံရခြင်းမှ ကာကွယ်စောင့်ရှောက်ရေးနှင့်လုံခြုံရေးအတွက် ယနေ့နံနက်ပိုင်းက လှည့်ကင်းဆောင်ရွက်စဉ် မြစ်တစ်ရာသစ်တောကြိုးဝိုင်းအကွက်အမှတ် ၂၀၅၊ ငရုတ်ကောင်းတောင်ကျေးရွာ၏ မြောက်ဘက်ခြောက်မိုင်ခန့်အကွာ ဒေသအခေါ် နှာပြတ်သို့ရောက်ရှိပြီး နယ်မြေရှင်းလင်းဆောင်ရွက်စဉ် သစ်ပုပ်ပင်ခြေရင်း၌ ဝှက်သိမ်းထားသော ဆင်ပစ်ရာတွင် အသုံးပြုသည့် တူမီးသေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများကို ပိုင်ရှင်မဲ့တွေ့ရှိခဲ့သည်။

အဆိုပါ ပစ္စည်းများကို တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးမိတ်ဆွေများအသင်း(ဆင်ချစ်သူများအဖွဲ့)မှ တာဝန်ခံ ဦးစိုင်းဇော်ဦးက ပေးအပ်ရာ တင်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်ထွန်း၊ ရာအိမ်မှူး ဦးပြည့်ဖြိုးအောင်တို့နှင့်အတူ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့တိုင်းတာဝန်ခံ ဒုရဲမှူးထွန်းထွန်းဝင်းတို့က သိမ်းဆည်းခဲ့ကြောင်းသိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

# မြင်းခြံမြို့နယ်တွင် ကြက်ဥကြော်ရာမှ နေအိမ်ကိုးလုံးနှင့် ပဲမှော်တိုက်နှစ်လုံး မီးလောင်

**မြင်းခြံ ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကတောကျေးရွာတွင် ဇွန် ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲက ကြက်ဥကြော်ရာမှတစ်ဆင့် မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။



မီးလောင်မှုဖြစ်စဉ်မှာ ကတောကျေးရွာ အိမ်ရှင်ဦးညိုဌေး၏ နေအိမ်မှ သမီးဖြစ်သူ မနွေးနွေးအောင်သည် ကြက်ဥကြော်ရာ ဆီဒယ်အိုး မီးထတောက်ပြီး အနီးရှိ ထရံအားကူးစက်ရာမှစတင်လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ မီးလောင်ကျွမ်းမှုကြောင့် ဦးညိုဌေး၊ ဦးအောင်ဝင်း၊ ဦးပြူး၊ ဒေါ်ဝင်းဌေး၊ ဦးပေါစိန်၊ ဦးကြည်လင်းတို့၏ သွပ်မိုး၊ ထရံကာနေအိမ်ခြောက်လုံး၊ ဦးမင်းမင်း၏ ထန်းရွက်မိုး၊ ထရံကာ နေအိမ်တစ်လုံး၊ ဦးဘိုလွင်၏ နှစ်ထပ်တိုက်တစ်လုံး၊ ဦးသန်းငွေ၏ တစ်ထပ်တိုက်တစ်ခြမ်း၊ ဦးကြာ(ခ) ဦးမြင့်သိန်းနှင့် ဒေါ်သန်းရွှေတို့၏ ပဲမှော်တိုက်နှစ်လုံး မီးလောင်ကျွမ်းသွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ဆီမီးခုံနယ်မြေမီးသတ်တပ်ဖွဲ့မှ လက်ထောက်ဦးစီးမှူး ဦးအောင်ဖြိုးလင်း ဦးစီး၍ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးဖြင့် သွားရောက်ပြီး ကျေးရွာပြည်သူများနှင့် စုပေါင်း၍ ငြိမ်းသတ်ခဲ့ သည်။ မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် မီးဘေးသင့် လူဦးရေအမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၅၈ ဦး မှာ နီးစပ်ရာ ဆွေမျိုးများနေအိမ်တွင် နေထိုင်လျက်ရှိကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

# ကောလင်းမြို့နယ်တွင် တရားမဝင်တမလန်းသစ်ကားနှစ်စီး သိမ်းဆည်းရမိ

**ကောလင်း ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်၌ ဇွန် ၁၇ ရက် ည ၈ နာရီက တရားမဝင် တမလန်းသစ်များ တင်ဆောင်လာသော ယာဉ်နှစ်စီးကို သိမ်းဆည်းရမိကြောင်း ခန်သာရဲကင်းစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ကောလင်းမြို့နယ် ရွှေဘို-မြစ်ကြီးနား(ပြည်ထောင်စု) ကားလမ်းမကြီးပေါ်တွင် တရားမဝင်သစ်ကားများ ဖြတ်သန်းသွားလာနေကြောင်း သတင်းအရ ကောလင်းမြို့နယ် ငါးကြီးအိုင်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား (ပြည်ထောင်စု)ကားလမ်းမကြီး မိုင်တိုင်(၁၀၂/၀ နှင့် ၁၀၂/၁) ကြား၌ စောင့်ဆိုင်းနေစဉ် မြစ်ကြီးနားဘက်မှ မောင်းနှင်လာသော MDY-4N/--- ယာဉ်တစ်စီးအား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင် တမလန်းခားရွေတုံး သုံးပေ၊ လေးပေ ဆိုဒ်စုံ ၄၁ တုံး (သုည ဒသမ ၈၆၇၂ တန်) တွေ့ရှိသဖြင့် သိမ်းဆည်းပြီး မြစ်ကြီးနားဘက်မှ မိုးမြင့်ဆွေ မောင်းနှင်လာသော MDY-7M/ ---- GOVZCT ယာဉ်တစ်စီးအား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင် တမလန်းခားရွေတုံး သုံးပေ၊ လေးပေ ဆိုဒ်စုံ ၅၁ တုံး (၁ ဒသမ ၀၆၁၂ တန်) တွေ့ရှိရသဖြင့် ထပ်မံသိမ်းဆည်းခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မြို့မရဲစခန်းက ဇော်မိုးကျော်(၂၄)နှစ်၊ စိုးမိုးနိုင်(၁၉)နှစ်၊ ကျော်ဇင်ဟိန်း(၁၈)နှစ်၊ စည်သူဟိန်း(၂၃)နှစ်တို့ လေးဦးနှင့် မိုးမြင့်ဆွေ(၄၀)နှစ်၊ ဖြိုးဇော်ချစ်(၂၃)နှစ်၊ ကျော်ဝင်းထွန်း(၂၆)နှစ်၊ ထွန်းအေး(၁၇)နှစ်တို့ လေးဦးအား အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

# တောင်သာမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**တောင်သာ ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့မစခန်းမှူး ဒုရဲမှူးအေးထွန်းမောင်ဦးစီး၍ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ခင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များသည် ညနေ ၃ နာရီခွဲက အမှတ် ၆ ရပ်ကွက်နေ သက်ထူးအောင်(ခ)သစ်ထူးအောင်၏ နေအိမ်သို့ သတင်းအရ သက်သေများနှင့်အတူ ရှာဖွေစဉ် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်သာမြို့မရဲစခန်းမှူး ဒုရဲမှူးအေးထွန်းမောင် ဦးစီးအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ တောင်သာမြို့ အမှတ် ၆ ရပ်ကွက်နေ သက်ထူးအောင်(ခ)သစ်ထူးအောင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ သက်ထူးအောင်(ခ)သစ်ထူးအောင်က အခန်းအတွင်းမှ လမ်းဘက်သို့ အထုပ်တစ်ထုပ်ကို လွှင့်ပစ်လိုက်သဖြင့် အခန်းထဲသို့ ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါး သုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းများဖြစ်သည့် ခဲပြား၊ မီးခြစ်၊ ပိုက်တို့အား ရှာဖွေတွေ့ရှိပြီး လမ်းဘက်သို့လွှင့်ပစ်လိုက်သော အထုပ်အားစစ်ဆေးရာ မူးယစ်ဆေးပြား ၁၅၀ တို့အား တွေ့ရှိသိမ်းဆည်းခဲ့သည်။

ဆက်လက်၍ တောင်သာမြို့မရဲစခန်းမှူး ဒုရဲမှူးအေးထွန်းမောင်နှင့်အဖွဲ့က နန်းမြင့်တောင်ကြားတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် မြင်းခြံမြို့မှ တောင်သာသို့ မင်းကိုအေး မောင်းနှင်ပြီး ယုယုအေး လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၈ ပြား၊ အစိမ်းရောင် နှစ်ပြား စုစုပေါင်း ၁၉၀၊ အလေးချိန် ၁၉၀ ဂရမ်၊ ယုယုအေးထံမှ မူးယစ်ဆေးဝါးရောင်းရငွေကျပ် ၁၄၄၀၀၀၊ ဆင်းကတ်ပါ VIVO အမျိုးအစား ပန်းဆီရောင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများဖြင့် ဖမ်းဆီးရမိမှုကြောင့် သက်ထူးအောင်(ခ)သစ်ထူးအောင်၊ မင်းကိုအေးနှင့် ယုယုဝေတို့အား တောင်သာမြို့မစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# ချင်းတွင်းမြစ်အတွင်း ရှော်လဗန်စက်လှေတစ်စင်း နစ်မြုပ်

**ဟုမ္မလင်း ဇွန် ၁၈**

ရှော်လဗန်စက်လှေမောင်း ဦးကျော်သည် ယနေ့မွန်းတည့် ၁၂ နာရီခန့်က ဟုမ္မလင်းမှ ချင်းတွင်းမြစ်တစ်ဖက်ကမ်း ကက်သာစံပြကျေးရွာသို့ ဖြတ်ကူးရာတွင် ဟုမ္မလင်း-မင်းဇင်မော်တော်ယာဉ်လိုင်း (အောင်ဇေ-၁)ရေယာဉ်နှင့် တိုက်မိပြီး ရှော်လဗန်စက်လှေနစ်မြုပ်သွားကြောင်း သိရသဖြင့် မြို့နယ်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ရှစ်ဦးက သွားရောက်ကူညီပေးခဲ့ကြောင်း သိရသည်။

အဆိုပါစက်လှေတိုက်မိမှုကြောင့် ရှော်လဗန်စက်လှေနှင့် လိုင်းစက်လှေတို့မှာ ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့် လူအသေအပျောက်မရှိဘဲ အချိန်မီကူညီဆောင်ရွက်နိုင်ခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ စက်လှေပိုင်ရှင်နှစ်ဦးအား ဟုမ္မလင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**

# ကြိုတင်ကာကွယ်ထားကြရမည့် ရေကြီးရေလျှံမှု၏ နောက်ဆက်တွဲ ဆိုးကျိုးများ

**သန်းဖြိုးနိုင်(ကညင်ကျိုး)**

ယခုနှစ်နွေနှောင်းပိုင်းမှစတင်ကာ ဘင်္ဂလားပင်လယ်အော်အတွင်း မုန်တိုင်းငယ်ဖြစ်ပေါ်မှုမှာ ယခုဆိုလျှင်နှစ်ကြိမ်ရှိခဲ့ပြီး ယခုရက်ပိုင်းဆိုလျှင် ထိုမုန်တိုင်းငယ်အရှိန်ကြောင့် တစ်နိုင်ငံလုံးမိုးရွာသွန်းမှုများပြားခဲ့သည်။ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြန်မာနိုင်ငံ၏အထက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ရေကြီးမှု သဘာဝဘေးအန္တရာယ်ကို ကြီးမားစွာရင်ဆိုင်ခဲ့ရပြီး ယခုမိုးဦးကာလအစ ဇွန်၊ ဇူလိုင်လမှာပင် ရေကြီးရေလျှံမှုသဘာဝဘေးအန္တရာယ်က စတင်ဖြစ်ပေါ်လာနေခဲ့သည်မှာ ၂၀၁၅ ခုနှစ်မှစတင်ပြီး နှစ်စဉ်လိုလိုဖြစ်နေခဲ့သည်။

**၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် မိုးရာသီအစဖြစ်ပေါ်မှုများ ပြန်လည်ဆန်းစစ်**

၂၀၁၆ခုနှစ်၏ မိုးရာသီအစ ယခုအစိုးရသစ်စတက်လာစဉ်ကလည်း သဘာဝဘေးအန္တရာယ်ကျရောက်မှုများကို သူ့အနေဖြင့် မျက်ဝါးထင်ထင် မြင်တွေ့ကြုံခဲ့ရသည်။ ထိုစဉ်က မြန်မာပြည်အလယ်ပိုင်းတွင် ရေခဲမိုးများရွာသွန်း၍လူနေအိမ်ခြေများပျက်စီးပြီးအသေအပျောက်ဖြစ်ခဲ့ရဖူးသည်။ တစ်ဖန်ဧရာဝတီမြစ်ရိုး တစ်လျှောက်တွင်လည်း ရေကြီးရေလျှံမှုများဖြစ်ခဲ့သေးသည်။ ၂၀၁၇ ခုနှစ်၏ မိုးရာသီအစကနဦးတွင်လည်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းသုံးကြိမ်ဖြစ်ပေါ်ခဲ့သည်။ ပထမဦးဆုံးအနေဖြင့် သင်္ကြန်အလွန်ကာလ ဧပြီ ၂၅ ရက်တွင် မာရုသဆိုင်ကလုံးမုန်တိုင်းစတင်ဖြစ်ပေါ်ခဲ့ပြီး ၎င်းဖြစ်ပြီး တစ်လအကြာ မေ ၂၅ ရက်တွင် မိုရာအမည်ရှိမုန်တိုင်းတစ်လုံးဖြစ်ပေါ်ခဲ့ပြန်သည်။ ယခုလိုဇွန်လဆန်းပိုင်းတွင်မှ 03Bဟုခေါ်သည့်မုန်တိုင်းအငယ်စားတစ်လုံးဖြစ်ပေါ်လာခဲ့ပြီးယခင်နှစ်မိုးရာသီအစတွင်လည်း မိုးရွာသွန်းမှုများပြားခဲ့သည်။

**သဘာဝဘေးအန္တရာယ်ခံစားရသည့်စာရင်းတွင် ဒုတိယနေရာမှရပ်တည်**

ကမ္ဘာ့ရာသီဥတုအခြေအနေများ ပြောင်းလဲလာမှုကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများကြုံတွေ့နေရသကဲ့သို့ မြန်မာနိုင်ငံသည်လည်း အဆိုပါဒဏ်ကိုခံစားရလျက်ရှိရာ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ရင်ဆိုင်နေရသော နိုင်ငံများစာရင်းတွင် ဒုတိယနေရာမှ ရပ်တည်လျက်ရှိကြောင်း စစ်တမ်းတစ်ရပ်တွင်ဖော်ပြထားသည်ကိုဖတ်ရသည်။ ယခင်နှစ်ကဆိုလျှင်အချိန်တိုအတွင်း မိုးသည်းထန်မှုကြောင့် ရေကြီးပြီး ရန်ကုန်မြို့နှင့် အခြားနယ်မြို့များ၌ပင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရသည်။

ယခုရက်ပိုင်းအတွင်း ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းငယ်၏ အရှိန်ကြောင့်ပင် မိုးရွာသွန်းမှုများ ဆက်တိုက်ဖြစ်ပေါ်နေခဲ့သည်။ ထိုအခြေအနေများကို မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနအနေဖြင့်လည်း ပြည်သူများသို့ အသိပေးကြေညာချက်များ မပြတ်ထုတ်ပြန်ပေးနေသည်ကိုလည်း မြင်ကြရမည်ဖြစ်သည်။

**ကြိုတင်ပြင်ဆင်ကာကွယ်ကြ... ရေကြီးရေလျှံသည့်ဘေးမှ**

ယခင်ရက်ပိုင်းကဆိုလျှင် ပခုက္ကူခရိုင်တွင်မိုးကြီးရေများမှုကြောင့် ရေတားတမံတစ်ခုကျိုးကာ လယ်ယာမြေများရေနစ်မြုပ်ခဲ့ရပြီး လမ်းတံတားအချို့ပျက်စီးခဲ့ရသည်။ ထို့အပြင် ပုသိမ်-မုံရွာလမ်းမကြီးတစ်နေရာသည်လည်း ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့ရသည့်သတင်းများဖတ်ခဲ့ရသည်။ တစ်ဖန်မိုးကြီးပြီး တောင်ကျချောင်းရေစီးဆင်းမှုကြောင့် ကျောင်းသားကလေးငယ် လေးဦးနှင့်သွားရောက်ကြိုဆိုသည့် အမျိုးသမီးကြီးတစ်ဦးတို့ ရေနောက်မျောပါပြီး သေဆုံးသွားကြသည့် သတင်းလည်းတွေ့ခဲ့ရပြန်သည်။ သို့အတွက် ယခုလို မိုးဦးရာသီနှင့် မိုးလယ်ကာလတွင် ရေကြီးမှုအန္တရာယ်ကို ကြုံတွေ့ရနိုင်သည့်အတွက် ရေဘေးကြိုတင်ကာကွယ်ထားမှုများကို ယခုကတည်းက ပြင်ဆင်ထားသင့်ကြသည်။

ရေကြီးနိုင်ခြေရှိသည့် ဒေသများရှိပြည်သူများအနေဖြင့် ရေကြီးရေလျှံမှုနှင့်ပတ်သက်သည့်အသိပညာများသိရှိထားရန်လိုပြီး ယခုကတည်းက ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်လာလေသည်။ အစိုးရပိုင်းမှ တာဝန်ရှိသူများအနေဖြင့်လည်း ဖြစ်ပေါ်လာနိုင်ခြေရှိသည့် မိုးလေဝသသတင်းများကို အခါမလပ်အချိန်မဆိုင်းဘဲ သတိပေးချက်များ ထုတ်ပြန်ပေးနေသည့်နည်းတူ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် သက်ဆိုင်ရာဌာနများအနေဖြင့်လည်း ပစ္စည်းများ ကြိုတင်စုဆောင်းထားခြင်း၊

> “မိုးလေဝသ သတင်းများကို အခါမလပ်အချိန်မဆိုင်းဘဲ သတိပေးချက်များ ထုတ်ပြန်ပေးနေသည့်နည်းတူ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် သက်ဆိုင်ရာဌာနများ အနေဖြင့်လည်း ပစ္စည်းများ ကြိုတင်စုဆောင်းထားခြင်း၊ ကယ်ဆယ်ရေးအဆောက်အအုံများ ကြိုတင်စီမံထားခြင်း၊ ရေထိန်းတာများကို ယခုကတည်းက ကြိုတင်စစ်ဆေးကာ ပြုပြင်မွမ်းမံထားခြင်းများကို ပြုလုပ်ကြရမည်ဖြစ်...”

ကယ်ဆယ်ရေးအဆောက်အအုံများ ကြိုတင်စီမံထားခြင်း၊ ရေထိန်းတာများကို ယခုကတည်းက ကြိုတင်စစ်ဆေးကာ ပြုပြင်မွမ်းမံထားခြင်းများကို ပြုလုပ်ကြရမည်ဖြစ်သည်။

**CSO နှင့်မီဒီယာများ ပါဝင်ပူးပေါင်း**

ထိုသို့ ဖြစ်ပေါ်လာနိုင်ခြေရှိသည့် ရေကြီးရေလျှံမှုများကိုလည်း ပြည်တွင်း၊ ပြည်ပမှနယ်ဘက်လူမှုအဖွဲ့အစည်းများ (CSO)နှင့် သတင်းမီဒီယာများကလည်း ပြည်သူလူထုထံသို့ မိုးလေဝသသတင်းများ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိရေး၊ ကြိုတင်ကာကွယ်ရေးနည်းစနစ်များသိရှိစေရေး၊ ထိုဒေသများရှိပြည်သူများ အသိပညာရရှိရေး နည်းလမ်းပေါင်းစုံသုံးကာ အထူးကိစ္စအဖြစ် ယခုကာလတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်သာ ဖြစ်သည်။ အစိုးရသတင်းများမှထုတ်ပြန်ပေးနေသလို ပြင်ပ ပုဂ္ဂလိကမီဒီယာများကလည်း ထပ်မံထုတ်ပြန်ခြင်းများပြုလုပ်ပြီး ပါဝင်အားဖြည့်ကြရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်သည် ပြည်သူများအပေါ် ကျရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာ ဝိုင်းဝန်းကာကွယ်ပေးကြခြင်းပင်ဖြစ် သည်။ ပြည်သူလူထုအတွင်း အမြန်ရောက်ရှိသတင်းပျံ့နှံ့ ရန် လွယ်ကူသည့် ဖေ့စ်ဘွတ်စာမျက်နှာများနှင့် ကျေးလက်နေပြည်သူများ အများဆုံးနားဆင်ခံစားနေကြသည့် FM ရေဒီယိုလိုင်းများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးနေကြရမည်ဖြစ်သည်။။

**အများဆုံးရင်ဆိုင်၊ဆုံးရှုံးရနိုင် ... ထိုလူ ... ပြည်သူအများ**

ရေကြီးရေလျှံမှုများဖြစ်ပေါ်လာပါက အများဆုံးရင်ဆိုင်ကာ ပျက်စီးမှုအများဆုံးဖြစ်ရသူများမှာ ကျေးလက်နေ ဆင်းရဲနွမ်းပါးသည့်သူများ၊ စိုက်ပျိုးရေးကဏ္ဍကို အားကိုးအားထားပြုနေရသော ကျေးလက်နေပြည်သူများသာဖြစ်ကြသည်။ ထိုသူများအနေဖြင့်ရေကြီးရေလျှံဘေးဒုက္ခများ မကြာခဏခံစားနေရခြင်းသည်လည်း ထိုဒေသရှိ ပြည်သူများအတွက်သာမက တစ်နိုင်ငံလုံး၏စီးပွားရေး၊ လူမှုရေးအကျိုးစီးပွားများအတွက်ပါ ဆုံးရှုံးနစ်နာမှုများရှိလာမည်ဖြစ်သည်။နိုင်ငံပြန်လည်တည်ဆောက်ရေး၊ ပြုပြင်ပြောင်းလဲရေးကာလအတွင်း စီးပွားရေးတိုးတက်မှုနှုန်းရှေ့သို့ အင်နှင့်အားနှင့် မသွားနိုင်၊ ရှေ့မရောက်နိုင်ဘဲ ပြန်လည်တည်ဆောက်ရေးကာလလို့ . . အခြေအနေမျိုးကိုသာ ကြုံနေရသလိုမျိုး ဖြစ်နေတတ်ပြန်လေသည်။ သဘာဝဘေးအန္တရာယ်မှတစ်ဆင့် စီးပွားရေး ထိခိုက်မှု၊ လူမှုရေးမငြိမ်မသက်မှု၊ စားနပ်ရိက္ခာ မလုံလောက်မှု၊ အကျင့်ပျက်ခြစားမှု၊ နိုင်ငံရေးမတည်ငြိမ်မှု စသည့် နောက်ဆက်တွဲ ပြဿနာများပါ ဆက်စပ်ဖြစ်ပေါ်လာနိုင်လေသည်။

**ကျန်းမာရေးဆိုးကျိုးအန္တရာယ် ဝိုင်းဝန်းကာကွယ်**

ထို့ပြင်ရေကြီးရေလျှံမှုကိုခံစားခဲ့ကြရသည့်ဒေသများရှိပြည်သူများ၏ကျန်းမာရေးအခြေအနေများ၊စိတ်ခံစားမှုအခြေအနေများသည်လည်း အကောင်းဘက်ကို ဦးတည်မလာနိုင်ပေ။ ရေကြီးပြီးပြန်ကျသွားသည့်အခါတွင် ရေကြီးစဉ်ကရေနှင့် ထိတွေ့ခဲ့သည့်အစားအစာမှန်သမျှ စားသောက်ဖို့ မသင့်တော်သလို အဆိုပါအစားအသောက်များကို စားမိပြီဆိုပါက ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။ ထို့အပြင်ရေကြီးသည့်ဒေသများတွင် အခက်အခဲအများဆုံးဖြစ်သည့်ကိစ္စမှာ သောက်ရေပင်ဖြစ်သည်။ သန့်ရှင်းသည့်သောက်ရေရရှိရေးသည် အဓိကဖြစ်လာပြီး သောက်ရေမသန့်ရှင်းပါက ရောဂါဘယများကူးစက်လာတတ်ကြောင်းကိုလည်း သတိချပ်နေကြရလေသည်။ နောက်တစ်ချက်မှာ ခြင်၊ ယင်၊ ကင်းနှင့် မြွေလိုမျိုးအဆိပ်ရှိသတ္တဝါများ၏ အန္တရာယ်မှာလည်း အထူးဂရုပြုကြရသလို အချို့စားသောက်ဖွယ်ရာအတော်များများတွင် ရေကြီးမှုကြောင့် စိုထိုင်းဆဝင်လာပြီး မှိုစွဲကပ်ရာမှစားသောက်မိကြသည့်အခါတွင် ရင်ကျပ်ပန်းနာ၊ လည်ချောင်းနာ၊ မျက်စိနာလိုရောဂါများ ဖြစ်ပေါ်တတ်ပြန်ပါသည်။ ထို့အပြင်ရေကြီးမှုကြောင့် နစ်မြုပ်သွားသည့်ဘက်ထရီ၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများသည်လည်းရေနှင့်အတူပျံ့နှံ့သွားတတ်ပြီး ဓာတုဗေဒအဆိပ်သင့်ဖြစ်စဉ်များလည်း ဖြစ်စေတတ်ပါသည်။

**ရေကြီးမှုကြောင့်ရောဂါနစ်သွယ်ဖြစ်တတ်လွယ်ပြန်**

ရေကြီးပြီးသည့်နောက်ပိုင်းတွင် ရေကသယ်ဆောင်လာသည့်ရောဂါနှင့် ပိုးကောင်ကသယ်ဆောင်လာသည့်ရောဂါဟူ၍ နှစ်ပိုင်းခွဲခြားနိုင်ကြောင်း၊ ရေကသယ်ဆောင်လာသည့်ရောဂါများတွင် အူရောင်ငန်းဖျားရောဂါ၊ ကာလဝမ်းရောဂါ၊ လက်ပ်တိုစပိုင်ရိုးစစ်ရောဂါ၊ အသည်းရောင် အသားဝါရောဂါများဖြစ်စေတတ်ကြောင်း၊ ထို့အပြင် ထိခိုက်ရှနာအနာများရင်းတတ်ပြီး အရေပြားရောင်ရမ်းခြင်း၊ မျက်စိကြည်လွှာရောင်ရမ်းခြင်း၊ နားနှာခေါင်းလည်ချောင်းနာခြင်းများဖြစ်တတ်ကြောင်း ကျန်းမာရေးပညာရှင်များက ဆိုထားပါသည်။ ၎င်းအပြင်ပိုးကောင်မှသယ်ဆောင်လာသည့်ရောဂါများအဖြစ် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ယဲလိုးအဖျားရောဂါ၊ ဝက်စ်နိုင်းဗိုင်းရပ်စ်ရောဂါတို့ ဖြစ်စေတတ်ကြောင်းကိုပါ လေ့လာမိခဲ့ရပါသည်။

**စိတ်ပိုင်းဆိုင်ရာ ရောဂါများ.. ရနိုင်.. ရေကြီးစဉ်**

ထို့ပြင်စိတ်ပိုင်းဆိုင်ရာခံစားချက်များအနေဖြင့်လည်း အများအပြားခံစားကြရမည်မှာအမှန်ပင်ဖြစ်ပါမည်။ ဥပမာ. . မိုးခြိမ်းသံကြားခြင်း၊မိုးညိုလာခြင်းများရှိပါက စိတ်ထဲတွင်မလုံမခြုံခံစားရခြင်း၊ ရေကြီးသည့်ကာလရှည်ကြာပါက ပြန်လည်ထူထောင်ရေးကာလသည်လည်းရှည်ကြာတတ်သဖြင့် ၎င်းတို့၏အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ အချိန်အတော်ကြာအောင်ပြန်လည်လုပ်ကိုင်ကြရခြင်းမရှိသည့်အတွက် နောင်ရေးတွေးကာစိတ်ပူပန်မှုများဖြစ်ကြရခြင်း၊ စာသင်ကျောင်းများပိတ်ထားရသဖြင့်သားသမီးများ၏ ပညာရေးအတွက်တွေးတောပူပန်ခြင်းများ ဖြစ်ပေါ်လာမည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။

အချုပ်အားဖြင့်တင်ပြရလျှင် ယခုအချိန်အခါသည် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် ရေကြီးရေလျှံမှုများဖြစ်ပွားလာနိုင်သည့်အချိန်ဖြစ်ပြီး ထိုသို့ဖြစ်ပွားလာမှုများကိုလည်း ပြည်သူအများခံစားနေကြရသည်ဖြစ်ရာ ရေမကြီးမီအချိန်ကတည်းကပင် ဖြစ်ပေါ်လာလျှင် ဆောင်ရွက်မည့်အစီအမံများနှင့် ကြိုတင်ကာကွယ်ရေးကိစ္စများကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် သတင်းဖြန့်ချိပေးကြရမည်ဖြစ်သည်။ ထို့ပြင်ရေကြီးပြီး ရေပြန်လည်ကျဆင်းသွားချိန်တွင် ပြည်သူများ၏ ကျန်းမာရေးအခြေအနေများနှင့် စိတ်ဓာတ်မြှင့်တင်ရေး အစီအစဉ်များကို အစိုးရဌာနဆိုင်ရာများက ဖော်ဆောင်ပေးရမည် ဖြစ်သည်။ သန့်ရှင်းသည့်ရေနှင့် အစားအသောက်များရရှိစေရေး၊ အညစ်အကြေးစွန့်ပစ်ရန်နေရာများ စနစ်တကျသတ်မှတ်ပေးရေး၊ သန့်ရှင်းမှုရှိအောင်စီမံပေးရေး၊ ခြင်၊ ယင်များပေါက်ပွား ရှင်သန်ရာနေရာများအား သုတ်သင်ရှင်းလင်းပေးခြင်း၊ ပိုးသတ်ဆေးများဖျန်းပေးခြင်းအပြင် အခြားလိုအပ်သော လူသုံးကုန်ပစ္စည်းနှင့် အဝတ်အထည်များထောက်ပံ့ပေးခြင်းများဖြင့် ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများကို ဖြည့်ဆည်းပေးကြရမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# တိုင်းရင်းဆေးကောင်စီ ဥပဒေမူကြမ်းနှင့် နောင်အနာဂတ်စိန်ခေါ်မှုများ စကားဝိုင်းဆွေးနွေး

**ချမ်းအေးသာစံ ဇွန် ၁၈**
တိုင်းရင်းဆေးကောင်စီ ဥပဒေမူကြမ်းနှင့်နောင်အနာဂတ်စိန်ခေါ်မှုများစကားဝိုင်း ဆွေးနွေးပွဲကို ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၄ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြားရှိ OrientalHouse ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခ၊ ဌာနမှူး ဦးမောင်မောင်သက်၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဝင် ဦးဝင်းကို၊ မန္တလေးတိုင်းဒေသကြီးတိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းဝင် ဦးသန်းဦးတို့က တိုင်းရင်းဆေးကောင်စီဥပဒေမူကြမ်းတွင်ပါရှိသော တိုင်းရင်းဆေးပညာ အရည်အသွေးမြင့်မားရေးကဏ္ဍ၊ တိုင်းရင်းဆေးဆရာအရည်အချင်းသတ်မှတ်ချက်၊ တိုင်းရင်းဆေးဆရာ မှတ်ပုံတင်ခြင်း၊ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး လေ့ကျင့်သင်ကြားသုတေသနပြုမှုကဏ္ဍများ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုစနစ် လုံခြုံစိတ်ချရမှုရှိစေရေးကဏ္ဍများနှင့် အနာဂတ်စိန်ခေါ်မှုများကို စကားဝိုင်းဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။




မန္တလေးတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်တိုင်းရင်းဆေးဆရာအသင်းအမှုဆောင်များ၊ တိုင်းရင်းဆေးသမားတော်ကြီးများ၊ တိုင်းရင်းဆေးဆရာများ၊ တိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့လွန်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**

# မင်းတုန်းမြို့နယ်တွင် တောင်ကျချောင်းရေများကြောင့် နေအိမ်တစ်ထောင်ကျော်ရေဘေးသင့် သိုလှောင်ထားသော ဆန်၊ စပါးများပျက်စီး

**မင်းတုန်း ဇွန် ၁၈**
မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်တွင် ဇွန် ၁၁ ရက်က အဆက်မပြတ်ရွာသွန်းခဲ့သော မိုးကြောင့် နေရာအနှံ့အပြားတွင် တောင်ကျရေများလွှမ်းလျက်ရှိပြီး လူနေအိမ်တစ်ထောင်ကျော်ပျက်စီးဆုံးရှုံးကာ ဆန်စပါးများပါ ရေနှင့်မျောပါသွားခဲ့ကြောင်း သိရသည်။

မင်းတုန်းချောင်းနှင့် လွှာချောင်းတို့ရေလျှံမှုသည် ဇွန် ၁၄ ရက်အထိကျဆင်း ခြင်းမရှိသည့်အတွက် မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၈ ရွာ၊ နေအိမ်ပေါင်း ၁၀၃၂ အိမ်ရေဝင်နစ်မြုပ်ခဲ့ပြီး လူနေအိမ်ပေါင်း ၁၀၂ အိမ်ရွှေ့ပြောင်းပေးခဲ့ရကာ လူနေအိမ်ရှစ်လုံး ရေနှင့်မျောပါသွားကြောင်း၊ စာရင်းအတိအကျသိရှိရခြင်းမရှိသေးဘဲ အချို့သောကျေးရွာများမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ပျက်စီးဆုံးရှုံးမှုယခုထက်ပိုမိုများပြားနိုင်ကြောင်း မြို့နယ်အဆင့်တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"ရေဘေးကြောင့် ဒေသခံပြည်သူတွေ အတော့်ကိုဒုက္ခရောက်ကြတယ်၊ အချို့နေရာတွေမှာ လူတွေသေတယ်လို့လည်းကြားသလို မြို့နယ်အဆင့်တာဝန်ရှိသူတွေက ကူညီမှုတွေ ချက်ချင်းလုပ်ဆောင်နေတာတွေ့ရတယ်၊ ကျွန်တော်တို့အဖွဲ့တွေလည်း ဝိုင်းဝန်းကူညီဆောင်ရွက်မှုတွေ လုပ်ပါတယ်၊ ခက်တာက စက်လှေလုံလုံလောက်လောက်မရှိတာ၊ ငွေကြေးနည်းပါးတာကြောင့် ကူညီလှူဒါန်းမှုမှာစိတ်သွားတိုင်းကိုယ်မပါဖြစ်ရတယ်"ဟု မင်းတုန်းမြို့နယ် တွဲလက်လူငယ်များအဖွဲ့မှ အတွင်းရေးမှူး ကိုမင်းထက်အောင်က ပြောသည်။

ဒေသခံများ၏ပြောပြချက်အရ မင်းတုန်းမြို့နယ်တွင် နှစ်စဉ်လိုလို တောင်ကျချောင်းရေများကြောင့် ရေကြီးမှုများ ဖြစ်ပေါ်လေ့ရှိသော်လည်း ယခုနှစ် ရေကြီးရေလျှံမှုမှာ လူနှင့်တိရစ္ဆာန်များသေဆုံးကြခြင်းအပြင် စပါးကျီများ၊ ဆန်အိုးများ၊ မီးဖိုချောင်သုံးပစ္စည်းများပါဆုံးရှုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရေတက်တာကအလွန်မြန်တယ်၊ နှစ်နာရီအတွင်းကို ရေက ၁၀ ပေလောက်ကို တက်လာတာ၊ ပစ္စည်းတွေသယ်ဖို့နေနေသာသာ လူတွေကို လွတ်အောင်မနည်းကယ်ထုတ်ရတာ"ဟု ငွေးတောင်ချိုအုပ်စု တောင်မြင့်ကျေးရွာ ရာအိမ်မှူး ဦးငွေးအောင်က ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဧက ၃၈၀၀၀ ကျော်စိုက်ပျိုးသွားမည်

**မုံရွာ ဇွန် ၁၈**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင်ခြောက်ခုရှိ သစ်တောဧရိယာများအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဧက ၃၈၇၈၉ ဒသမ ၃၇ ဧကကို ပြန်လည်စိုက်ပျိုးတည်ထောင်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးသစ်တောဦးစီးဌာနမှ သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးမည့်ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများတည်ထောင်ခြင်းအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် နှစ်မြို့နယ်တွင် ၂၁၀၉၅ ဧကကို လည်းကောင်း၊ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်တွင် ၂၇၁၁ ဧကကိုလည်းကောင်း၊ ကသာခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တွင် ၉၆၂၀ ဒသမ ၃၂ ဧကကို လည်းကောင်း၊ မုံရွာခရိုင်အတွင်းရှိ မြို့နယ် နှစ်မြို့နယ်တွင် ဧက ၁၉၀ ကိုလည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်တွင် ၂၉၇၈ ဒသမ ၂၉ ဧကကို လည်းကောင်း၊ ကလေးခရိုင်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တွင် ၂၁၉၄ ဒသမ ၇၆ ဧကကိုလည်းကောင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သစ်တောဧရိယာများတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသည့် ကျူးကျော်ယာများတွင် မိမိတို့၏ စိုက်ပျိုးလိုသည့် သီးနှံများကို စိုက်ပျိုးသကဲ့သို့ သစ်တောဦးစီးဌာနနှင့် သစ်တောဝင်းများအတွင်းရှိ ဒေသခံပြည်သူများ ပူးပေါင်းပြီး သစ်တောများပြုန်းတီးခြင်းမှ ကာကွယ်နိုင်ရန်အတွက် သစ်တောစိုက်ခင်းများ ပြန်လည်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# မော်တော်ဆိုင်ကယ်အလှပြပွဲနှင့် မော်တော်ဆိုင်ကယ်စတန့်စီးသရုပ်ပြပွဲကျင်းပ

**ချမ်းမြသာစည် ဇွန် ၁၈**
မန္တလေး ဆိုင်ကယ်ချစ်မြတ်နိုးသူများအဖွဲ့က ကျင်းပသည့် မော်တော်ဆိုင်ကယ် အလှဆင်ပြပွဲနှင့် မော်တော်ဆိုင်ကယ်စတန့်စီးသရုပ်ပြပွဲကို ဇွန် ၁၇ ရက် ညနေ ၅ နာရီမှ ည ၈ နာရီအထိ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း မန္တလာသီရိ အဆင့်မြင့်အားကစားကွင်း၌ ကျင်းပသည်။

မော်တော်ဆိုင်ကယ်စိတ်ကြိုက် အလှဆင်ပြပွဲတွင် မော်တော်ဆိုင်ကယ်ခေတ်ဦး 90CC၊ 100CC၊ 125CC၊ 150CC၊ 200CC နှင့် 250CC ဂျပန်၊ အမေရိကန်၊ ဂျာမနီနိုင်ငံထုတ် အမျိုးသားစီးဆိုင်ကယ်များ၊ ၁၉၈၀ ဝန်းကျင်ဘီအက်အေ၊ ဂျာဝါ၊ အမ်ဇက်၊ ဟွန်ဒါ ဆိုင်ကယ်များ၊ ခေတ်သစ်အမျိုးသားစီးဟွန်ဒါ၊ ယာမဟာနှင့် ဥရောပ၊ အိန္ဒိယ၊ ထိုင်း၊ တရုတ်နိုင်ငံထုတ် ဆိုင်ကယ်များအား အလှဆင် ပြသထားရာမော်တော်ဆိုင်ကယ် ချစ်မြတ်နိုးသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

နံနက် ၇ နာရီက အင်ဂျင်ပါဝါကြီးအမျိုးသားစီးဆိုင်ကယ်ကြီးများဖြင့် ကျုံးပတ်အလှစီးသရုပ်ပြသပြီး ညနေ ၅ နာရီတွင် မန္တလာသီရိအားကစားကွင်းတွင် လူငယ်စတန့်ကျွမ်းကျင်သူများက ဂီယာဆိုင်ကယ်၊ အော်တိုဆိုင်ကယ်များဖြင့် စတန့်စီးပြသရာ လူငယ်များ ကွင်းလုံးပြည့်အားပေးကြည့်ရှုကြသည်။

ဆိုင်ကယ်ပြပွဲ၊ဆိုင်ကယ်စတန့်စီးသရုပ်ပြပွဲနှင့်အတူ တေးဂီတအဖွဲ့ကလည်းတေးသီချင်းများဖြင့် ဖျော်ဖြေသည်။

**မောင်ပြည်သူ(မန္တလေး)**






# ကျေးရွာသုံးထင်းစိုက်ခင်း ၂၄ ဧကတွင် ယူကလစ်ပင် ၂၉၀၀၀ကျော် မိတ္ထီလာမြို့နယ် သစ်တောဦးစီးဌာနက စိုက်ပျိုးထား

**မိတ္ထီလာ ဇွန် ၁၈**
မိတ္ထီလာတွင် မြို့၏အနောက်ဘက် မိုင် ၃၀ ကျော်ကွာဝေးသည့်နေရာတွင်တည်ရှိသည့် သံဘိုကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအတွက်ရည်ရွယ်၍ ကျေးရွာသုံး ထင်းစိုက်ခင်း ၂၄ ဧက ယူကလစ်ပင် ၂၉၀၀၀ ကျော်ကို တောင်လျော်ကန်ကြိုးဝိုင်းအကွက် ၁၀ တွင် မြို့နယ်သစ်တောဦးစီးဌာနက စိုက်ပျိုးပေးထားကြောင်းသိရသည်။

"တောင်လျော်ကန်ကြိုးဝိုင်းနဲ့ နီးစပ်တဲ့ သံဘိုကျေးရွာအုပ်စုအတွင်းက ကျေးရွာတွေအတွက် ရည်ရွယ်ပြီးတော့ ကျေးရွာသုံးထင်းစိုက်ခင်းအဖြစ် ကြိုးဝိုင်းမြေ ၂၄ ဧကအတွင်းမှာ ယူကလစ်ပင်ပေါင်း ၂၉၀၄၀ ကို စိုက်ပျိုးထားတာဖြစ်ပါတယ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေနဲ့ ဒီကျေးရွာသုံးထင်းစိုက်ခင်း စိုက်ပျိုးဆောင်ရွက်တာပါ၊ စိုက်ပျိုးပြီး ငါးနှစ်ကြာပြီးတဲ့နောက်မှ သံဘိုကျေးရွာအုပ်စုအတွင်းက ကျေးရွာပြည်သူတွေကို ထင်းအဖြစ် အသုံးပြုနိုင်ဖို့ အခမဲ့ဖြန့်ဝေပေးမှာဖြစ်ပါတယ်"ဟု မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်သူက ပြောသည်။

ယူကလစ်ပင်များမှာ ဒေသ၏ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိပြီး သတ်မှတ်ကာလရောက်၍ခုတ်ယူလျှင် သစ်ပင်ကို မြေပြင်မှ တစ်ပေခန့်အကွာမှ ခုတ်ယူရပြီး ကျန်ရှိသည့်ငုတ်ကို ချွန်ပေးပါက မိုးရေဝင်၍ သစ်ပင်ပုပ်သွားခြင်းမရှိဘဲ အသစ်တစ်ဖန်ပြန်လည်၍ ကြီးထွားရှင်သန်နိုင်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် မိတ္ထီလာမြို့မှ မြောက်ဘက် ၁၂ မိုင်ခန့်ကွာဝေးပြီး လိန်တောကျေးရွာအနီးတွင်တည်ရှိသည့် လိန်တောကြိုးပြင်ကာကွယ်တောတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ၍ မျှင်ဝါး ၃၀၊ ဖျောက်ဆိပ် ၅၀၊ ဥသျှစ် ၅၀၊ ကုက္ကို ၅၀၊ သစ်ပလွေ ၅၀ နှင့် ဒဟတ် ၅၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ပဲခူးတိုင်းဒေသကြီးတွင် ကျင်းပ



**ပဲခူး ဇွန် ၁၈**

ပဲခူးမြို့ ကန်တော်ကြီးကြိုးပြင်ကာကွယ်တောအတွင်း ဇွန် ၁၈ ရက် နံနက် ၈ နာရီက ပဲခူးတိုင်းဒေသကြီးသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ၂၀၁၈-၁၉ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပသည်။

သပြေ၊ သင်းဝင်၊ သဃ်န်း၊ ပိတောက်၊ ပျဉ်းကတိုး၊ ကံ့ကော်၊ မည်စည်၊ ပျဉ်းမ၊ မဟော်ဂနီ၊ ရင်းမာ၊ တမလန်း၊ ရွှေဝါး၊ မျှင်ဝါးစသည့်ပျိုးပင်ပေါင်း ၅၆၀ ကို စိုက်ပျိုးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက မဟော်ဂနီပင်ကိုလည်းကောင်း၊ တရားသူကြီးချုပ်က ရင်းမာပင်ကို လည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးဝန်ကြီးတို့က ကံ့ကော်ပင်ကိုလည်းကောင်း အသီးသီး စိုက်ပျိုးပေးကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၈-၁၉ ခုနှစ် ဇွန်၊ ဇူလိုင်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးရန် တစ်ခရိုင်လျှင် ပျိုးပင်ပေါင်း ၃၅၀၀၀၀စီ ဖြန့်ဝေပေးထားပြီး စုစုပေါင်း ၁၄ သိန်း စိုက်ပျိုးသွားရန် လျာထားကြောင်းသိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

**ဟိန်းထက်(ပြန်/ဆက်)**

# တီထွင်မှုမူပိုင်ခွင့်နှင့် စာပေအနုပညာမူပိုင်ခွင့် စကားဝိုင်း ဆွေးနွေး

**ရန်ကုန် ဇွန် ၁၈**

တီထွင်မှုမူပိုင်ခွင့်နှင့် စာပေအနုပညာမူပိုင်ခွင့် စကားဝိုင်းကို ဗဟန်းမြို့နယ်ရှိ သမဝါယမစီးပွားရေးဗဟိုဌာန(Co-operative Business Centre)၌ ဇွန် ၁၇ ရက်နံနက် ၉ နာရီခွဲမှညနေ ၃ နာရီထိ ဆွေးနွေးခြင်းပြုလုပ်ခဲ့သည်။

တီထွင်မှုမူပိုင်ခွင့်နှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေများ ထွက်ပေါ်လာပါက တီထွင်မှုနယ်ပယ်နှင့် အနုပညာနယ်ပယ်အသီးသီးတွင် တီထွင်ဖန်တီးကြသူများ၏ မူပိုင်ခွင့်ချိုးဖောက်ခံနေရသည့် ပြဿနာရပ်များအတွက် ထိရောက်သောအကာအကွယ် ရရှိသွားနိုင်မည်ဖြစ်ကြောင်း၊ သီဆိုဖျော်ဖြေထုတ်လွှင့်မှုအတွက်မူပိုင်ခွင့်ကြေးကို ကြားခံအဖွဲ့အစည်းဖြစ်သော Collective Management Organization က ကောက်ခံကာ သက်ဆိုင်ရာ မူပိုင်ခွင့်ပိုင်ရှင်များအား ပြန်လည်ခွဲဝေပေးမည့်စနစ်မှာလည်း ဥပဒေအသစ်တွင် ပါဝင်လာမည်ဖြစ်ပြီး စိတ်ကူးအသစ်ဖြင့် မိမိဖန်တီးမှုအတွက် စိတ်ပူစရာမလိုတော့ဘဲ မူပိုင်အခွင့်အရေးများကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း၊ အနုပညာကဏ္ဍအားလုံးတွင် ဖန်တီးသူအသိပညာရှင် အတတ်ပညာရှင်များ၏ မူပိုင်အခွင့်အရေးများကို အသိအမှတ်ပြုလျက် တိုးတက်ပြောင်းလဲနေသည့်ဒစ်ဂျစ်တယ်ခေတ်နှင့်လျော်ညီသည့် ဥပဒေအကာအကွယ်ဖြင့် မျှတမှန်ကန်စွာစောင့်ရှောက်အားပေးနိုင်ရန် အရေးကြီးသောကြောင့် ဖိုရမ်နှင့် စကားဝိုင်းဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ် ကြောင်း အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ ဒု-ဥက္ကဋ္ဌ ဦးသိန်းအောင်ကပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း၊ ဒုဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ UMFCCI မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်နှင့် တာဝန်ရှိသူများ၊ ဥပဒေပညာရှင်များ၊ တေးရေးဆရာမြင့်မိုးအောင်၊ သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်နှင့် ဦးမောင်မောင်(မော်ကျွန်း)(ဘာသာပြန်စာပေ)၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အသင်းခွဲ ကိုယ်စားလှယ်များ၊ တီထွင်မှုနယ်ပယ်မှ အင်ဂျင်နီယာများ၊ အတတ်ပညာရှင်များ၊ ရှေ့နေအကျိုးဆောင်များ၊ တက္ကသိုလ်များမှ ဘွဲ့ရဘွဲ့ကြိုလူငယ်များ တက်ရောက် ဆွေးနွေးခဲ့ကြသည်။

**ပွင့်သစ္စာ**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ထန်းတပင်မြို့နယ်တွင် ကျင်းပ

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk) ဆွေးနွေးပွဲကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက ရခိုင်ရိုးကြီးကျေးရွာအုပ်စု ရခိုင်ရိုးလေးကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်စံဦးက နှုတ်ခွန်းဆက်အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းက ကျေးလက်ဒေသများတွင် ပြည်သူ့စကားဝိုင်းများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်စံဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ထွေးဝင်းတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် အသီးသီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများက မေးမြန်းဆွေးနွေးခဲ့ကြရာ ဦးဆောင်ဆွေးနွေးသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ ကျေးလက်နေပြည်သူ ၁၃၅ ဦးခန့် တက်ရောက်ခဲ့ကြပြီး ထန်းတပင် မြို့နယ်အတွင်း၌ ယခုကျင်းပခြင်းသည် ဆဋ္ဌမအကြိမ်မြောက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် ဓာတ်ပုံ၊ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် ဓာတ်ပုံ၊ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက ဘုရားကုန်းကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာ သဒ္ဓမ္မဇောတိကာရုံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း မေတ္တာပါလဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီလွင်က ကျောင်းသားလူငယ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကြီးမားပုံ၊ မိမိပတ်ဝန်းကျင်ရှိ လူငယ်လူရွယ်များ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ခံစားရမည့် ဆိုးကျိုးများကို သိရှိစေရန်၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားတို့အား လက်ဝယ်ထားရှိသုံးစွဲပါက မူးယစ်ဆေးဝါးဥပဒေအရ အရေးယူခံရမည့် အကြောင်းအရာများကို သိရှိနားလည်စေရန်နှင့် မူးယစ်ဆေးဝါး သုံးစွဲရခြင်းကြောင့် ဖြစ်ပေါ်နိုင်သော ဆိုးကျိုးများသိရှိနိုင်ရန်၊ မူးယစ်ဆေးစွဲလက္ခဏာစာအုပ် စာစောင်များကို ဖတ်ရှုကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဓာတ်ပုံ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြသထားရှိမှုတို့အား ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**သက်ခိုင်(သန်လျင်)**



# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်သုံးထောင်ကျော်စိုက်ပျိုးပွဲ ညောင်တုန်းမြို့၌ ကျင်းပ

**ညောင်တုန်း ဇွန် ၁၈**

စိမ်းလန်းစိုပြည်သာယာသော အနာဂတ်မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းစေရန်နှင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးမှ အနာဂတ်မျိုးဆက်သစ်များ မခံစားရစေရန်တို့ကို ရည်ရွယ်၍ မိုးရာသီပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်သုံးထောင်ကျော်စိုက်ပျိုးပွဲကို ဇွန် ၁၇ ရက် နံနက်က ညောင်တုန်းမြို့နယ် မိုးဟုတ်ကျေးရွာအုပ်စု၊ ဝါးတောစွန်းကျေးရွာအုပ်စုနှင့် မြို့ပေါ်ဗိုလ်ချုပ်ကြေးရုပ်အနီး လမ်းဘေး ဝဲ၊ ယာ၌ စိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ မော်ဘီတောရရွှေညဝါကျောင်းတိုက် ဆရာတော် ဦးပညာသီဟ (ရွှေညဝါဆရာတော်) ဦးဆောင်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမိုးနှင့် ဦးကျော်ဆန်း၊ မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမြင့်သန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးညွှန့်ဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအတွင်းရှိ ပြည်သူများနှင့် ပရဟိတအသင်းအဖွဲ့များအင်အား ၃၀၀ ကျော်တက်ရောက်၍ တပျော်တပါး သစ်ပင်စိုက်ပျိုးကြသည်။

အဆိုပါစိုက်ပျိုးသော သစ်ပင်များမှာ ကျွန်းပင် ၇၅၀၊ ပျဉ်းကတိုး ၇၅၀၊ မဟော်ဂနီ ၇၅၀၊ မန်ကျည်းပင် ၇၅၀၊ အခြားစိန်ပန်းပင်နှင့် အော်ရီးရှား စုစုပေါင်း သုံးထောင်ကျော်ကို နံနက် ၈ နာရီမှ ၁၁ နာရီထိ စိုက်ပျိုးကြပြီး မြို့နယ်ဈေးကြီးဆန်လှူအသင်းက အာဟာရဒါနအဖြစ် ကြာဆန်ကြော်နှင့် ရေသန့်ဘူးများဖြင့် ကျွေးမွေးဧည့်ခံလှူဒါန်းကြကြောင်း သိရသည်။

**ဝင်းမြင့်ကျော်၊ ဝဏ္ဏနိုင်(ညောင်တုန်း)**

# ကမ်းရိုးတန်း အမြန်ရေယာဉ်များ ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲ

**ဟိုင်းကြီးကျွန်း ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့သို့ ပုသိမ်မြို့မှအလှည့်ကျ ခုတ်မောင်းလျက်ရှိသော ကမ်းရိုးတန်း အမြန်ရေယာဉ်များ မိုးသက်လေပြင်းတိုက်ခတ်မှု၊ ရေကြီးရေလျှံမှုများကြောင့် ခရီးသွားပြည်သူများ အန္တရာယ်မဖြစ်ပေါ်စေရန်အတွက် ဇွန် ၁၃ ရက်မှ ၁၇ ရက်အထိ ရေလမ်းခရီးပြေးဆွဲခြင်းကို ငါးရက်မျှ ယာယီရပ်နားခဲ့ပြီး ဇွန် ၁၈ ရက် နံနက်ပိုင်းမှစ၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲကြောင်း ကမ်းရိုးတန်းအမြန်ရေယာဉ် လက်မှတ်အရောင်းဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမှ ပုသိမ်မြို့သို့ ခုတ်မောင်းပြေးဆွဲလျက်ရှိသော ကမ်းရိုးတန်း အမြန်ရေယာဉ်များမှာ ပိုလိုင်ကြီး၊ ပုသိမ်သူ ၈၊ ပုသိမ်သူ ၁၀၊ မြတ်ပြည့်စုံတို့ လေးစီး အလှည့်ကျပြေးဆွဲလျက်ရှိကာ ပြီးခဲ့သည့် ဇွန် ၁၃ ရက်နံနက်ပိုင်းမှစ၍ ပုသိမ်မှအမြန်ရေယာဉ်ပြေးဆွဲမှုမရှိကြောင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ လှိုင်းလေထန်ခြင်းနှင့် ရေကြီးရေလျှံမှုများကြောင့် ယာဉ်လိုင်းများယာယီရပ်နားထားခြင်းဖြစ်နိုင်ကြောင်း ဟိုင်းကြီးကျွန်းမြို့ စံပြဆိပ်ကမ်းမှ အလုပ်သမားအဖွဲ့မှူး ဦးအောင်မင်းသူက ပြောသည်။

ပြီးခဲ့သည့်ရက်များက ဟိုင်းကြီးကျွန်းမြို့အပါအဝင် အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့်ချောင်းဝ-ပုသိမ်ယာဉ်လိုင်းနှင့် ဒီးဒူးကုန်း-ပုသိမ် ကမ်းရိုးတန်း အမြန်ရေယာဉ် ယာဉ်လိုင်းများလည်း ခေတ္တရပ်နားခဲ့ကြပြီး ယခုအချိန်တွင်ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲနေကြပြီဖြစ်ကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပုသိမ်မြို့သို့တိုက်ရိုက်ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းများအားလုံးသည် ပွင့်လင်းရာသီများ၌ ညဘက်ခုတ်မောင်းကြပြီး မိုးကြိုကာလမှစ၍ မိုးတွင်းကာလတစ်ခုလုံးကို ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် နံနက်ပိုင်းသို့ အချိန်ပြောင်းလဲခုတ်မောင်းလျက်ရှိရာ ယခုအခါ ရေယာဉ်လိုင်းများအားလုံးနံနက်ပိုင်းသို့ အချိန်ပြောင်းလဲ ခုတ်မောင်းနေပြီဖြစ်သည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## ဘက်ခမ်းဟာ အကောင်းဆုံးဖခင်ဟု ဗစ်တိုးရီးယားဆို

လတ်တလောကျရောက်ခဲ့တဲ့ အဖေများနေ့မှာတော့ နာမည်ကျော် မော်ဒယ်လ်နဲ့ ဒီဇိုင်နာတစ်ဦးဖြစ်သူ ဗစ်တိုးရီးယားဘက်ခမ်းက ခင်ပွန်းဖြစ်သူ ဘောလုံးကြယ်ပွင့်ဟောင်း ဒေးဗစ်ဘက်ခမ်းနဲ့ ရင်သွေးလေးတွေ အတူရိုက်ကူးထားတဲ့ ဓာတ်ပုံကို လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့ပြီး ဒေးဗစ်မှာ ကလေးတွေအတွက် အကောင်းဆုံးဖခင်ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့တနင်္ဂနွေနေ့မှာတော့ ဗစ်တိုးရီးယားက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ အငယ်ဆုံးရင်သွေးလေးသုံးဦးနဲ့အတူ ရိုက်ကူးထားတဲ့ ဒေးဗစ်ဘက်ခမ်းရဲ့ ဓာတ်ပုံနဲ့အတူ ဖခင်များနေ့အထိမ်းအမှတ်အဖြစ် အထက်ပါအတိုင်း ရေးသားဖော်ပြခဲ့တာပါ။ အဆိုပါကြယ်ပွင့်စုံတွဲဟာ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ကောလာဟလတွေ ပြီးခဲ့တဲ့သီတင်းနှစ်ပတ်ခန့်က စတင်ပေါ်ထွက်လာခဲ့ပေမယ့် ကာယကံရှင်တွေက ချက်ချင်းငြင်းဆိုခဲ့ကြကြောင်းလည်း သိရပါတယ်။ နောက်ပိုင်းမှာလည်း နှစ်ဦးသားအတူတွဲကာ အခမ်းအနားတွေ တက်ရောက်ခဲ့တာကိုလည်း တွေ့ရပါတယ်။





## ဘီယွန်းစေးနဲ့ ဂျေဇီးတို့ရဲ့ တေးအယ်လ်ဘမ်သစ် ထွက်ရှိ

ဂီတမောင်နှံနှစ်ဦးဖြစ်ကြတဲ့ ဘီယွန်းစေးနဲ့ ဂျေဇီးတို့ဟာ နယ်လှည့်ဖျော်ဖြေပွဲတွေကို မောင်နှံစုံ ဆင်နွှဲလျက်ရှိပြီး လတ်တလောမှာတော့ သူတို့နှစ်ဦးရဲ့ စုံတွဲတေးအယ်လ်ဘမ်ကို ကြိုတင်အသိပေးခြင်းမရှိဘဲ ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန် ၁၆ ရက်မှာတော့ သူတို့ရဲ့ စုံတွဲတေးအယ်လ်ဘမ် "Everything Is Love"ကို စတင်ထုတ်လွှင့်ခဲ့တာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီစုံတွဲတေးအယ်လ်ဘမ်ထုတ်လွှင့်မယ့်အကြောင်းကိုတော့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ ဘီယွန်းစေးရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ် "Lemonade"ထုတ်လွှင့်မှုအပြီးမှာ စတင်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒီလိုနှစ်နဲ့ချီကာ စောင့်ဆိုင်းခဲ့ရတဲ့ တေးအယ်လ်ဘမ်ကို အစမ်းထုတ်လွှင့်မှုတွေ၊ ပရိုမိုးရှင်းတွေ ပြုလုပ်ပြီး ကြိုတင်အသိပေးခြင်းမရှိဘဲ ရုတ်တရက်အွန်လိုင်းပေါ်ကနေတစ်ဆင့် ဖြန့်ချိလိုက်တာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီအယ်လ်ဘမ်သစ်မှာတော့ ခြောက်မိနစ်ခန့်ကြာမြင့်တဲ့ တေးဗီဒီယိုတစ်ခုလည်း ပါဝင်နေပါတယ်။

"Everything Is Love"ဟာ ဘီယွန်းစေးနဲ့ ဂျေဇီးတို့အတွက် ပထမဆုံးသော စုံတွဲတေးအယ်လ်ဘမ်တော့ မဟုတ်ပါဘူး။ သူတို့မောင်နှံဟာ "Crazy in Love"နဲ့ "Drunk in Love"တို့အပါအဝင် တေးသီချင်း ဒါဇင်ပေါင်းများစွာကိုလည်း အတူဖန်တီးသီဆိုခဲ့ကြတာ ဖြစ်ပါတယ်။

## ဒပ်ဗလင်မိုးရေတွေအောက်မှာ ဖျော်ဖြေခဲ့တဲ့ တေလာဆွစ်

ဂရမ်မီဆုများရှင် ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ဟာ လတ်တလောမှာတော့ သူ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Reputation"အတွက် နယ်လှည့် ဖျော်ဖြေပွဲတွေပြုလုပ်နေခဲ့ရာ ပြီးခဲ့တဲ့ သောကြာနေ့မှာတော့ ဒပ်ဗလင်က ဖျော်ဖြေပွဲတွေကို စတင်ခဲ့ပါတယ်။ ဒီလို ဖျော်ဖြေခဲ့ရာမှာတော့ တေလာဆွစ်ဟာ မိနစ် ၃၀ ခန့် နောက်ကျမှ ဖျော်ဖြေရေးစင်မြင့်ပေါ် တက်ရောက်ခဲ့ပါတယ်။ မိုးအဆက်မပြတ်ရွာသွန်းနေတာကြောင့် ဖျော်ဖြေပွဲကို အချိန်ဆွဲထားခဲ့ပေမယ့် နောက်ဆုံးမှာတော့ မိုးမတိတ်တာကြောင့် မိုးရေထဲမှာပင် စောင့်ဆိုင်းနေတဲ့ ပရိသတ်တွေအတွက် ဖျော်ဖြေပေးခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၁၅ ရက်မှာတော့ ဒပ်ဗလင်က ခရုတ်ခ်ပန်းခြံမှာ တေလာဆွစ်ရဲ့ နယ်လှည့်ဖျော်ဖြေပွဲ ပြုလုပ်ခဲ့တာပါ။ ဖျော်ဖြေပွဲကျင်းပချိန်အထိ မိုးကရွာနေတာကြောင့် မိနစ် ၃၀ လောက်နောက်ကျခဲ့ရပေမယ့် မိုးမရပ်တော့တာကို သိခဲ့ရပြီးနောက်မှာတော့ တေလာဆွစ်က ပရိသတ်တွေဟာ သူ့အတွက် ဘယ်လောက်အထိ အရေးကြီးသလဲဆိုတာကို ပြသခဲ့ပါတယ်။ သူဟာ ဒပ်ဗလင်ရဲ့ နွေရာသီမိုးရေစက်တွေအောက်မှာ သီချင်းတွေကို တစ်ပုဒ်ပြီး တစ်ပုဒ် ဖျော်ဖြေပေးခဲ့တာကို တွေ့ရကြောင်း သိရပါတယ်။

"ကျွန်မနှလုံးသားရဲ့အနက်ရှိုင်းဆုံးနေရာကနေ ကျေးဇူးတင်မိပါတယ်၊ ဒီညဟာ ကျွန်မဘဝအတွက် အရေးကြီးတဲ့ညလေးတစ်ည ဖြစ်ပါတယ်၊ ခရုတ်ခ်ပန်းခြံရဲ့ ဒဏ္ဍာရီတွေအကြောင်း ကျွန်မအမြဲကြားခဲ့ရပြီး သောကြာနေ့ညမှာ ကျွန်မတို့နဲ့အတူ အချိန်တွေကို ကုန်ဆုံးပေးတဲ့အတွက် ဒီနေ့ညဟာတော့ တကယ့်ကို ပျော်ရွှင်ကောင်းမွန်တဲ့ ညလေးဖြစ်ခဲ့ရပါတယ်"လို့ ဖျော်ဖြေပွဲအပြီးမှာ ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

တေလာဆွစ်အနေနဲ့ ဒီဖျော်ဖြေပွဲမတိုင်မီ အိုင်ယာလန်မှာ နောက်ဆုံးဖျော်ဖြေခဲ့တာကတော့ ပြီးခဲ့တဲ့ သုံးနှစ်ခန့်က သရီးအရီနာမှာ ဖျော်ဖြေခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ဒီနှစ် အိုင်ယာလန်မှာ သီတင်းနှစ်ပတ်အတွင်း ပြုလုပ်သွားမယ့် ဖျော်ဖြေပွဲတွေအစမှာတော့ တေလာဆွစ်ဟာ "U2"တေးဂီတအဖွဲ့ရဲ့ ကြိုဆိုမှုကို လက်ခံရရှိခဲ့ပါတယ်။ အဆိုပါတေးဂီတအဖွဲ့က ပေ့ါပ်ကြယ်ပွင့်ဆီကို နှင်းဆီနီတွေနဲ့ ပြုလုပ်ထားတဲ့ ပန်းစည်းတစ်စည်းပေးပို့ကာ ကြိုဆိုခဲ့ကြပါတယ်။ ဒီအကြောင်းတွေကိုတော့ တေလာဆွစ်က သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ပန်းစည်းရဲ့ ဓာတ်ပုံနဲ့အတူ ဖော်ပြခဲ့တာကို တွေ့ရကြောင်းလည်း သိရပါတယ်။

အေးပြည့်-ရေးသားသည်

# အိပ်မက်ထက်ကို ချိုမြိန်ပါတယ်



မကြာသေးမီကမှ စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေထွက်လာတဲ့ ပေ့ါပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ရဲ့ချစ်သူ ဟာသသရုပ်ဆောင် ပီးထ်ဒေးဗစ်ဆန်က အရီရန်နာဂရန်းဒ်နဲ့ ချစ်သူတွေဖြစ်ခွင့်ရခဲ့တာဟာ သူ့ရဲ့အိပ်မက်တွေအားလုံးထက် ပိုမိုချိုမြိန်နေကြောင်း လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲတစ်ခုအပြီးမှာ ရင်ဖွင့်ခဲ့တာဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အောင်မြင်တဲ့ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Saturday Night Live"ရဲ့ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ပီးထ်ဒေးဗစ်ဆန်ဟာ တွေ့ဆုံပွဲတစ်ခုမှာ ပါဝင်ဖျော်ဖြေခဲ့ပြီး ယင်းဖျော်ဖြေပွဲအပြီးမှာ အထက်ပါအတိုင်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ပီးထ်ဒေးဗစ်ဆန်က သူ့ရဲ့တရားဝင်လူမှုကွန်ရက်စာမျက်နှာပေါ်မှာ အရီရန်နာဂရန်းဒ်နဲ့အတူ ရိုက်ကူးထားတဲ့ အဖြူ အမည်းဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့ရင်းက အောက်မှာ သူ့ရဲ့ ခံစားချက်တွေကို ထည့်သွင်းရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။

အရီရန်နာဂရန်းဒ်နဲ့ ပီးထ်ဒေးဗစ်ဆန်တို့ဟာ ပြီးခဲ့တဲ့ မေလအတွင်း ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ စတင်ထွက်ပေါ်လာခဲ့ကာ ဇွန် ၁၂ ရက်မှာတော့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း ဟောလိဝုဒ်မီဒီယာများစွာက ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ပေ့ါပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ရဲ့ အချစ်ရေးကတော့ ပရိသတ်တွေကို မျက်လှည့်ပြနေသလိုပါပဲ။ သူဟာ ချစ်သူနဲ့လမ်းခွဲကြောင်း ရုတ်တရက်ပြောကြားခဲ့ပြီး ဆက်တိုက်ဆိုသလိုပဲ ချစ်သူသစ်အကြောင်း ထုတ်ဖော်လာတာပါ။ လူမှုကွန်ရက်ပေါ်မှာလည်း ချစ်သူသစ်ရနေပြီဖြစ်ကြောင်း လျှင်လျှင်မြန်မြန် ထုတ်ဖော်လာခဲ့ပြီး တရားဝင်တွဲခဲ့ကြတဲ့ သူတို့နှစ်ဦးဟာ ချစ်သူသက်တမ်းကာလတိုအတွင်းမှာပဲ စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေထွက်လာခဲ့တာ ဖြစ်ပါတယ်။

အရီရန်နာဂရန်းဒ်အနေနဲ့ ချစ်သူသစ် ပီးထ်ဒေးဗစ်ဆန်နဲ့ စေ့စပ်ခဲ့ပြီးဖြစ်ကြောင်း ဟောလိဝုဒ်မီဒီယာများစွာက ဇွန် ၁၂ ရက်မှာ ရေးသားဖော်ပြခဲ့ကြတာကို တွေ့ရပါတယ်။ ဒီလိုစေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့ပြီးနောက် အရီရန်နာဂရန်းဒ်တို့စုံတွဲနဲ့ ပေ့ါပ်ကြယ်ပွင့်ရဲ့ မိသားစုဝင်တွေဟာ စေ့စပ်ပွဲအထိမ်းအမှတ်အဖြစ် ကယ်လီဖိုးနီးယားက ဒစ်စနေလန်းဒ်မှာ အလည်အပတ် ထွက်ခဲ့ကြကြောင်းလည်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။ အလည်အပတ်ခရီးမှာတော့ ကြယ်ပွင့်စုံတွဲအပြင် အရီရန်နာဂရန်းဒ်ရဲ့ မိခင်ဖြစ်သူ ဂျုန်းနဲ့ မောင်ဖြစ်သူ ဖရန်ကီဂရန်းဒ်လည်း အတူလိုက်ပါခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ဒစ်စနေလန်းဒ်မှာ ပျော်ရွှင်နေကြတဲ့ မိသားစုတွေရဲ့ ပုံရိပ်တွေကို ပရိသတ်တစ်ဦးက သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ ထုတ်ဖော်ပြသခဲ့တာ ဖြစ်ပါတယ်။ အလားတူ အရီရန်နာဂရန်းဒ်ရဲ့ မောင်ဖြစ်သူ ဖရန်ကီဂရန်းဒ်ကလည်း အလည်အပတ်ခရီးစဉ်အတွင်း ရိုက်ကူးထားတဲ့ ဓာတ်ပုံအချို့ကို သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပါတယ်။

ပီးထ်ဒေးဗစ်ဆန်ဟာ အရီရန်နာဂရန်းဒ်ရဲ့ စေ့စပ်လက်စွပ်အတွက် အမေရိကန်ဒေါ်လာ တစ်သိန်း အကုန်အကျခံခဲ့တာ ဖြစ်ပါတယ်။ စိတ်ကြိုက်ဒီဇိုင်းဆွဲကာ ဖန်တီးထားတဲ့ သုံးကာရက်ဒ်ရှိတဲ့ စိန်လက်စွပ်ကို နယူးယောက်က ဒီဇိုင်နာ ဂရက်ဂ်ျယူနာက မေလနှောင်းပိုင်းမှာ ဖန်တီးပေးခဲ့တာဖြစ်ပြီး သီတင်းနှစ်ပတ်အကြာမှာတော့ ဒီလက်စွပ်ကို ပီးထ်ဒေးဗစ်ဆန်က ချစ်သူ အရီရန်နာဂရန်းဒ်ကို ပေးခဲ့တာဖြစ်ပါတယ်။ ဒီလက်စွပ်ကို ပေ့ါပ်ကြယ်ပွင့်က ဇွန် ၂ ရက်မှာ လော့စ်အန်ဂျလိစ်၌ ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲမှာ စတင်ဝတ်ဆင်ခဲ့တာ ဖြစ်ပါတယ်။

အရီရန်နာဂရန်းဒ်ကလည်း သူနဲ့ ပီးထ်ဒေးဗစ်ဆန်တို့ လက်တွဲခဲ့တာနဲ့ ပတ်သက်ပြီး သူ့ရဲ့ခံစားချက်တွေကို ဇွန် ၁၅ ရက်မှာ သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရင်ဖွင့်ခဲ့ပါတယ်။ ဒီလိုဖော်ပြရာမှာတော့ အရီရန်နာဂရန်းဒ်က သူဟာ ပီးထ်ဒေးဗစ်ဆန်နဲ့ တွေ့ဆုံခွင့်ရတာကြောင့် အလွန်ကံကောင်းသူတစ်ဦး ဖြစ်ခဲ့ကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြထားပါတယ်။

ပေ့ါပ်ကြယ်ပွင့် ဒေးဗစ်ဆန်ဟာ အရင်က တေးသံရှင် မစ်ခ်မေလာနဲ့ အချိန်အတော်ကြာ လက်တွဲခဲ့ပါတယ်။ သူတို့နှစ်ဦးလမ်းခွဲလိုက်ပြီဖြစ်ကြောင်း မေလအစောပိုင်းမှာ ရုတ်တရက် ထုတ်ဖော်ပြောကြားခဲ့ပြီး အဲဒီနောက်မှာပဲ အချစ်သစ်ကို အချိန်တိုအတွင်း တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ပီးထ်ဒေးဗစ်ဆန်ကလည်း နှစ်အတော်ကြာ တရားဝင်လက်တွဲခဲ့တဲ့ ချစ်သူ ကတ်ဇီဒေးဗစ်ကို ချန်ထားခဲ့ကာ ပေ့ါပ်ကြယ်ပွင့်နဲ့ လက်တွဲခဲ့တာဖြစ်ပါတယ်။ ကြယ်ပွင့်စုံတွဲဟာ စေ့စပ်ကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့ပြီးနောက် လတ်တလောမှာတော့ လက်ထပ်ဖို့ပင် စဉ်းစားနေပြီဖြစ်ကြောင်း ကောလာဟလတွေပါ ဆက်တိုက်ပေါ်လာခဲ့တယ်လို့လည်း သိရပါတယ်။



## သံဃာတော်အပါး ၁၀၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ တာချီလိတ်တွင်ကျင်းပ

**တာချီလိတ် ဇွန် ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ကြီးအား အမှူးထား၍ သံဃာတော်အပါး ၁၀၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇွန် ၁၇ ရက် နံနက် ၈ နာရီက ဆန်ဆိုင်း(က)ရပ်ကွက်ရှိ နဂါးနှစ်ကောင်ကျောင်းတိုက်ဝင်း၌ ကျင်းပသည်။

ဆက်လက်၍ နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်အပါး ၁၀၀၀တို့အား မြန်မာ၊ အင်ဒိုနီးရှား၊ စင်ကာပူနိုင်ငံတို့မှ စမတောင်ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများ၊ တာချီလိတ်မြို့မှ ခရိုင်နှင့်မြို့နယ်ဌာန ဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ စုပေါင်းလောင်းလှူခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## တောင်ကြီးမြို့တွင် မွေးဖွားမှု မှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲကျင်းပ

**တောင်ကြီး ဇွန် ၁၈**

မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲကို ဇွန် ၁၈ ရက် နံနက် ၈ နာရီခွဲက တောင်ကြီးမြို့ ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မွေးဖွားမှုမှတ်ပုံတင်ခြင်းသည် ကလေးသူငယ်အခွင့်အရေး Birth Registration as a child right ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး သုံးခုဖြစ်သော ရှမ်းပြည်နယ် (တောင်ကြီး)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်၍ နေရာအသီးသီးတွင် မွေးဖွားမှုမှတ်ပုံတင်ခြင်း အကြိုညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီး အခြေခံကျန်းမာရေးဝန်ထမ်းများကလည်း မွေးဖွားမှုမှတ်ပုံတင်စုရပ်များတွင် မွေးမှတ်ပုံမတင်ရသေးသော အသက် ၁၀ နှစ်အောက်ကလေးများကို မွေးမှတ်ပုံတင်ပေးခြင်းနှင့် ခက်ခဲဒေသများတွင် Mobile Team များဖွဲ့၍ အိမ်တိုင်ရာရောက်ဆောင်ရွက်ပေးခြင်း၊ မြို့နယ် ကျန်းမာရေးဌာနများကလည်း မွေးလက်မှတ်ထုတ်ပေးခြင်း၊ ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့ တာဝန်ခံများကလည်း ဖြည့်စွက်ပြီး မွေးဖွားမှုပုံစံများကို စုစည်းရယူကာ ဖွားသေ e-platform တွင် ထည့်သွင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ UNICEF Myanamr လူမှုရေးမူဝါဒဆိုင်ရာနှင့် ကလေးသူငယ်အခွင့်အရေးများ စောင့်ကြည့်လေ့လာရေးဌာနမှ ဌာနကြီးမှူး Mr. Samman Thapa က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မွေးဖွားမှုမှတ်ပုံတင်ဗီဒီယိုပြသသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် လူမှုရေးဝန်ကြီး၊ ပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ သူနာပြုသားဖွားသင်တန်းကျောင်းမှ သင်တန်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ပွင့်ဖြူမြို့နယ်၌ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံအဆင့်မြှင့် ကျေးရွာပေါင်း ၁၀၆ ရွာ လျှပ်စစ်မီးရရှိ

**ပွင့်ဖြူ ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်နေပြည်သူများနှင့် ကျေးရွာလျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပြီးစီးသည့် ကျေးရွာများမှ ကျေးလက်နေ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ အသုံးပြုနိုင်စေရန်အတွက် ရည်ရွယ်၍ ပွင့်ဖြူမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးဆောင်ရွက်ပေးနေသည့် ၃၃/၁၁ ကေဗွီ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံအား လျှပ်စစ်ဝန်အား ပိုမိုဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ရေးအတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ADB ချေးငွေဖြင့် ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါ လျှပ်စစ်ဓာတ်အားခွဲရုံအဆင့်မြှင့်တင် ဆောင်ရွက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သဖြင့် မြို့ပေါ်ရပ်ကွက်များနှင့် မြို့နယ်အတွင်းရှိ လျှပ်စစ်မီးရရှိသည့် ကျေးရွာများမှ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုခွင့်များ ရလျက်ရှိနေကြကြောင်း ပွင့်ဖြူမြို့ နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။



"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ် လျှပ်စစ်မန်နေဂျာရုံးအနေနဲ့ ၃၃/၁၁ ကေဗွီ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံကို ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပါတယ်၊ ယခု ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဟာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပြီ ဖြစ်ပါတယ်၊ ယခင်က ကျွန်တော်တို့မြို့နယ်မှာ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံအနေနဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးရာမှာ လျှပ်စစ်ဝန်အားက အနိမ့်ဆုံးဝန်အား ၁ ဒသမ ၂ မဂ္ဂါဝပ်မှ အမြင့်ဆုံးဝန်အား ၃ ဒသမ ၁ မဂ္ဂါဝပ်ခန့်သာ ဖြန့်ဝေပေးနိုင်ခဲ့လို့ ဒေသခံပြည်သူတွေ လျှပ်စစ်ဓာတ်အား သုံးစွဲရာမှ အဆင်မပြေမှုတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်၊ ယခု ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးသွားတဲ့ အခါမှာတော့ အနိမ့်ဆုံးဝန်အား ၁ ဒသမ ၂ မဂ္ဂါဝပ်မှ အမြင့်ဆုံးဝန်အား ၃ ဒသမ ၇ မဂ္ဂါဝပ်အထိ မြို့နယ်အတွင်း တိုးမြှင့်ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်၊ ကျွန်တော်တို့ မြို့နယ်မှာ မီးသုံးစွဲသူ ဦးရေအနေနဲ့ ၁၃၉၃၁ ဦးရှိပြီး မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄ အုပ်စုမှ ကျေးရွာပေါင်း ၁၀၆ ရွာကို ကျေးရွာလျှပ်စစ်မီးလင်းရေး ရရှိပြီးဖြစ်ပါတယ်။ ဒါ့အပြင် လျှပ်စစ်ရေတင်စီမံကိန်း အနေနဲ့ လေးခုရှိပြီး အသေးစား၊ အလတ်စား စက်မှုလုပ်ငန်း ၂၂၄ ခု ရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးလှိုင်မင်းထွန်းက ပြောပြသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ရမည်းသင်းတွင်ကျင်းပ

**ရမည်းသင်း ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကဦးဆောင်၍ သက်ဆိုင်ရာဌာနများနှင့် ပြည်သူများပူးပေါင်းကာ လူငယ်များကို အန္တရာယ်ပေးခြိမ်းခြောက်လာသော လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၁၈ ရက် နံနက်၉ နာရီက ရမည်းသင်းမြို့ သီလဝခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရမည်းသင်းခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုက အမှာစကားပြောကြားပြီး ရမည်းသင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်သိမ့်သိမ့်မျိုးက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် ဦးအောင်မျိုးဦး၊ ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစန်းဝင်း၊ ခရိုင်ကုသရေးဦးစီးဌာနမှူး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာလှလှဌေး၊ နည်းပညာတက္ကသိုလ် (ရမည်းသင်း)ကျောင်းအုပ်ကြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ချင်း၊ ခရိုင်ဥပဒေအရာရှိ ဦးသိန်းထွန်းနှင့် အရပ်ဘက်ဦးဆောင်ဆွေးနွေးသူ ဦးဇော်မင်းစိုးတို့က မူးယစ်ဆေးအန္တရာယ်နှင့် ဆိုးကျိုးများကိုလည်းကောင်း၊ မူးယစ်ဆေးဝါးဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ မိသားစုများအတွက် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် စိုးရိမ်ပူပန်မှုများနှင့် ဖြေရှင်းနိုင်သည့် နည်းလမ်းများကိုလည်းကောင်းဆွေးနွေးကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများကပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် စိတ်ပါဝင်စားသူများ၊ နည်းပညာတက္ကသိုလ်၊ အမှတ် ၁ အထက်တန်းကျောင်း၊ အမှတ် ၅ အထက်တန်းကျောင်း၊ ကိုယ်ပိုင် အထက်တန်းကျောင်းတို့မှ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၃၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ပြန်/ဆက်)**

## မုံရွာ–ဟုမ္မလင်း သင်္ဘောခရီးစဉ်များကို ဇူလိုင် ၂ ရက်မှစတင်၍ တစ်ပတ်လျှင်နှစ်ကြိမ် ပြေးဆွဲမည်

**မုံရာ ဇွန် ၁၈**

မုံရွာ-ဟုမ္မလင်း သင်္ဘောခရီးစဉ်များကို ဇူလိုင် ၂ ရက်မှ စတင်၍ တစ်ပတ်လျှင် နှစ်ကြိမ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန ချင်းတွင်းဌာနခွဲတာဝန်ရှိသူထံမှသိရသည်။

ချင်းတွင်းမြစ်ရေတက်လာပြီဖြစ်သည့်အတွက် ချင်းတွင်းဌာနခွဲပိုင် ချမ်းငြိမ်းသင်္ဘောနှင့် ဧရာဝတီဌာနခွဲပိုင်ပင်လုံသင်္ဘောတို့ကို ဇူလိုင် ၂ ရက်မှစတင်ကာ ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းပြေးဆွဲသွားရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"မုံရွာ-ဟုမ္မလင်း အဆန်ခရီးကို အပတ်စဉ်တနင်္လာနဲ့ ကြာသပတေးမှာ ပြေးဆွဲပေးမှာပါ၊ ဟုမ္မလင်း-မုံရွာအစုန်ခရီးကိုတော့ ဗုဒ္ဓဟူးနဲ့ သောကြာနေ့တွေမှာ ပြေးဆွဲဖို့စီစဉ်ထားပါတယ်၊ ပင်လုံသင်္ဘောက ကုန်တန် ၂၃၆ တန်နဲ့ လူ ၄၀၀ ကျော်တင်နိုင်ပြီး ချမ်းငြိမ်းသင်္ဘောက ကုန်တန် ၇၀ခန့်၊ခရီးရှည်အတွက် လူ ၂၈၀ ကျော်တင်နိုင်ပါတယ်" ဟု ချင်းတွင်းဌာနခွဲတာဝန်ရှိသူက ရှင်းပြသည်။

ချင်းတွင်းမြစ်အတွင်းရေကြီးကာလများတွင် အမြန်ရေယာဉ်များပြေးဆွဲမှုသည် စိုးရိမ်သောကြောင့် နှစ်စဉ်စိုးရိမ်ရေမှတ်ရောက်လျှင် ပြေးဆွဲမှုများကို ရပ်တန့်ပိတ်ထားရသဖြင့် ရေကြောင်းသွားခရီးသည်များအနေဖြင့် သင်္ဘောကိုသာ အဓိကအားထား စီးနင်းကြသည်ကိုတွေ့ရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မြို့နှင့်ဝေးကွာသောကျေးရွာများတွင် မီးလင်းရေး NEP စီမံကိန်းဆိုလာမီးဖြင့် ဆိုလာ ၂၂၁ ခုထပ်မံဆောင်ရွက်ပေးမည်

**ဘားအံ ဇွန် ၁၈**
ကရင်ပြည်နယ်အတွင်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP) စနစ်ဖြင့် တပ်ဆင်ဆောင်ရွက်ပေးမည့် ဆိုလာပစ္စည်းများအကြောင်းနှင့် ပတ်သက်၍ ဘားအံမြို့နယ်အတွင်း ဆိုလာတပ်ဆင်လိုသည့်ကျေးရွာများမှ အိမ်ထောင်စုများအား ရှင်းလင်းခြင်းကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက ဘားအံစုပေါင်းရုံး၌ ပြုလုပ်သည်။

ဘားအံမြို့နယ် ကျေးလက်ဦးစီးမှူး ဦးခင်မောင်ဝင်းက "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ကမ္ဘာ့ဘဏ်တို့ပူးပေါင်းဆောင်ရွက်တဲ့ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) စနစ် ဆိုလာမီးရရှိရေးဆောင်ရွက်ပေးရာမှာ နိုင်ငံတော်က ၆၀ ရာခိုင်နှုန်း၊ ကမ္ဘာ့ဘဏ်က ၃၀ ရာခိုင်နှုန်း၊ ပြည်သူက ၁၀ ရာခိုင်နှုန်း ကုန်ကျငွေကို ပေါင်းစပ်ထည့်ဝင်တဲ့စနစ်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ရယူနိုင်သည့် ဆိုလာပါဝါအားနဲ့ (60 W)၊(100 W) ဖြစ်ပါတယ်၊ ဒါ့အပြင် အခမဲ့စနစ်အနေနဲ့ ကျေးလက် အခြေခံပညာကျောင်းများ၊ ကျေးလက်ကျန်းမာရေး၊ ဘာသာရေးအဆောက်အအုံနဲ့ ကျေးရွာတွင်း လမ်းမီးတိုင်တွေအတွက်လည်း ဆောင်ရွက်ပေးမှာပါ။ အဓိကကတော့ မဟာဓာတ်အားလိုင်းနဲ့ ၁၀ မိုင်အထက်ဝေးတဲ့ ကျေးရွာတွေ နောက် ၁၀ နှစ်အတွင်း ဓာတ်အားလိုင်းမရောက်နိုင်သေးတဲ့ကျေးရွာတွေမှာ ဆိုလာမီးနဲ့ မီးလင်းရေးအတွက် ဆောင်ရွက်ပေးတဲ့ စနစ်ဖြစ်ပါတယ်" ပြောသည်။

အဆိုပါ NEP စီမံကိန်းစနစ်ဖြင့် ကရင်ပြည်နယ်အတွင်း ဘားအံ၊ ကော့ကရိတ်၊ လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီးနှင့် သံတောင်မြို့နယ်များမှရယူကြမည့် ကျေးရွာများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ပေးခဲ့ရာ ဘားအံမြို့နယ်တွင် ကျေးရွာအုပ်စု ၁၁ စု၊ ကျေးရွာ ၂၃ ရွာအတွက် ဆိုလာ ၂၀၆၂ ခုကို ဆောင်ရွက်ပေးခဲ့ပြီး ယခုနှစ် ၂၀၁၇-၂၀၁၈တွင် ကျေးရွာ လေးရွာဖြစ်သည့် ဘန့်ဘွေးကုန်းကျေးရွာတွင် ၈၃ ခု၊ ရွှေလူ ကျေးရွာတွင် ၃၇ ခု၊ ကရစ်ကဲကျေးရွာတွင် ၁၅ ခု၊ ထုံးတောင်ကျေးရွာတွင် ၈၆ ခု စုစုပေါင်း ၂၂၁ ခုကို ထပ်မံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကျေးလက်ဦးစီးဌာနမှ သိရသည်။

တစ်နိုင်ငံလုံးလျှပ်စစ်မီးရရှိရေးအတွက် စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်အတွင်း ၅၀ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်အတွင်း ၇၅ ရာခိုင်နှုန်း၊ ၂၀၃၀ ပြည့်နှစ်အတွင်း တစ်နိုင်ငံလုံးလျှပ်စစ်မီးရရှိရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဘားအံမြို့နယ်အတွင်း မြို့နှင့်အလှမ်းဝေးကွာပြီ လျှပ်စစ်မီးမရရှိနိုင်သေးသော ကျေးရွာများဖြစ်သည့် ယခင်နှစ်ဆောင်ရွက်ပေးခဲ့သော ကျေးရွာ ၂၃ ရွာ၊ယခုနှစ်ထပ်မံဆောင်ရွက်ပေးမည့် ကျေးရွာလေးရွာရှိ ကျေးရွာနေပြည်သူများအား တစ်အိမ်သုံးဆိုလာနှင့် ပတ်သက်သည့် ရယူနိုင်သည့်စနစ်များ၊ အသုံးပြုထိန်းသိမ်းခြင်း နည်းစနစ်များအား ရှင်းလင်းခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## တောင်သူပိုင်ထွန်စက်များ စက်မှုလယ်ယာဦးစီးဌာနမှ အခမဲ့ပြုပြင်ပေး

**ရေတာရှည် ဇွန် ၁၈**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ မိုးစပါးစိုက်တောင်သူများ အချိန်နှင့်တစ်ပြေးညီ ထွန်ယက်နိုင်ရေးအတွက် တောင်သူပိုင်ထွန်စက်များ၏ ချို့ယွင်းမှုပျက်စီးမှုများကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများက အခမဲ့ပြုပြင်ပေးလျက်ရှိသည်။

"ကျွန်တော်တို့ စက်မှုလယ်ယာဦးစီးဌာနကို လာရောက်အကူအညီတောင်းပြုပြင်ခိုင်းတာတွေရှိပါတယ်၊ အများဆုံးဖြစ်တာကတော့ ရိုတာဗေတာဓားစက်ထွန်နဲ့ ရှေ့ဖိုးဝိုးကရောင်းတွေ ပြင်ပေးရတယ်၊ ဒီမှာရှိတဲ့ ကျွမ်းကျင်စက်ပြင်ဝန်ထမ်းတွေက အခမဲ့ကူညီ ဆောင်ရွက်ပေးနေတာပါ"ဟု မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဦးက ပြောသည်။

ရေတာရှည်မြို့နယ်တစ်ခုလုံးအနေဖြင့် တောင်သူပိုင်ထွန်စက်စီးရေ ၂၂၆ စီး၊ လက်တွန်းထွန်စက်ငယ် ၂၄၇၇ စီးရှိပြီး မြို့နယ်စက်မှုလယ်ယာစခန်း၌ လုပ်ငန်းခွင်ဝင်သည့် ကူဘိုတာ မြင်းကောင်ရေ ၄၇ အားရှိ ထွန်စက် ရှစ်စီးဖြင့် မိုးရာသီလျာထားဧက ၄၀၀၀ ရှိသည့်အနက် လက်ရှိတွင် ဧက ၁၇၅၀ ပြီးစီးသွားပြီဖြစ်ကြောင်းသိရသည်။

ထွန်စက်ပိုင်ဆိုင်သော တောင်သူများအနေဖြင့် စက်ကိရိယာများကို သုံးစွဲရာတွင် ကျွမ်းကျင်နားလည်သူများကိုသာ ပြသဆောင်ရွက်သင့်ပြီး မိမိတို့သဘောဆန္ဒဖြင့် ဆောင်ရွက်လျှင် ငွေကုန်ကြေးကျများနိုင်သည့်အပြင် ပျက်စီးမှုများ မကြာခဏဖြစ်ပေါ်နိုင်ကြောင်း စက်ပြင်ဝန်ထမ်းတစ်ဦးကသုံးသပ်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်းပြိုင်ပွဲ မယ်စဲ့မြို့၌ကျင်းပ

**မယ်စဲ့ ဇွန် ၁၈**
ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပန်းချီ၊ ကာတွန်းပြိုင်ပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centreခန်းမရှိ ကလေးစာဖတ်ခန်း၌ ကျင်းပသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်စောဝတ်ရည်က ပြိုင်ပွဲတွင် လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲတွင် မယ်စဲ့မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းအထက်အဆင့် ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၈ ဦး စုစုပေါင်း၂၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကျော်မင်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ဌေး၊ အထက(မယ်စဲ့) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြမော်နှင့် လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး အဆိုပါ ပြိုင်ပွဲတွင် ဆုရရှိသည့်ကျောင်းသား ကျောင်းသူများအား ဇွန် ၂၆ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ပုသိမ်-ချောင်းသာကားလမ်းပေါ်တောင်မြေများပြိုကျ ပြည်သူနှင့်တပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များစုပေါင်းရှင်းလင်း

**ပုသိမ် ဇွန် ၁၈**
မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပုသိမ်-ချောင်းသာကားလမ်းမိုင်တိုင် (၂၇/၀) ရွှေသောင်ယံ ဆိပ်ကြီးကားလမ်းအနီးတွင် ဇွန် ၁၆ ရက် နံနက်က တောင်မြေပြိုကျ၍လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့သည်။

ယင်းဖြစ်ပွားမှုကြောင့် ခရီးသွားမော်တော်ယာဉ်များ လွယ်ကူစွာသွားလာနိုင်စေရန်အတွက် ပြည်သူများနှင့်အတူ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းရှင်းလင်းခဲ့ကြောင်း သိရသည်။

**ကိုကိုမောင်(ပြန်/ဆက်)**



## ကြက်ခြေနီရှေးဦးပြုစုခြင်းနှင့်အိမ်တွင်းမတော်တဆ ထိခိုက်ခြင်းမှကာကွယ်ခြင်းသင်တန်း ကျွန်းစု၌ဖွင့်

**ကျွန်းစု ဇွန် ၁၈**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ ကြက်ခြေနီရှေးဦးပြုစုခြင်းနှင့် အိမ်တွင်းမတော်တဆထိခိုက်ခြင်းမှ ကာကွယ်ခြင်း သုံးရက်သင်တန်းကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက် နံနက် ၉ နာရီခွဲက ကျွန်းစုမြို့နယ် ကျွန်းရတနာခန်းမ၌ ကျင်းပသည်။

ကျွန်းစုမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ အသင်းခွဲဥက္ကဋ္ဌ ဦးထွန်းရီက အသက်အန္တရာယ်ဖြစ်လျှင် ရှေးဦးပြုစုခြင်းနည်းလမ်းများ သိရှိတတ်မြောက်ထားမှုရှိလျှင် သက်ဆိုင်ရာဆေးရုံများသို့ မရောက်ခင် မိမိကိုယ်မိမိကာကွယ်နိုင်ကြောင်း၊ နေရာတိုင်းတွင် ပီပီပြင်ပြင် ကြက်ခြေနီရှေးဦးပြုစုခြင်း ဆောင်ရွက်နိုင်ရန်နှင့် သင်တန်းများဆက်လက်ပို့ချနိုင်ရန် ရပ်မိရပ်ဖများဝိုင်းဝန်းကူညီပေးရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျွန်းစုမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ဒုတပ်ဖွဲ့မှူး ဒေါ်ခင်ခင်စီက ကြက်ခြေနီရှေးဦးပြုစုခြင်းနည်းများကိုတတ်ထားသင့်ကြောင်း၊ ဒဏ်ရာရသူများ၊ ရုတ်တရက်နာမကျန်းဖြစ်သူများ နားလည်တတ်ကျွမ်းသောဆရာဝန်များ မရောက်ခင်ကူညီပေးရန်နှင့် နီးစပ်ရာဆေးရုံ ဆေးခန်းများကို ပို့ပေးခြင်းအစရှိသည်တို့ကို ဆွေးနွေးပြောကြားသည်။

သင်တန်းသို့ ကျွန်းစုမြို့နယ် ဌာနဆိုင်ရာများနှင့် စိတ်ပါဝင်စားသူ ၆၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျွန်းစု(ပြန်/ဆက်)**

## မြေဆီလွှာအသုံးချရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**နေပြည်တော် ဇွန် ၁၈**
မြေဆီလွှာအသုံးချရေးဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်လှစ်ပေးခြင်းကြောင့် ဒေသအလိုက်ဈေးကွက်ဝင်စပါးမျိုးများ၏ စိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်နိုင်ခြင်း၊ ကျေးရွာတောင်သူများအနေဖြင့်လည်း မြေပြုပြင်ခြင်း၊ မြေဆီလွှာ ဖြည့်သွင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် အချိန်အရွယ်အစားအလိုက် မြေသြဇာအမျိုးအစားများ သုံးစွဲခြင်းဆိုင်ရာအသိပညာများ သိရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။



ရှားတောကျေးရွာသစ် ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီနှင့် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော မြေဆီလွှာအသုံးချရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရှားတောကျေးရွာ ဘုန်းကြီးကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဝင်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြေဆီလွှာအသုံးချရေးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်က မြေဆီလွှာအသုံးချရေးဆိုင်ရာ သိကောင်းစရာများကို ကျေးရွာနေ တောင်သူများအား သင်ကြားဆွေးနွေးပေးခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းဦးစီးမှူး ဦးဝင်းဦး၊ ဇမ္ဗူသီရိမြို့နယ်ဦးစီးမှူး ဦးကျော်အောင်နှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ရှားတောကျေးရွာသစ် လူ့ပ်ရှားမှုကော်မတီမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် သင်တန်းသား သင်တန်းသူ ၅၆ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်မောင်**

## ဒေသဆိုင်ရာ ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းဖွင့်လှစ်

**ကော့သောင်း ဇွန် ၁၈**
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် အမှတ်စဉ် ၃၇/၂၀၁၈ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်(အခြေခံ)သင်တန်း (ကော့သောင်း) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က ကော့သောင်းမြို့ ကမ်းနားလမ်းရှိ TZK T&T Co,Ltd ခန်းမ၌ ကျင်းပရာ သင်တန်းသားများအား ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အရာထမ်းများအပြင် ပြင်ပကျွမ်းကျင်ပညာရှင်များက စာတွေ့လက်တွေ့များ ပို့ချပေးခဲ့သည်။ **ကျော်စိုး(ကော့သောင်း)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စာစီစာကုံးပြိုင်ပွဲ ကြို့ပင်ကောက်တွင်ကျင်းပ

**ကြို့ပင်ကောက် ဇွန် ၁၈**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားဆောင်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက ကျင်းပရာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူ ၆၂ ဦး ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲမှ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဇွန် ၂၆ ရက်တွင် ကျရောက်သော (၂၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ဆုများချီးမြှင့် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# လားရှိုးမြို့၌ လယ်မြေ၈၁၅ ဧကကို စိုက်ပျိုးရေပေးဝေမည့် ဟူးမွန်ရေလှောင်တမံ



**လားရှိုး ဇွန် ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း ) လားရှိုးခရိုင် လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာအနီးတွင် တည်ရှိသည့် ဟူးမွန်ရေလှောင်တမံသည် ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မြို့သောက်သုံးရေအတွက် အဓိကအားထား ပေးဝေလျက်ရှိသည်။ နှစ်စဉ် မိုးစပါးနှင့် နွေစပါးအတွက် စိုက်ပျိုးရေအောင်မြင်စွာ ပေးဝေလျက်ရှိကြောင်းသိရသည်။

လားရှိုးမြို့နယ်အတွင်း ဟူးမွန်ကျေးရွာရှိ လယ်မြေဧက ၈၁၅ ဧကကို စိုက်ပျိုးရေအပြည့်အဝပေးဝေနိုင်ရန်နှင့် လားရှိုးမြို့ သောက်သုံးရေ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် နမ့်သျှိုချောင်းပေါ်တွင် အလျားပေ ၇၀၀၊ အမြင့်ပေ ၈၀နှင့် ကန်ရေပြည့်ရေလှောင်ပမာဏ ၂၀၂၅ ဧကပေ သိုလှောင်နိုင်သည့် မြေသားရေလှောင်တမံတစ်ခုဖြစ်သည်။

ဟူးမွန်ရေလှောင်တမံမှ မိုးစပါး ၈၁၅ ဧက အား အပြည့်အဝစိုက်ပျိုးလျက်ရှိပြီး လားရှိုးမြို့ သောက်သုံးရေအတွက် နေ့စဉ်ရေဂါလန် တစ်သိန်း ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# သုံးခွမြို့နယ်တွင် ဒုတိယတန်းသင်ရိုးသစ် ဆွေးနွေးပွဲဖွင့်လှစ်

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကျောင်းအုပ်စုအဆင့် ဒုတိယတန်း (Grade-2) သင်ရိုးသစ်ဆွေးနွေးပွဲ၊ သင်တန်း (ဒုတိယအကြိမ်)ဖွင့်ပွဲကို အမှတ်-၁ အခြေခံပညာအထက်တန်းကျောင်းပုလဲရတနာခန်းမ၌ ဇွန် ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် သင်တန်းမှူး မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းမြင့်က ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဒုတိယတန်းသင်ရိုးသစ်ပြောင်းလဲသင်ကြားပေးလျက်ရှိသဖြင့် မူလတန်းသင်ဆရာ ဆရာမများက သင်ရိုးသစ်ကို ကျွမ်းကျင်ပိုင်နိုင်စွာသင်ကြားပေးနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ယခုသင်တန်းသည်(ပထမ)အကြိမ် မေ ၈ ရက်တွင် ဖွင့်လှစ်သောသင်တန်းမတက်ရောက်နိုင်ခဲ့၍ ကျန်ရှိသော မူလတန်းသင်ဆရာ ဆရာမများအား (ဒုတိယအကြိမ်) ကျောင်းပိတ်ရက် (စနေ၊ တနင်္ဂနွေ)နှစ်ရက် စုစုပေါင်း ၁၄ ရက်သင်တန်းသင်ကြား ပို့ချပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ (ပထမ) အကြိမ် သင်တန်းတွင်ဆရာဖြစ်သင်တန်း တက်ရောက်နေ၍ မတက်ရောက်နိုင်ခဲ့သူများနှင့် မီးဖွားခွင့် ခံစားနေသူ ဆရာမများ စုစုပေါင်း ၉၂ ဦး တက်ရောက်လျက်ရှိပြီး နည်းပြ ရှစ်ဦးက သင်ရိုးသစ်နှင့် ပတ်သက်၍ သင်ကြားပို့ချ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့်ဓာတ်ပုံပြပွဲ အိမ်မဲတွင် ကျင်းပ

**အိမ်မဲ ဇွန် ၁၈**

အိမ်မဲမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် အိမ်မဲမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်သန့်ဇင်နှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အိမ်မဲမြို့နယ်ဥက္ကဋ္ဌ ဦးငွေကြည်တို့က မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်းကို အသိပညာပေးဟောပြောသည်။

ဆက်လက်ပြီး အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ဌေးဌေးလှိုင်က ပြိုင်ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ "မူးယစ်ကင်းစင်တို့ကျောင်းတစ်ခွင်"ခေါင်းစဉ်ဖြင့်ကျင်းပသော အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသောကျောင်းသား ကျောင်းသူများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြသည်။

ထို့နောက် အသိပညာဗဟုသုတရရှိစေမည့်သုတ၊ ရသစာအုပ်များ၊ မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်စာစောင်များ၊ နိုင်ငံတော်အကြီးအကဲများ၏ တိုင်းကျိုးပြည်ပြုမှတ်တမ်းဓာတ်ပုံများ ပြသထားရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။

ဟောပြောပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၇၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ချစ်သက်လယ်(ပြန်/ဆက်)**

# Mr.Universal Myanmar Ambassador 2018 ပြိုင်ပွဲကျင်းပ

**မန္တလေး ဇွန် ၁၈**

မန္တလေးမြို့တွင် ပထမဆုံးကျင်းပသည့် Mr.Universal Myanmar Ambassador 2018 ရွေးချယ်ပွဲကိုဇွန် ၁၇ ရက် ည ၇ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့်လမ်း ၃၀ ထောင့် ဘူတာကြီးအပေါ်ထပ်ရှိ Hotel Marvelခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ကာယဗလမောင် ၃၈ ဦးက မြန်မာဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ၊ Talents Show တို့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အကဲဖြတ်ဒိုင် ၁၁ ဦးက ပြိုင်ပွဲဝင်တစ်ဦးချင်းအား အကဲဖြတ်ရွေးချယ်ကြရာ Mr.Universal Ambassador Myanmar 2018 အဖြစ် မျိုးအောင်(ဖားကန့်၊ကချင်ပြည်နယ်)၊ မျိုးသူအောင်(မုံရွာ၊စစ်ကိုင်းတိုင်းဒေသကြီး)နှင့် နေဝင်းသန့် (ဗန်းမော်၊ကချင်ပြည်နယ်)တို့က ရရှိခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# လုပ်ငန်းခွင်တွင် စဉ်ဆက်မပြတ်သင်ယူကာ အပြောင်းအလဲကိုလက်ခံတတ်ဖို့လိုပြီ

**သရက်တန်းစိုးရွှေ(စိတ်ပညာ)**

အဖြစ်ချင်ဆုံး ဆန္ဒတစ်ခုကို ပြောပါဆိုလျှင် လူငယ်များစွာကို တိုးတက်စေချင်သော စိတ်ဆန္ဒက ထိပ်ဆုံးမှ ပါဝင်နေမည်ဖြစ်သည်။ အဖွဲ့အစည်းနှင့်လုပ်ကိုင်သည့် လုပ်ငန်းများတွင် လူများစွာ စိတ်ဓာတ်အထွေထွေ၊ ခံယူချက်အသီးသီးဖြင့် ရှုန်းကန်နေကြမြဲပင်ဖြစ်သည်။ လက်ရှိကာလ ဝန်ထမ်းခေါ်ဆိုမှုတွင် အနည်းဆုံးဘွဲ့ရအဆင့်မှ ကွန်ပျူတာကျွမ်းကျင်အဆင့်၊ အင်္ဂလိပ်စာကျွမ်းကျင်မှု ရှိ၊ မရှိကို ဦးစားပေးမေးမြန်းတတ်မြဲပင်ဖြစ်သည်။ ထိုသို့သောကာလတွင် အင်တာဗျူးခွင့်ရတိုင်း ကိုယ်တိုင်ဗျူးသည့်သူကို မေးခွန်းတစ်ခု လှိုက်လှိုက်လှဲလှဲ မေးမိတတ်ပေသည်။ ထိုမေးခွန်းမှာ စာဖတ်ပါသလားဆိုသော မေးခွန်းသာလျှင်ဖြစ်ပေသည်။

**ဝမ်းနည်းဖွယ်တွေ့မြင်နေရ**

လက်တွေ့နယ်ပယ်တွင်အင်တာဗျူးသူ ၁၀ ဦးတွင် သုံးဦးမျှသာ စာဖတ်ဝါသနာပါပြီး ကျန်ခုနစ်ဦးမှာစာဖတ်ဝါသနာ မပါသည်ကို ဝမ်းနည်းဖွယ်တွေ့မြင်နေရပေသည်။ တိုးတက်ပြောင်းလဲမှုများအတွက် အခြေခံပြောင်းလဲရမည့်အရာမှာ မူလစိတ်ဓာတ် အကျင့်ဆိုးများကို ပထမဦးစွာပြောင်းလဲရမည်ဖြစ်ပေသည်။ တာဝန်သိစိတ်၊ စေတနာထားသည့်အလေ့အထ၊ တိုးတက်လိုစိတ်ရှိခြင်း၊ လေ့လာသင်ယူလိုခြင်းမှအစ စည်းကမ်းလိုက် နာခြင်းများကို စိတ်ထဲစွဲအောင်သင်ပြပေးရန်သာလျှင်ဖြစ်ပေသည်။ လက်ရှိကာလ ကုန်ထုတ်လုပ်ငန်းများမှအစ စက်ရုံအလုပ်ရုံများတွင် မူလကျင့်သုံးခဲ့သည့်စနစ်ဟောင်းအတိုင်းကျင့်သုံးလိုကြပေသည်။ ခေတ်နောက်ကျနေသော နည်းစနစ်နှင့်အတွေးအခေါ် လုပ်ကိုင်ပုံများကိုသာလျှင် ဆက်လက်ကျင့်သုံးကာလွယ်လွယ်လုပ်ကိုင်လိုကြပေသည်။ တိုးတက်လိုသမျှ အဟောင်းထဲမှ အပြောင်းအလဲကို လက်ခံမှုရနိုင်မည်ဖြစ်သည်။

ကျန်းမာရေးနှင့်ညီညွတ်သော ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် I SO စနစ်များနှင့် GNP စနစ်များဖြင့် လုပ်ကိုင်လာကြသည်။ ထိုသို့သော ထုတ်ကုန်စနစ်တွင် မူလကျင့်သုံးခဲ့သော နည်းစနစ်များနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ကာ စနစ်တကျလုပ်ကိုင်လာရပေသည်။ သန့်ရှင်း ရေးမှအစ နည်းစနစ်ကျကျမှတ်တမ်းများဖြင့် လုပ်ဆောင်ကြရပေသည်။ သာမန် ကုန်ထမ်းသမားများကမူ စားသောက်ကုန်ထုတ်လုပ်သည့်အတွက် ကွမ်းမစားရ၊ ဆေးလိပ်မသောက်ရ၊ ခြေလက်သန့်ရှင်းအောင်ရေဆေးပြီးမှဝင်ခြင်း၊ နှာခေါင်းစည်းများတပ်ခြင်း၊ ယူနီဖောင်းအပြည့်အစုံဖြင့် စနစ်တကျလုပ်ကိုင်ခြင်း လုပ်ငန်းခွင်ဧရိယာအတွင်း စာသောက်ခြင်းမပြုရဆိုသောစည်းကမ်းများနှင့်အတူ အဆင့်မြင့်ထုတ်ကုန်များအတွက် စနစ်တကျပြုလုပ်ခြင်းကို ရှုပ်သည်ဟုခံယူလေ့ရှိကြပေသည်။

**အခြေခံစိတ်ရိုင်းကိုပြုပြင်**

စည်းကမ်းဆိုသောအရာနှင့် နည်းစနစ်များကို လူကြီးလာမှလုပ်ရသည့် အရာဟုပင်သတ်မှတ်ကာအရိုးစွဲသောအကျင့်ဟောင်းတို့ကို ပြုကျင့်နေကြမြဲပင်ဖြစ်ပေသည်။ အခြေခံပညာနည်းသူများ ပေါ့ပေါ့တွေးကာ ပေါ့ပေါ့လုပ်ကိုင်သူများနှင့် လက်တွဲလုပ်ဆောင်မှုတွင် မကောင်းသောစိတ်ဓာတ်တို့ကို ပြုပြင်ပေးကာ လုပ်ဆောင်ရပေသည်။ နေ့စဉ် အခြေခံစိတ်ဓာတ်များတိုးတက်ရေး အသိပညာရရေးအတွက် လုပ်ငန်းခွင်မဝင်မီ ငါးမိနစ်ခန့်ပြောဆိုပေးသည့်နည်းလမ်း အခြေခံစိတ်ရိုင်းကို ပြုပြင်သည့်နည်းများကို အသုံးပြုလာကြရပေသည်။ ထိုသို့သော လုပ်ဆောင်မှုအတွက် နံနက်ခင်းတိုင်း အလုပ်ခွင်မဝင်ခင် ငါးမိနစ်ခန့်ပြောဆိုရှင်းပြပေးရပေသည်။ ထိုသို့သော ပြောဆိုစည်းရုံးမှုတွင် အချိုသာဆုံးသော စည်းရုံးနည်းဖြင့်ပြောဆိုကာ ပညာပေးရပေသည်။ အခြေခံအဆင့်အနေဖြင့် မင်္ဂလာပါနှုတ်ဆက်နည်းမှအစ သင်ကြားကာ ပြောဆိုရပေသည်။ တာဝန်သိရေး စည်းကမ်းရှိရေး၊ စိတ်ဓာတ်မြင့်မားစွာ ထားရှိရေးတို့အတွက် တစ်နေ့တစ်မျိုးမရိုးသော ဇာတ်လမ်းများဖြင့် စည်းရုံး ပညာပေးနေရပေသည်။

တစ်နေ့ငါးမိနစ်ဆိုသော ကာလအတွင်း စိတ်ဓာတ်တက်ကြွစေခြင်းဖြင့် စတင်ရန် နေ့စဉ်ပြောနေရပေသည်။ စနစ်တကျလုပ်ဆောင်ရေးနှင့် လုပ်ငန်းခွင်အတွင်းမှ သင်ယူစရာများကို သင်ယူရေး၊ လူမှုဆက်ဆံရေးကို အမြတ်ယူရန်အတွက် စည်းရုံးသိမ်းသွင်းနေရပေသည်။ အများစုမှာ ငွေသာလျှင်အဓိက စနစ်ကသာမည်ဟု မှတ်ယူကာ အလွယ်လုပ်ဆောင်သည်များလည်းရှိနေပေသည်။ လုပ်ငန်းအပေါ် စေတနာထားခြင်းထက် ဈေးတွက်တွက်ကာ နေတတ်ပေသည်။

မည်မျှပင်စည်းရုံးစေကာမူ လိုက်နာမှုနည်းပါးပြီး မူလလုပ်ကိုင်သည့်စနစ်အတိုင်း အလွယ်သာပြုလုပ်လိုကြပေသည်။ မိမိတာဝန်ထမ်းဆောင်နေသော လုပ်ငန်းခွင်အတွင်း တိုးတက်ပြောင်းလဲအောင် ဆောင်ရွက်မည်ဆိုသည့် အတွေးအခေါ်တို့ ဖြစ်ပေါ်မလာကြသည်မှာ ဝမ်းနည်းဖွယ်ဖြစ်နေပေသည်။ ၂၁ ရာစုခေတ်တွင် Continual Learning ဟုပြောဆိုနေသော စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းနည်းကို ကျင့်သုံးရမည်ဆိုသည်ကို မသိသလို ဖြစ်နေပေသည်။ လက်ရှိခေတ်ကာလတွင် အမြဲတမ်း သင်ယူကာ မကြိုးစားသမျှ နောက်ကကျန်နေခဲ့မည်ဆိုသည်ကို သိရှိကာ ကြိုးစားပါမှ မိမိနယ်ပယ်တွင် တိုးတက်မည်ဖြစ်ပေသည်။

**အဟောင်းထဲမှအပြောင်းအလဲ**

လက်ရှိလုပ်ငန်းခွင်တွင်များသော အတွေးများအကြားတိုးတက်မှုသည်ကား နည်းပါးနေပေသည်။ တိုးတက်မှုကိုလိုလားသူ ခေါင်းဆောင်သူနှင့်ငယ်သား အမြဲရန်ပွားနေခြင်းဖြင့် အားမရခြင်းများဖြစ်ပေါ်နေတတ်ပေသည်။ လိုက်နာသူများတွေ့ပါကစိတ်ချမ်းသာကြရပေသည်။ တိုးတက်လာသောခေတ် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာသည့်ခေတ်တွင် တိုးတက်ရေးအတွက် အဟောင်းထဲမှအပြောင်းအလဲကို လက်ခံရမည်ဖြစ်ပေသည်။

စည်းကမ်း လိုက်နာသလို နည်းလမ်းများစွာ ကိုလည်း သင်ကြားနေရမည် ဖြစ်ပေသည်။ အစဉ်လေ့လာသင်ယူခြင်းများနှင့်အတူ တိုးတက်သော ကုန်ထုတ်လုပ်ငန်းများကို လက်လှမ်းမီအောင်လေ့ကျင့်ပေးကြရမည်ဖြစ်ပေသည်။ တိုးတက်ခေတ်မီသော အတွေးအခေါ် လုပ်ကိုင်နည်းစနစ်များနှင့်တကွ အခက်အခဲများကို စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ခံယူကာ လေ့လာကျင့်ကြံလုပ်ကိုင်ကြရမည့်ကာလပင်ဖြစ်ပေသည်။သို့အတွက် တိုးတက်ဖွံ့ဖြိုးဖို့အရေး အတွေးအခေါ်အဟောင်းများထဲမှ အပြောင်းအလဲကလေးများကို လေ့လာသင်ယူရင်းချီတက်သင့်လှပါပေသည်။ ။

# လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် တည်ထောင်ထားသည့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (CHID Bank) သို့ အမည်ပြောင်းလဲခြင်းအခမ်းအနားကို ၂၀၁၈ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့၊ နံနက် (၉)နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ခဲ့ပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်နှင့် စက်မှုလက်မှု လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဒေါ်နီလာကျော်၊ ဘဏ်များမှဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများ၊ နိုင်ငံခြားဘဏ်များမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော အဖွဲ့အစည်းများနှင့်ကြွရောက်ချီးမြှင့်ကြသူများ အားလုံးကို လှိုက်လှဲစွာ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်
ဘဏ်ဒါရိုက်တာအဖွဲ့

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအတွက်.....

မိမိတို့၏ အနာဂတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?

Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ရှိပါသလား ?

ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်လိုပါသလား ?

ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှာ အတူတူပညာသင်ကြားကြစို့ !





IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာပြီး IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏ IT လုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့် *" Only One School in Myanmar "*

## IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများတွင် အလုပ်လုပ်ကြရအောင်

Japan Style Career Education
- System Creator Course ( 2 years )
- Web Engineer Course ( 2 years )

2018 July 20 ရက်တွင်ဖွင့်လှစ်မည့်
IT Course တန်းခွဲသစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ

09-976334160, 09-262007900

METRO IT & Japanese Language Centre

**IT Course Seminar**

Date : 24 June 2018 ( Sunday )
Time : 1:00 pm to 3:00 pm
Place : Metro IT & Japanese Language Centre ( Yangon )

စိတ်ပါဝင်စားသူများ ဖုန်းဖြင့်ကြိုတင်စာရင်းပေးသွင်းပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။
ကျောင်းသားကျောင်းသူများအတွက် Free Trial Lecture များကို တက်ရောက်သင်ယူနိုင်ရန်လည်း စီစဉ်ထားရှိပါသည်။

Room No (A,B,C,D), 3rd Floor, Kyaw Business Tower Condo, ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ www.facebook.com/metrogroupmyanmar

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

London Pearson LCCI (UK)မှအသိအမှတ်ပြုထားရှိသင်တန်းကျောင်း

ဒေါ်သူဇာဝင်း

LCCI Approved Centre

B.A (Econ), D.A, DMA (LCCI,UK), C.A.T(UK), ACCA (part II), D.Comp Acc(UK)

LCCI 1,2,3

MYOB , AutoCount /Job Training for Accountant

December 2018 Series တန်းခွဲသစ်များကျောင်းအပ်လက်ခံပြီ။

(30/6/2018)အထိအပ်နှံသူများ(10%)Discount ပေးအပ်နေပါသည်

Ph:09-5029621,09-5402724,09-250371045

ဦးအောင်ဝင်း

(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)

LCCI Level - I&II, III စာရင်းကိုင်

သင်တန်းများ ခံ့နံ့ပါတ်ယူထားနိုင်သည်။

LCCI (၂၅)နှစ်ကျော်အတွေ့အကြုံကြောင့် သင်ကြားမှုပြီးပြည့်စုံစေသည်။

အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။

09-776349905, 403090950, 01-371741, 240824

01.2330054

095160048

09-782470755

www.heincarrental.com

အာကာမိုး

T-Shirt

650/850

တီရှပ်၊ စပို့ရှပ်ဖြန့်ချိရေးနှင့် တံဆိပ်ရိုက်လုပ်ငန်း

Arr Kar Moe T Shirt Distribution

09454090685, 09250058675

မြန်မာနိုင်ငံစာရေးဆရာအသင်း

မင်္ဂလာတောင်ညွန့်မြို့နယ်

၂၀၁၈ခုနှစ်၊ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာအစည်းအဝေးဖိတ်ကြားခြင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ၂၀၁၈ ခုနှစ်၊ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်စာရေး ဆရာ/ဆရာမများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

(က) နေ့ရက် - ၂၀၁၈ခုနှစ်၊ ဇွန်လ ၂၄ရက်(တနင်္ဂနွေနေ့)

(ခ) အချိန် - မွန်းတည့် ၁၂:၀၀နာရီ

(ဂ) နေရာ - City Star Hotel

အမှတ်(၁၆၉/၁၇၁)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ် (မြို့တော်ခန်းမအနီး)

အလုပ်အမှုဆောင်အဖွဲ့

(Ph:09-260453175)




*Customer အရေအတွက် (၅၀)ဦး အထိသာ

Home

အမှတ် F(2~8) ပ-ထပ်၊ အောင်ဆန်းကွင်း(မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

အမှတ် (E-11A) လေးဒေါင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊ သယ်န်းကျွန်း၊ ရန်ကုန်မြို့။

အမှတ်(၁၁) မင်းကြီးလမ်း၊ အင်းစိန်ဈေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

09-950 950 950

09-79 700 70 70

၁၈လမ်းဝိုင်း

Repeater တန်းခွဲသစ်နှင့် နေ့တက်စာကျက်ဘော်ဒါ

(မနက် ၁၀ နာရီမှ ည ၁၀ နာရီထိ)

ဇွန်လ နောက်ဆုံးပတ်စမည်။

အမှတ်(၁၂၆၊၁၂၈) ဒုတိယထပ် (မာတ်လေ့ကား နံပါတ် - ၂ ကိုနှိပ်ပါ)

၁၈လမ်း (အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

မိုးသောက်ပန်းအဆင့်မြင့်မူကြို

(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)

"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တက်တက် နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက် မိုးသောက်ပန်း ရှိနေမယ်"

နံနက်(၉:၀၀)နာရီမှ(၃:၀၀)နာရီအထိ

(1) Junction ဇေယျသီရိ Ph-01-571545, 09-5126882,09-43122883

(2) ယုဇနပလာဇာလုံးချင်းအိမ်ယာ Ph-01-200917, 09-43122884

(3) ရွှေဂုံတိုင် ကျောက်ကုန်း Ph-01-566592, 09-421008133

မြင့်မြတ်ကျော်ကုမ္ပဏီ မှ နိုင်ငံတကာအဆင့်မီ

MMK စက်ကြိုး(၁၀)ပေါက်အုတ်

များကို ဦးရောလှ ရောင်းချပေးနေပါပြီ။

စက်ရုံအထိုင်ဈေး - 85Ks

Phone: 01-9000300~301, 09-73201856 / 57, 09-73238130

09-73098773, 09-782201818, 09-792201818

ရွှေမြေဘူမိသမလိမ်တက်မှုကြီးကြပ်ဖွင့်လှစ်သော

Since - 1994

GSC ကျောက်မျက်သင်တန်းကျောင်း

(Gemmological Association, UK ၏ တစ်ခုတည်းသော မြန်မာကျောင်းခွဲ)

※ FGA (London) Diploma သင်တန်း။

(ကမ္ဘာ့အမြင့်ဆုံးကျောက်မျက်ဒီပလိုမာ)

※ အခြေခံကျောက်မျက်သင်တန်း (တစ်လသင်တန်း)။

※ အဆင့်မြင့်ကျောက်မျက်သင်တန်း (တစ်လသင်တန်း)။

■ FGA Diploma ၇၂ ဦး မွေးထုတ်ပေးပြီး (နိုင်ငံခြားသား ၁၅ ဦးအပါအဝင်)■

*အခြေခံသင်တန်းအသစ်စမည့်နေ့ ( ၂၅-၆-၂၀၁၈ )*

[လူဦးရေကန့်သတ်ထားပါသည်။]

အမှတ်-၅၉၊ ၄-လွှာ၊ (၂၇) လမ်း(အောက်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

PH : 09 500 2581, 09 420 034 983




Home

အမှတ် F(2~8) ပ-ထပ်၊ အောင်ဆန်းကွင်း(မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

အမှတ် (E-11A) လေးဒေါင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊ သယ်န်းကျွန်း၊ ရန်ကုန်မြို့။

အမှတ်(၁၁) မင်းကြီးလမ်း၊ အင်းစိန်ဈေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

09-950 950 950

09-79 700 70 70

FAME

Arthrotec®

Bio supplement for joint

အဆစ်အားဖြည့်ဆေး

TMR 011382 (0618)

ISO 9001 : 2015

ISO 14001 : 2015

OHSAS 18001 : 2007

GMP Certified

Organic Certified

Ph: 09-965559860

FAME

Osteomax®

Bone density enhancement

အရိုးသန်မာဆေး

TMR 011384 (0618)

ISO 9001 : 2015

ISO 14001 : 2015


OHSAS 18001 : 2007

GMP Certified

Organic Certified

Ph: 09-73142216

" 30 % ပေးချေပြီးသည် နှင့် သော့ရရှိနိုင်မည့် အခွင့်အရေး "













(36)လတိတိ အရစ်ကျပေးချေနိုင်သည့် အခွင့်အရေး.......

- လှိုင်သာယာမြို့နယ်စက်မှုဇုန်များ၏အနီးတွင်တည်ရှိသောကြောင့်စီးပွားရေးအတွက်အကွက်ကျသောနေရာ ..........
- ပန်းလှိုင်၊ ဘုရင့်နောင်၊ အောင်ဇေယျ၊ ရွှေပြည်သာ တံတားကြီးစသည်အနီးတွင်တည်ရှိ၍လွယ်ကူစွာသွားလာနိုင်သောနေရာ ..........
- နေထိုင်ရန်နှင့်စီးပွားရေးလုပ်ရန်အတွက်ပေါင်းစုထားသောနေရာ ............
- နေထိုင်သူများအတွက်အဆင်ပြေကျေနပ်မှုရှိစေရုံသာမက စီးပွားရေးလုပ်ရန်၊ ဆိုင်ခန်းဖွင့်ရန် ကောင်းမွန်သောနေရာ ..........
- ခေတ်မီကလေးကစားကွင်း၊ ဘောလုံးကွင်းနှင့်အားကစားလေ့ကျင့်နိုင်သည့် ပစ္စည်းများပါရှိမည်ဖြစ်သောကြောင့် လူကြီးလူငယ်အပန်းဖြေပျော်ရွှင်စေနိုင်မည့်နေရာ....




ဖုန်း-၆၅၀၁၅၃၅၊၆၆၆၆၀၈၃၊၆၅၀၁၃၄၆၊၀၉-၇၃၀၁၅၇၇၂၄၊၆၆၇၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

psb ACADEMY

စင်ကာပူ PSB Academy တွင် တက်ရောက်နိုင်မည့် ဘွဲ့ဒီဂရီများနှင့် University of Newcastle ၏ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ
“ပညာရေးဟောပြောပွဲ”

- School of Life & Physical Sciences
- School of Business & Management
- School of Engineering & IT
- School of Postgraduate Studies

PSB ACADEMY & UON ENGINEERING TALK

Saturday 23 JUNE

Time 2 pm - 4 pm .
Place Pinya Room, Level 3, Sule Shangri-La Hotel.

/eduGlobalVillage



Engineering Special Speaker
Dr. Hassan Ali
(University of Newcastle, Lecturer)

- အင်ဂျင်နီယာတစ်ဦး၏ အနာဂတ်စီမံခန့်ခွဲမှု၊ စိန်ခေါ်မှု များကို ဖြေရှင်းနိုင်ရန် တက်ရောက်သင့်သည့် အင်ဂျင်နီယာ ဘာသာရပ်များအကြောင်း
- အင်ဂျင်နီယာလုပ်ငန်းခွင်တွင် ကျွမ်းကျင်စွာစီမံခန့်ခွဲနိုင်ရန် University of Newcastle မှ ပေးအပ်မည့် အင်ဂျင်နီယာ ဘာသာရပ်များအကြောင်း

AT&S
Internatilanl Education Services
ရုံးချုပ်(ရန်ကုန်) - အဆောင်(၅)၊ အခန်း(၄)၊ အမ်အိုင်စီတီပက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ။
01- 65 23 20
09-799 595 949

## ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၇)၏(၂၉)နှစ်မြောက် ကျောင်းဆင်း နှစ်ပတ်လည်အခမ်းအနားဖိတ်ကြားခြင်း

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၇)၏ (၂၉)နှစ်မြောက်ကျောင်းဆင်း နှစ်ပတ်လည်အခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် သူငယ်ချင်းများ၊ မိသားစုများနှင့်ကျဆုံး၊ ကွယ်လွန်သူငယ်ချင်းများ၏ မိသားစုများပါတက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**(၁) ကျဆုံး၊ ကွယ်လွန်သူငယ်ချင်းများအား ရည်စူး၍ဆွမ်းဆက်ကပ်ခြင်းနှင့်သင်တန်းမှူးနှင့် နည်းပြဆရာများအားကန်တော့ခြင်း**

နေ့ရက်- ၂၃-၆-၂၀၁၈ရက်(စနေနေ့)
အချိန် - နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီထိ
နေရာ - ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်မြို့

**(၂)နှစ်ပတ်လည်အထိမ်းအမှတ်ညစာစားပွဲအခမ်းအနားကျင်းပခြင်း**

နေ့ရက် - ၂၃-၆-၂၀၁၈ရက်(စနေနေ့)
အချိန် - ညနေ ၆း၀၀နာရီမှ ည ၉း၀၀နာရီထိ
နေရာ - HOTEL YANGON(၈)မိုင်လမ်းဆုံ

ဆက်သွယ်ရန်- သက်မိုးလှိုင်-၀၉-၇၉၈၆၁၁၈၆၊ သန်းဆွေ-၀၉-၇၉၅၅၉၄၀၃၇၊ ရဲကျော်သူ-၀၉-၇၈၅၇၃၃၃၈၀၊ အောင်ကျော်-၀၉-၅၄၀၈၄၉၉၊ ရဲသိန်း-၀၉-၄၄၈၇၄၄၄၄၇

**လူမှုရေးကော်မတီ**

လှည်းတန်းစင်တာကွန်ဒို
(၁၅X၄၀)ပေ
ရောင်း- ၁၅၀၀ သိန်း
ငှား- တစ်လ - ၈ သိန်း
095012322,09770877057

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၂-၅-၂၀၁၈ ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၃)ကန့်ကွက်နိုင်ကြောင်းကြော်ငြာမရမ်းကုန်းမြို့နယ်၊ဒေါ်ရတနာသွန်း(ဒု-ဦးစီးအရာရှိ)(ဘီလစ်)၏ အရောင်းမြေပုံကူးတွင်မြေတိုင်း(၄၅/သမိုင်း) အစား(၄၅/ကံဘဲ့)ဟုအမှန်ဖတ်ရှုပါရန်။

**ရောင်းမည်**

သယ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ် (၃)၊ (၆)၊ (၈)၊ (၉)၊ လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိတိုက်ခန်းများကိုအမြန်ရောင်းမည်။ (B.C.Cရရှိပြီး)
ဖုန်း။ 09-5401011, 09-73095677,09-5002931

**သီဟလင်း**
အိမ်ပြောင်း / အိမ်ငှားလုပ်ငန်း
(10',14',16',18',22')ကားများဖြင့်လုပ်သားအပြီးအစီး
မြို့တွင်း / နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

**“ညီနှိုင်းဈေးဖြင့် (အမြန်) ရောင်းမည်” (ပွဲစားမလို)**

- ရန်ကင်း၊ဘောက်ထော် (30'x100') အကျယ်ရှိ 2RC,MBR-3 ဈေးနှုန်း - 6500သိန်း
- ဗဟန်း၊ကုက္ကိုင်းရေကူးကန်လမ်း (50'x70') အကျယ်ရှိ 1RC ဈေးနှုန်း - 6500သိန်း
- ကမာရွတ်၊ သံလွင်လမ်း (25'x 75') အကျယ်ရှိ 2BN ဈေးနှုန်း - 5600သိန်း
- မ/ဒဂုံ၊ ဗိုလ်မင်းရောင်လမ်းကျောကပ် (80'x60') အကျယ်ရှိမြေကွက် ဈေးနှုန်း - 900သိန်း

01 552742, 09 73500535, 09 5060940,09 5060938

## ကားရောင်းမည်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးပိုင် 4I/xxxx, Grand Starex, Hyundai, Model 2008(ခဲရောင်) အား ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသဖြင့် အမှတ်(၁၆)၊ ဝက်ဘာလမ်း၊ ဗဟန်းမြို့နယ်တွင် နံနက် ၉း၃၀မှ ညနေ ၄း၃၀နာရီထိ ရုံးချိန်အတွင်းလာရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

မိရိုးဖလာ စီမံခန့်ခွဲမှုနှင့် မလုံလောက်တော့သော ကိုယ်ပိုင်လုပ်ငန်းရှင်များအတွက်

STRATEGY FIRST INSTITUTE

own BUSINESS management
Level II Manage Your Business
သင့်လုပ်ငန်းကို စနစ်တကျ စီမံခန့်ခွဲနိုင်ဖို့နည်းလမ်းကောင်းများရှာဖွေပါ။

သင်ကြားမည့်ခေါင်းစဉ်များ

1. Soft Skills for Business Owners (စီးပွားရေးလုပ်ငန်းရှင်များအတွက် လိုအပ်သော စွမ်းရည်များ)
2. Principles of Management (စီမံခန့်ခွဲမှု သဘောတရားများ)
3. Managing Manufacturing & Operations (ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းစဉ်များ)
4. Managing Human Resources (လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲခြင်း)
5. Managing the Markets (ဈေးကွက်စီမံခန့်ခွဲခြင်း)
6. Managing Finances (ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲခြင်း)

ဇွန်လ (၂၇) ရက်နေ့ တန်းခွဲသစ်စမည်။



Lecturers' Profiles

ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်, Ph.D (Manchester), Former President's Economic Advisor.
ဒေါက်တာ ဒေါ်ဥမ္မာမြင့်, Ph.D (HRM, Delhi), M. Com, B. Com (Hons, YIE).
ဒေါ်ခင်နှယ်အုန်း, M. Com, B. Com (Hons, YIE).
ဒေါ်အေးအေးဝင်း, M.A (Int'l Business Studies, Sophia), M. Com, B. Com (Hons, YIE), Diploma in English.
ဒေါက်တာ ဦးစိန်မင်း, Ph.D Marketing (Passau, Germany),M.com,B.Com (Hons,YIE), (Academic Director , Strategy First Institute )
ဦးအောင်ချစ်ခင်, MBA (Nottingham), PG Dip M, Dip M (CIM, UK) (Founder/ Principal (Strategy First Institute).

Duration - (27 June 2018 to July 2018) | သင်တန်းကြေး - ၄၄၀,၀၀၀ကျပ်။ Schedule - Wed, Thu, Fri (9:00 AM to 12:00 PM) and Sat (9:00 AM to 4:00 PM)

Call Now : 09 250 7171 66

Galaxy Software




HotelPro®
ဟိုတယ်လုပ်ငန်းသုံးကွန်ပျူတာစနစ်

iStock®
ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်

CaféPOS®
စားသောက်ဆိုင်သုံးကွန်ပျူတာစနစ်

မြန်မာတစ်နိုင်ငံလုံးရှိမြို့ပေါင်း (၁၄၀) ကျော်တို့တွင် စီးပွားရေးလုပ်ငန်းပေါင်း (၃၀၀၀) ကျော်အသုံးပြုလျက်ရှိပြီး ကျွမ်းကျင်ဝန်ထမ်းပေါင်း (၁၂၀) ကျော်ဖြင့် အကောင်းဆုံးဝန်ဆောင်မှုပေးလျက်ရှိပါသည်။

Galaxy Software Co., Ltd.
GalaxySoftware   Galaxy.com.mm

| | | | |
|---|---|---|---|
| ရန်ကုန်(ရုံးချုပ်) | 09- 43064181, 09- 420909100 | ပုသိမ် | 09- 455042500, 09- 455042499 |
| မန္တလေး | 09- 440067577, 09- 978030881 | တောင်ကြီး | 09- 444200771, 09- 444200772 |
| နေပြည်တော် | 09- 257333214, 09- 974432762 | မြိတ် | 09- 424008080, 09- 955042499 |




# POWER UP WITH MAB AND BMW EASY LOAN.

**FREE INTEREST**
Avg 1 Year

**MINI 10%**
Down Payment

**MAX 5 YEARS**
Tenor

**FREE FUEL**
1,000 Lit

**FREE INSURANCE**
1 Year

**WARRANTY**
3 Years

**5 YEARS**
Maintenance or 60,000 km

**$400 LIFESTYLE**
Gift Voucher

**24 HRS**
Roadside Assistance

**INTEREST RATE**
13% per annum

**REPAYMENT**
Monthly

MABCALLCENTER : 01 8610612

## ဦးမျိုးမြင့်ဆွေ
### အသက်(၅၃)နှစ်
### ရုပ်ရှင်ဒါရိုက်တာ

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့ဟောင်းအမှတ်(၆)၊ စပယ်လမ်းနေ ဦးအုန်းကြည်-ဒေါ်နီနီတို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၁၀)၊ ဘုရင့်နောင်လမ်းနေ ဦးမောင်လှ-ဒေါ်စန်းတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဝေဘာဂီလမ်း၊ အမှတ်(၁၉)၊ ပထမထပ်နေ ဒေါ်သူဇာဝေ၏ ခင်ပွန်း၊ မောင်ဖြိုးမင်းသုတ၊ မောင်ဇွဲဘုန်းမြတ်ဆွေတို့၏ ချစ်လှစွာသောဖခင် ဦးမျိုးမြင့်ဆွေ(ရုပ်ရှင်ဒါရိုက်တာ)သည် ၁၅-၆-၂၀၁၈ ရက် ည ၁၁း၄၅ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၆-၂၀၁၈ ရက် နံနက် ၇နာရီတွင် အမှတ်(၁၉)၊ ပထမထပ်၊ ဝေဘာဂီလမ်းအလုံမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သောင်းသောင်း
### အသက်(၉၁)နှစ်

ပြင်ဦးလွင်လမ်း၊ အမှတ်(၅)၊ (၁၀)ရပ်ကွက်နေ ဆရာမကြီး ဒေါ်ဝါဝါခင်၏ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင် ဒေါ်သောင်းသောင်း အသက်(၉၁)နှစ်သည် ၁၆-၆-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ဆရာမကြီး ဒေါ်ဝါဝါခင်တို့၏မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၀-၁၉၇၄ တောင်ကြီးကောလိပ် ကျောင်းသူ/သားများ**

## ဝမ်းနည်းကြေကွဲခြင်း
### ကြည်း-၂၄၁၆၁
### ဗိုလ်ကြီးလှစိုးကျော်(ငြိမ်း)
### မြို့နယ်လျှပ်စစ်မန်နေဂျာ၊ ဗိုလ်တထောင်မြို့နယ်(ရန်ကုန်)
### အသက်(၅၂)နှစ်

ဒေါ်နီလာ(အထက-၁၊ ပုဇွန်တောင်)၏ ခင်ပွန်း ဗိုလ်ကြီးလှစိုးကျော်(ငြိမ်း) သည် ၁၆-၆-၂၀၁၈ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅) သီဟတပ်ခွဲ ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### မနှင်းနုကိုကို
### (စတုတ္ထနှစ်၊ ခရီးသွားလုပ်ငန်းပညာရပ်)၊ Tourism Management
### အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၊ ရန်ကုန်မြို့
### အသက် (၂၁) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၅၅)နေ (ဦးခင်ကို)-ဒေါ်သန်းသန်းဌေးတို့၏သမီး၊ မောင်ချစ်မင်းသွင်၊ မချယ်ရီကိုကို၊ မောင်ဖြိုးပိုင်ကို၊ မပန်းအိကိုကိုတို့၏ ညီမသည် ၁၅-၆-၂၀၁၈ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မိသားစု**

## ဦးသန်းဝင်း
### အသက်(၆၇)နှစ်
### ကျောင်းအုပ်ကြီး(ငြိမ်း)

ဘိုကလေးမြို့နေ (ဦးအောင်မြင့်-ဒေါ်မြလွင်)တို့၏သားကြီး၊ (ဦးအေးသန်း)-ဒေါ်စိန်မြတို့၏ သားသမက်၊ ဒေါ်မာမာအေး (ကျောင်းအုပ်ဆရာမကြီး၊ အမက-၁၊ လသာ)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဖြိုးညီညီ၊ မောင်ဉာဏ်လင်းအောင်တို့၏ မွေးသဖခင် ဦးသန်းဝင်း(ကျောင်းအုပ်ဆရာကြီး-ငြိမ်း)သည် ၁၇-၆-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အမက-၁၊ လသာ ၁၈ လမ်းထိပ် နေအိမ်နှင့် ဘိုကလေးအသင်းရုံးတို့မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့
ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)

## ဦးအေးမင်း(ခ)ဦးအောင်ဝင်း
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ (၁၅၆)လမ်း၊ အမှတ်(၁၃)၊ မြေညီထပ်နေ (ဦးလှစိန်-ဒေါ်မြညွန့်)တို့၏ သား၊ ဦးခင်မောင်ဦး၏ညီ၊ ကိုကိုနိုင်၊ ကိုခင်မောင်ထွေး၊ ကိုကျော်သက်စိန်-မမြတ်မြတ်သင်းတို့၏အစ်ကိုသည် ၁၇-၆-၂၀၁၈(တနင်္ဂနွေနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ညို (ခ) ဒေါ်ညို
### အသက် (၇၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း(၄၀)၊ အမှတ်(၂၇၉)၊ လေးလွှာ(ညာ)နေ (ဦးထိုင်ဝင်း-ဒေါ်မြသန်း)၊ (ဦးထွန်းကြည်)၏ချစ်လှစွာသောဇနီး၊ (ကိုဇော်ဇော်ထွန်း)-ဒေါ်ဥမ္မာသန်း၊ ကိုကျော်ကျော်ထွန်း-ဒေါ်ဖြူဖြူဖွေး၊ (ဦးသန်းထိုက်)-ဒေါ်မော်မော်ထွန်း၊ ဦးတင်ဝင်း(Panasonic)-ဒေါ်ခိုင်ခိုင်ထွန်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်ခင်ညို(ခ)ဒေါ်ညိုသည် ၁၇-၆-၂၀၁၈ ရက် ည ၉း၅၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်စံပယ်လှတင် (၅၆)နှစ်

ရန်ကုန်မြို့နေ (ဗိုလ်မှူးလှတင်-ဒေါ်ခင်သန်းနွဲ့)တို့၏သမီး၊ [ဗိုလ်မှူးစိုးနိုင်(ခ)ကိုကိုမောင်(တပ်မတော်-လေ)]၏ ချစ်လှစွာသောဇနီး၊ မဝင့်ဖြူကိုကိုမောင်(KBZ Training Center)၊ ဗိုလ်ကြီးဝင်းထက်အောင်-မရွှန်းလဲ့ကိုကိုမောင်တို့၏ချစ်လှစွာသောမိခင်၊ မစံရတီထက်၏ချစ်လှစွာသောအဘွား၊ ဦးတင်အောင်မိုး၏ ညီမသည် ၁၇-၆-၂၀၁၈ ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၆-၂၀၁၈(စနေနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ အမှတ်(၅၈၀/E)၊ ရွှေနှင်းဆီ(၅-B) လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဒုတိယဗိုလ်မှူးကြီးဘကြင်(ငြိမ်း) (၈၈)နှစ်
### ကြည်း-၇၅၇၇၊ ဗိုလ်သင်တန်းအပတ်စဉ်-၁၈
### မြောင်းမြမြို့နယ်အသင်းနာယက

မြောင်းမြမြို့နေ (ဦးသာကျော်-ဒေါ်ငွေသင်)၏ သား၊ ပြည်မြို့နေ (ဦးစန်းမောင်-ဒေါ်သိန်းရင်)၏ သားသမက်၊ ရန်ကုန်မြို့၊ တိုက်(၁၈)၊ အခန်း(၁)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်နေ (ဒေါ်တင်တင်မြင့်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမိုးကျော်ကျော်၊ ဒေါ်လှိုင်မိမိ၊ ဦးသီဟထွန်းခင်-(ဒေါ်မြိုင်မိမိ)၊ ဦးခင်မောင်သန်း-ဒေါ်ခိုင်မိမိ၊ ဦးသန်းဇော်ညွန့်၊ ဦးမောင်မောင်ညွန့်-ဒေါ်ခင်စန္ဒာစမ်း၊ ဦးဝင်းပန်ကြီး၊ ဦးဝင်းပန်လေး-ဒေါ်အေးအေးသန့်၊ (ဦးကိုကိုအောင်)-ဒေါ်စုစုထွန်းလှကြင်၊ ဦးမျိုးမြင့်အောင်-ဒေါ်ဖူလိုင်စိုးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၈-၆-၂၀၁၈(တနင်္လာနေ့) ညနေ ၅ နာရီတွင် ရန်ကုန်အထွေထွေဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၉-၆-၂၀၁၈ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
### ဟာဂျီမဒေါ်မော်(ခ)ဒေါ်ဇိုင်နပ်ဘီ
### အသက်(၈၄)နှစ်
### ဟင်္သာတမြို့

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ခြံအမှတ်(၂၂)၊ ဖိုးစိန်လမ်းနေ (ဟာဂျီဦးကရင်မ်(ခ)ဦးမောင်မောင်လေး)၏ဇနီး၊ ဦးတင်မောင်ဦး-ဒေါ်နော်မူးရာ၊ ဟာဂျီဦးစိုးတင့်-ဟာဂျီမဒေါ်စိုးစိုးမော်၊ ဒေါ်အေးအေးမော်၊ဦးမောင်မောင်-ဒေါ်ချိုချိုမော်၊ဦးမောင်မောင်အေး-ဒေါ်ချိုချိုညွန့်၊ ဟာဂျီဦးထွန်းထွန်း-ဟာဂျီမဒေါ်နီလာ၊ ဟာဂျီဦးလှဝင်း-ဒေါ်ပြုံးမြတ်မော်၊ (ဦးယာထွန်းအောင်-ဒေါ်ယုဇနဝင်း)၊ ဟာဂျီဦးရဲအောင်-ဒေါ်ဇင်မာတိုးတို့၏ မိခင် ဟာဂျီမဒေါ်မော်(ခ)ဒေါ်ဇိုင်နပ်ဘီသည် ၁၈-၆-၂၀၁၈(တနင်္လာနေ့) ည ၈း၁၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၁၉-၆-၂၀၁၈(အင်္ဂါနေ့) ဇဟိုရ်နမာဇ်အပြီး ရေဝေးစွန္နီကဘာရ်စတန်တွင် ဒါဖနာပြုလုပ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းသွင် (၈၄)နှစ်
### အထက်တန်းပြဆရာမ(ငြိမ်း)
### ဗဟန်း-၁၊ အင်းစိန်-၁၊ မြိတ်-၁

ရန်ကုန်မြို့၊ တိုက်အမှတ်(၇၃)၊ ပထမထပ်(A)၊ ဗားဂရာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးအုန်းသွင်-ဒေါ်ခင်ခင်လတ်)တို့၏သမီး၊ (ဒေါ်ခင်မေသွင်)၊ ဒုဗိုလ်မှူးကြီးသန်းထိုက်(ငြိမ်း)-ဗိုလ်မှူးဒေါ်ခင်စန်းသွင်(ငြိမ်း)တို့၏ညီမ၊ (ဦးသန်းအောင်-ဒေါ်ခင်အုန်းသွင်)တို့၏အစ်မ၊ ဒေါ်မေသန်းအောင်၊ ဦးဇော်ဖေဝင်း-ဒေါက်တာမေကြော့အောင်၊ ဒေါ်နွယ်နီအောင်တို့၏အဒေါ်၊ မောင်ဟိန်းထက်အောင်-မကေကေစံ(ခ)မသဥ္ဇာအောင်၊ မချစ်စုယမင်းအောင်၊ မောင်ဒယ်နီရယ်ဖေဝင်းတို့၏အဘွားသည် ၁၇-၆-၂၀၁၈ ရက် ည ၁၀း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၆-၂၀၁၈ (စနေနေ့) နံနက် ၁၀ နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
### ဦးလှဝေ(ခ)Tial Lian Thang
### 2nd Mate(F.G); MTS
### အမှတ်စဉ်(၅)
### MACS First Year 2018(MIT)
### အသက်(၆၀)
### (သင်းထောက်ကြီး၊ ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ ရန်ကုန်)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရွှေဝါမြိုင်တိုက်(၁)၊ အခန်း(၄၀၅)နေ [ဦးလျန်ကင်း(စက်ရှင်တရားသူကြီး)-ဒေါ်ဖွားခင်(အထက်တန်းသူနာပြု)]တို့၏ ပဉ္စမမြောက်သား၊ ဒေါ်စွန်တီရဲလ်၏တူ၊ မန္တလေးမြို့နေ (ဦးကျော်ဆွေ)၊ ဦးချစ်တင်-ဒေါ်ခင်မေတိုး၊ ဦးသာလှ-ဒေါ်လီလီကြည်၊ ဦးကြည်လှ-ဒေါ်ရီရီမြင့် တို့၏ညီ၊ Dr.Victor-ဒေါ်မြင့်မြင့်ကြည် (New-zaland)၊ ဦးဘိုဌေး-ဒေါ်ထျွန်းနွမ်တို့၏ အစ်ကို၊ ဒေါ်လျန်ကျဲရ် (သူနာပြုဆရာမကြီး၊ အရိုးအထူးကုဆေးရုံ-ကြည့်မြင်တိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ Emma Thian Tsin Mawi၊ Mary Cung Nei Mawi တို့၏ ချစ်လှစွာသောဖခင်သည် ၁၇-၆-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်ရန်ကုန်၌ ဈာပနဝတ်ပြုခြင်း အစီအစဉ်ပြုလုပ်ပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်၊
ရန်ကုန်

## ခရစ်တော်၌အိပ်ပျော်ခြင်း
### Dr. စံမင်းချို (Cyril Cho)
### အသက် (၉၃)နှစ်
### တိုင်းကျန်းမာရေးဦးစီးမှူး(ငြိမ်း)
### မန္တလေး

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၄၀)၊ ကန်လမ်းနေ (ဦးချို-ဒေါ်မြ ကြည်)တို့၏သား၊ (ဦးစံသာချို-ဒေါ်ထားတင်)တို့၏ညီ၊ (ဒေါ်ညွန့်ညွန့်ရွှေ)၏ ချစ်လှစွာသောခင်ပွန်း၊ Capt. ဦးညွန့်မင်းချို-ဒေါ်ဖြူဖြူဝင်း၊ ဦးဆန်းဝင်း-ဒေါ်ငွေနှင်းချို(အထက-၃၊ အင်းစိန်-ငြိမ်း)တို့၏ဖခင်၊ ဦးစံဝင်းချို (ဆ-သ-ရ၊ ငြိမ်း)-ဒေါ်မြင့်မြင့်ဝင်း၊ ဦးအောင်ဝင်းချို(မြန်မာ့ယူနီယံစာပုံနှိပ်တိုက်)-ဒေါ်ရီရီရွှေ၊ ဦးထိန်ဝင်းချို-ဒေါ်ထက်ထက်မြင့်၊ [ဦးအေးကျော်(ဦးစီးမှူး-ငြိမ်း၊ စ-စ-စ)]-ဒေါ်မြဝင်းချို(ဆ-သ-ရ၊ ငြိမ်း)တို့၏ဦးလေး၊ မြေး ၁၂ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၁၈-၆-၂၀၁၈(တနင်္လာနေ့) နံနက် ၆ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရွာမနှစ်ခြင်းအသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒုတိယရဲမှူးထွန်းမြတ်သန်း(ငြိမ်း)
### ပလစ(၂)၊ မာန်အောင်
### အသက် (၇၈) နှစ်

မာန်အောင်မြို့နယ်၊ မင်းဆိပ်ပြင်ရွာနေ(ဦးကျော်ဖလှ-ဒေါ်ဖြူမဦး)တို့၏ သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ (၁၈)လမ်း (အနောက်)၊ အမှတ် (၇၄၃/ခ)နေ ဒေါ်ခင်ညွန့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ဟန်မိုး-ဒုတိယရဲမှူးဝင်းမေ (သတင်းတပ်ဖွဲ့)၊ ဦးကျော်အောင်စိုး (ခေတ္တ-စင်ကာပူ)-ဒေါ်စမ်းစမ်းနွယ်၊ ဦးအောင်ကိုကို-ဒေါ်ယဉ်ယဉ်သိုက်တို့၏ချစ်လှစွာသောဖခင်၊ (ဦးဖြူသီး-ဒေါ်စိန်ဝင်းဖြူ)၊ (ဦးငချစ်-ဒေါ်မပု)၊ ဦးထွေးရီ-ဒေါ်သိန်းနုတို့၏ မောင်/အစ်ကို၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးထွန်းမြတ်သန်းသည် ၁၇-၆-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၅၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ကျိုက္ကစံ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၆-၂၀၁၈ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

### လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)
### ဒေါ်သိန်းမေ
### အသက်(၉၀)
### ကန်တော့ခံအဘွား

လပွတ္တာမြို့၊ (၅)ရပ်ကွက်၊ သိင်္ဂီလမ်း၊ အမှတ် (၈/၅)နေ (ဆရာကြီး ဦးအေးမောင်)၏ဇနီး၊ ကိုဇော်-မတူးမာ (တရားရေး)၊ ကိုသက်နိုင်-မတာ၊ ကိုကျော်ကျော်(အထက-၃၊ လပွတ္တာ)၊ (ကိုဖိုးလှိုင်)-မသင်းသင်းခိုင်တို့၏မိခင်သည် ၁၇-၆-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် လပွတ္တာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ သိစေရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဒေါ်ခင်စိန်(ခ)ဒေါ်အေးမြ
### (လောင်းလုံး)
### အသက် (၆၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ (က)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (၆၈)နေ (ဦးပျိုခင်-ဒေါ်အေးကြင်)တို့၏သမီး၊ ဦးကျော်ဖေ-(ဒေါ်လှကြူ)တို့၏ ညီမ၊ ဒေါ်လှတင်၊ ဦးဗိုလ်သိန်း-ဒေါ်သီတာတို့၏ အစ်မ၊ မကြူကြူဝင်း၊ မသီသီဝင်း၊ မမီမီဝင်း၊ မကေဇင်ဝင်းတို့၏အဒေါ်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ မကျီးတန်းအရှေ့မြောက်ရပ်ကွက်၊ စလင်းကွင်းအိမ်ရာ၊ လိုင်း(၁)၊ အခန်း(၃)နေ (ဦးဖေမြင့်-ဒေါ်ခင်မြင့်)တို့၏ သမီးချွေးမ၊ ဦးစိုးဝင်း(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ လုံခြုံရေးဌာန၊ သုဝဏ္ဏအားကစားကွင်း)၏ဇနီး၊ မောင်ကျော်မင်းထွန်း-မအေးအေးမိုးတို့၏အစ်မ ဒေါ်ခင်စိန်(ခ)ဒေါ်အေးမြသည် ၁၈-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ စလင်းကွင်းနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိုးမြင့်(ခ)တန်ဟုံလျှောင်(ခ) ဟုန်ရှန်(မြိတ်)
### အသက် (၅၈) နှစ်

မြိတ်မြို့နေ (ဦးမင်ငါး-ဒေါ်ရှုလွမ်)တို့၏သားကြီး၊ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ (၁၀)လမ်း၊ အမှတ်(၂၀)နေ ဒေါ်ဆိုင်ဟွာ၏ခင်ပွန်း၊ ဦးအောင်ရှိန်-ဒေါ်အေးအေးသွယ်၊ ဦးမောင်စိုး-ဒေါ်နီနီလွင်၊ ဦးအောင်စိုး၊ ဦးအောင်ဝင်း-ဒေါ်နွယ်နွယ်၊ ဒေါ်တင်တင်ဝေ၊ (ဦးမျိုးကျော်)၊ ဦးသန်းထွေး-ဒေါ်စန္ဒာတို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး ဦးစိုးမြင့်သည် ၁၇-၆-၂၀၁၈ (တနင်္ဂနွေနေ့) ည ၇း၄၅ နာရီတွင် ရန်ကုန်မြို့၊ အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုရဲမင်း(ခ)ကိုရဲထက်(မုံရွာ)
### အသက် (၃၃) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိလမ်း၊ အမှတ်(၁၄)၊ ခြေရင်းခန်းနေ [ဦးဇော်ဝင်း(မန်နေဂျာ)]-ဒေါ်ခင်ဌေးရီ(ငြိမ်း၊ အထက-၁၊ မုံရွာ)တို့၏သား၊ မြောက်ဥက္ကလာပမြို့နယ်၊ နွယ်နီ(၅)လမ်းနေ ဦးစိန်မြင့်-ဒေါ်မြင့်မြင့်တို့၏ သားသမက်၊ ကိုဇော်ထက်-မယဉ်ယဉ်ထွေးတို့၏ညီ၊ ကိုစိုးမြင့်-မဇင်ဝင်းဝင်းထက်တို့၏မောင်၊ ဒေါ်ခင်သန္တာမြင့်(၁) (လက်မှုကျွမ်းကျင်-၁၊ ကျောက်ရွှေး၊ ကျောက်စိမ်းရောင်းဝယ်ရေးဌာန)၏ ခင်ပွန်း၊ မထက်ယမုံခင်(ခ)တုန်တုန် (Wisdom Hill၊ မူကြို)၏ချစ်လှစွာသောဖခင်၊ တူ/တူမ လေးယောက် တို့ ဦးလေး ကိုရဲမင်း(ခ)ကိုရဲထက်သည် ၁၆-၆-၂၀၁၈ (စနေနေ့) နံနက် ၁၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
### Dr. စံမင်းချို (Cyril Cho) (၉၃)နှစ်
### တိုင်းကျန်းမာရေးဦးစီးမှူး(ငြိမ်း)မန္တလေး

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၄၀)၊ ကန်လမ်းနေ (ဦးချို-ဒေါ်မြကြည်)တို့၏သား၊ (ဦးဘကျော်-ဒေါ်စောမေ)တို့၏ သားသမက်၊ (ဦးစံသာချို-ဒေါ်ထားတင်)တို့၏ညီ၊ (ဒေါ်ညွန့်ညွန့်ရွှေ)၏ ချစ်လှစွာသောခင်ပွန်း၊ Capt. ဦးညွန့်မင်းချို-ဒေါ်ဖြူဖြူဝင်း၊ ဦးဆန်းဝင်း-ဒေါ်ငွေနှင်းချို (အထက-၃၊ အင်းစိန်-ငြိမ်း)တို့၏ ဖခင်၊ မောင်ဟိန်းသူထက်(FPII, UM2)၊ မောင်ရဲလင်းထက် (LAP, MIT)၊မောင်ဝေယံထက်(အ-ထ-က၊၁၊အင်းစိန်)တို့၏အဘိုးသည် ၁၈-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၆ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရွာမနှစ်ခြင်းအသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
### Topa taw maangkhawm
### Nu Cing Za Hau (၉၁)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Khuasak ကျေးရွာနေ Pu Lam Vungh- Pi Cing Khua Zamတို့၏သမီး၊ Buanman ကျေးရွာနေ Pu Thuam Ngin- Pi Awn Cing တို့၏သမီးချွေးမ၊ (Pa Ngin Za Thang-Nu Pau Ngiak)၊ (Pa Lua Cin Pau-Nu Lian Za Vung)တို့၏ညီမ၊ (Pa Thang Za Thawng-Nu Niang Za Cing)၊ Nu Man Dim-(Rev.Mang Khua Pau)၊ (Pa Mang Za Khai)-Nu Cing Za Ciin တို့၏အစ်မ၊ ဆရာမ Cing Za Man၊ Pa Thang Khan Do-ဆရာမ Neam Suan Dim၊ Miss Zam Huai၊ ဆရာမ Man Pum Vung (Malaysia)-ဆရာ Vum Thian Mang (Malaysia)၊ Miss Ngin Khan Neam၊ (Tg.Zam Thian Pau)၊ Pa Thang Son-Nu Do Khan Huai တို့၏မွေးသမိခင်၊ Pu Ngo Za Thang(RSM-Rtd)၏ချစ်လှစွာသောဇနီး၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား Pi Cing Za Hauသည် ၁၈-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၇နာရီတွင် အမှတ်(၉၀)၊ သီရိမင်္ဂလာလမ်းသွယ်(၇)၊ အရှေ့ရွာမ၊ အင်းစိန်မြို့နယ်နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်၊ ဗိုလ်မြတ်ထွန်းလမ်းရှိ ရန်ကုန်စီးယင်းနှစ်ခြင်းဘုရားရှိခိုးကျောင်း-YSBC၊ ယုဇနပိတောက်ကွေ့တို့မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်တင်မြင့်(ရွှေငါးသကြားလုံး-မော်လမြိုင်မြို့)
### အသက် (၇၈)နှစ်

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ တောင်ပေါ်တန်းလမ်း၊ အမှတ်(၁၂)နေ [ဦးလီရန်လင်း(ခ)ရန်လင်း]၏ဇနီး၊ ဦးအောင်မြင့်ဦး-ဒေါ်နွယ်နွယ်ရှိန်၊ ဦးမျိုးသန့်(ခ)ဟွာစွိ-ဒေါ်စိုးစိုးမေ၊ ဦးထွန်းမြင့်-ဒေါ်မိုးမိုးလွင်၊ ဦးအောင်လင်းဦး-ဒေါ်ရွှေစင်၊ ဦးစိုးဝင်းလှိုင်-ဒေါ်သင်းသင်းခိုင်တို့၏မွေးသမိခင်၊ မောင်မြတ်ကိုကို၊ မောင်ကောင်းထက်ဟိန်း၊ မယွန်းဝသုန်ဦး၊ မနေခြည်ထက်၊ မအိမ္မာကျော်၊ မောင်စိုးသီဟစံ၊ မစုရတီစံ၊ မောင်ဟန်နိုင်ဆက်၊ မမြဟေသီတို့၏ချစ်လှစွာသောအဘွားသည် ၁၈-၆-၂၀၁၈(တနင်္လာနေ့) နံနက် ၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၉၇၊ သရက်တော ၃ လမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးအေးပို (ခရမ်း)
### တိရစ္ဆာန်ဆေးကုဆရာဝန်(ငြိမ်း)
### အသက် (၇၁)နှစ်

သန်လျင်မြို့၊ ညောင်သုံးပင်ကျေးရွာ၊ ရွှေစင်လမ်းနေ (ဦးစိုးဝင်း-ဒေါ်ခင်ညွန့်)တို့၏သားကြီး၊ (ဦးသန်းမောင်-ဒေါ်ကျင်လွမ်)တို့၏သားသမက်၊ ဒေါ်ခင်ဝင်းကြည်၏ခင်ပွန်း၊ ဦးလှမြင့်-ဒေါ်ဖြူဖြူဝင်း၊ (ဦးထွန်းမြင့်)-ဒေါ်ခင်စန်းဝင်းတို့၏အစ်ကို၊ ဦးကျော်လင်းပို-ဒေါ်ဝင်းမာဦး၊ ဦးအောင်သူပို-ဒေါ်ခင်လေးမွန်၊ ဦးသော်မင်းပို၊ ဦးဟန်ငြိမ်းထွန်း-ဒေါ်သက်စုလင်းပိုတို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၇-၆-၂၀၁၈ ရက် နံနက် ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ရဲတပ်ကြပ်ကြီး ကျော်ဝင်း(ငြိမ်း)ယာဉ်ထိန်းရဲတပ်ဖွဲ့
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ သာယာကုန်းလမ်း၊ တိုက်(၃)၊ အခန်း(၆-ဒီ)နေ (ဦးအုန်းမောင်-ဒေါ်ခင်စော)တို့၏ သား၊ ဒေါ်အေးအေးအောင်၏ခင်ပွန်း၊ (ဦးကံမြင့်-ဒေါ်မြရီ)၊ (ဦးအောင်ကြည်)၊ (ဦးပေါက်စ)တို့၏ညီ၊ ဒေါ်စန်းစန်းမြင့်၊ ဦးခင်မောင်လွင်-ဒေါ်မိုးကြည်စင်တို့၏ အစ်ကို၊ ဦးမျိုးမင်းစင်၊ ဦးတေဇာဝင်းလှိုင်-ဒေါ်စောနန္ဒာအောင်တို့၏ဖခင်၊ မောင်မင်းသွေးဟန်၊ မောင်ကောင်းဆက်သော်တို့၏အဘိုးသည် ၁၇-၆-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၆-၂၀၁၈ (စနေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်ဇော်
### အသက် (၆၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ အေးချမ်းသာယာလမ်း၊ အမှတ်(၂၉၁/၄၂)နေ [ဦးကောက်-ဒေါ်အုန်းကြည်(ဘိုးဘိုးအောင်ဆေးတိုက်)]၏မြေးကြီး၊ (ဦးစံရီ)-ဒေါ်သန်းမြင့်တို့၏သားကြီး၊ (ဦးတင်လှိုင်)-ဒေါ်သိန်းလှတို့၏သားသမက်၊ ဦးလင်းဇော်-ဒေါ်ကြည်ကြည်ဆွေ၊ ဦးအောင်ဇော်-ဒေါ်ညိုညိုစိုး၊ ဦးလှထွန်းအောင်-ဒေါ်ခင်မိုးသူတို့၏အစ်ကိုကြီး၊ (ဒေါ်ချိုချိုလှိုင်)၏ခင်ပွန်း၊ မောင်ရဲမြတ်သော်(အေးရိပ်သာအထူးကုဆေးခန်း)၊ မလင်းလဲ့ဝင်းအိ(ချစ်ချစ်)တို့၏ချစ်လှစွာသောဖခင်၊ ကိုစိုးလူဇော်-မဝေမာဌေး၊ မနှင်းနုဝေ၊ မောင်မင်းကောင်းခန့်၊ မပြည့်ဖြိုးလျှံတို့၏ ချစ်လှစွာသောဘကြီးသည် ၁၇-၆-၂၀၁၈ (တနင်္ဂနွေနေ့) ည ၈း၅၃နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နှလုံးကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၈ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်

## မောင်တောဒေသအတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် တည်ဆောက်ရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှု

**စစ်တွေ ဇွန် ၁၈**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၇ ရက် နံနက်ပိုင်းက စစ်တွေမြို့သို့ ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကုလသမဂ္ဂဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် OCHA ရုံးသို့ သွားရောက်ပြီး OCHA နှင့် INGOs အဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့်အဖွဲ့ စစ်တွေမြို့ သက္ကယ်ပြင်ကျေးရွာရှိ IDP Camp တွင် နေထိုင်ကြသည့် မိသားစုဝင်များအား တွေ့ဆုံစဉ်။




မြန်မာ-ထိုင်း နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်တန်းခရီးစဉ် ရန်ကုန်မြို့မှ စတင်ထွက်ခွာစဉ်။

# မြန်မာ-ထိုင်း နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်တန်းခရီးစဉ် စတင်

**နေပြည်တော် ဇွန် ၁၈**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းသည် Myanmar Heritage Trail Tourism Rally အမည်ဖြင့် တစ်နှစ်လျှင် နှစ်ကြိမ်စီ ကျင်းပလျက်ရှိရာ မြန်မာ-ထိုင်းနယ်စပ်ဖြတ်ကျော် Outbound ခရီးစဉ်ကို ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေး မှူးချုပ် ဦးမြင့်ထွေး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဥက္ကဋ္ဌ ဒေါ်မေမြတ်မွန်ဝင်းနှင့် တာဝန်ရှိသူများက ယနေ့တွင် ဖွင့်လှစ်ခဲ့သည်။

ယခုကျင်းပသော ခရီးစဉ်သည် မြန်မာ-ထိုင်း ချစ်ကြည်ရေးကို ပိုမိုတည်တံ့စေရန်နှင့် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းရှင်များ အနာဂတ်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်း၏ စီစဉ်မှုဖြင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် အဖွဲ့ဝင်စုစုပေါင်း ၇၄ ဦးတို့သည် မော်တော်ယာဉ် ၂၆ စီး ဖြင့် ယနေ့မှစတင်ကာ ဇွန် ၂၃ ရက်အထိ ရန်ကုန်-ထားဝယ်(ထီးခီး)-ကန်ချနဘူရီ-ပီဆန်နူလော့ခ်-ဆူကိုထိုင်း - တက် - မဲဆောက် - မြဝတီ-ဘားအံ-ရန်ကုန်ခရီးစဉ်အဖြစ် သွားရောက်မည်ဖြစ်သည်။

ပထမအကြိမ်ခရီးစဉ်ကို Miss Myanmar International (2015) Top 20 ဖြင့် ရန်ကုန်-ပြည်-သရေခေတ္တရာ-မကွေး-ပုဂံ-နေပြည်တော်-ရန်ကုန်၊ ဒုတိယအကြိမ်အဖြစ် ရန်ကုန်-တောင်ငူ-တာချီလိတ်-ကျိုင်းတုံ၊ တတိယအကြိမ်အဖြစ် ရန်ကုန်-မြောက်ဦး-ငပလီ-ချောင်းသာ၊ စတုတ္ထအကြိမ်အဖြစ် ရန်ကုန်-ထားဝယ်-မြိတ်ကော့သောင်း၊ ပဉ္စမအကြိမ်အဖြစ် ရန်ကုန်-စစ်ကိုင်း-ရွှေဘို-ကသာ-ကော့သောင်း-မုံရွာ ခရီးစဉ်တို့သို့ သွားရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# မြန်မာအမျိုးသမီးအသင်း ၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲ အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဇွန် ၁၈**

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်မည့် အပြီးသတ်ကစားသမား ၂၃ ဦးစာရင်းကို ဇွန် ၁၈ ရက်က ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မူလက ဇွန် ၁၈ ရက် ညနေပိုင်းတွင် လေ့ကျင့်ရန် စီစဉ်ထားသော်လည်း ကစားသမားများ နားရက်တစ်ရက်အနားရရန် လေ့ကျင့်မှုရပ်နားခဲ့ခြင်းဖြစ်ပြီး ဇွန် ၁၉ ရက်တွင် ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။

**စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ❍**




မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတွင် ပထမဆုံးရွေးချယ်ခံရသည့် လူငယ်ကစားသမား ယမင်းလွင်။

ရွှေလမင်းဆေးရုံများတွင် မိုးရာသီကာလ(၁.၆.၁၈ မှ ၃၁.၈.၁၈) ရက်နေ့အတွင်း အခန်းခများကို30% Discountနှင့် (Medical Check Up Package) ကျန်းမာရေးစစ်ဆေးခြင်းများကိုအထူးလျှော့ဈေးပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်သည်။

ရွှေလမင်းဆေးရုံ(၁) : အမှတ်(၁၂၅၄)၊ သုဝဏ္ဏလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ Hot Line : 01-655612

ရွှေလမင်းဆေးရုံ(၂) : အမှတ်(၁၅/၁၉)၊ ဇော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်။ Hot Line : 01-2301949

ရွှေလမင်းဆေးရုံ(၃) : အမှတ်(၃၂)၊ ဗိုလ်စောမောင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ဟင်္သာတမြို့။ Ph:044-2022799,2022801

ရွှေလမင်းဆေးရုံ(၄) : အမှတ်(၁)၊ ရှမ်းစုလမ်း၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့။ Ph-057-2026202,2026387

ရွှေလမင်း ဆေးရုံ